

VIEW
PUBLISHED BY VIEW
ဈား
နွေရာသီနဲ့လိပ်ပြာရဲ့ဆည်းဆာ
Degital Art: Idea Kyaw & Wai Yan

# အခန်း(၁)

"လှတယ် ဟုတ်လား၊ ဘယ်လောက်ထိ လှတဲ့ မိန်းမမျိုးမင်းမြင်ဖူးလဲ"

အဆီပြန်နီရဲနေသည့် မိုးစျာန်မျက်နှာက မျက်ကြောစင်းစင်းတွေကို ကြယ်တာရာက မကျေမနပ်ကြည့်သည် ။

"မင်းက ဘာကြည့်နေတာလဲ။ ငါ့ကို တစ်ခုခုပြန်ပြောဖို့ မင်းပါးစပ်ထဲကို လက်နက်တွေ စုဆောင်းနေတာလား"

ဟင့်ခနဲရယ်၍ ကုန်ခန်းနေသည့်ဖန်ခွက်ထဲကို အရက်ဖြည့်သည် ။ ကြယ်တာရာက ဆံပင်ခပ်ဖွဖွ လူကသိုးညှင်းညှင်းနှင့် သူပြောသမျှကို

ရှိသလို လှော်သလိုလုပ်နေသည့် မိုးချာန်ကို စူးစိုက် ကြည့်နေဆဲမှ ...

“ကျွန်တော့်ကောင်မလေးကို ကိုကြီးက မမြင်ဖူးဘဲနဲ့ ကိုကြီးတစ်ယောက်တည်း အမှတ်ပြည့် ပေးထားတဲ့ အဲဒီတစ်ယောက်ကိုချည်းပဲ အပြင်ကို ဆွဲထုတ်နေရတာလဲ”

“ဟ ...မင်းပြောတာ မှားနေပြီ။ အဲဒီတစ်ယောက်ကို ကိုကြီးတစ်ယောက်တည်း အမှတ်ပြည့် ပေးထားတာ မဟုတ်ဘူး ”

ဓာတ်ပြားဟောင်းကြီး ဖွင့်တော့မည်။

ကြယ်တာရာ နှုတ်ခမ်းမွှဲ၍ တစ်ဖက်မှာ သွားထိုင်သည် ။

သူငယ်ချင်းတွေက ပြုံးစိစိနှင့် ကြည့်နေကြသည် ။

မိုးချာန်က အရက်ခွက်ကိုင်လျက် သူတို့ ဝို

င်းထဲရောက်အောင် လာဝင်ထိုင်၏။

"အချစ်နဲ့ မိန်းမကို တွဲစပ်ဖို့ အလှအပဆို တာကို ကိုကြီးလုံးဝကို စိတ်မဝင်စားခဲ့တာ မာ မီ တို့ ကို မင်းမေးကြည့်လိုက်ရရင် သိမှာ ပါ"

စကားစလိုက်တော့လည်း ဂီတာပိုက်ရင်း သီချင်းစာအုပ်ကိုင်ရင်းနဲ့ ပဲ သူတို့ အုပ်စု ကိုယ်ကြီး မိုးဈာန်မျက်နှာကို လှမ်းကြည့်ဖြစ်ကြသည် ။

ကြားလည်း ကြားဖူးခဲ့သည် ၊ သွားလည်း သွားဖူးခဲ့သည် ၊ ကွယ်ရာရောက်လျှင် ပြုံးပြ တာလည်း ရှိ၏။

ဒါပေမဲ့ ကိုကြီးမိုးဈာန် တမ်းတမ်းတတ ပြောလာတဲ့ အခါတိုင်း နားထောင်မိခဲ့ကြတာ လည်း ငြီးငွေ့သည် မရှိခဲ့ပါ။

အစက ခန့်မည့်ချောမည့်ပုံရှိသော ကိုကြီးမိုးဈာန်မျက်နှာလည်း ဆေးတက္ကသိုလ်

က ကထိက ဟောင်းဟူသော လက်ကျန်ဂုဏ်ပု ဒ်လေးနှင့် ခန့်ထည်နေဆဲပါ။

ဒါပေမဲ့ အရက်သမားမို့ အရက်သမားရုပ် က ဖုံးဖိလို့ မရ။

"ကိုကြီးဆိုရင် လူကခပ်ငယ်ငယ်၊ ကထိက ဆိုတဲ့ အဆင့်နဲ့ ကိုကြီးကို သဘောကျတဲ့ မိန်း မကြီး မိန်းမငယ်တွေ အများကြီးပေါ့။ ကိုကြီး ဘာကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး "

"ဟုတ်တယ်လေ၊ ကိုယ်ထင် ကုတင်ရှေ့နန်းတဲ့ ၊ ကိုကြီးကြိုက်တာတွေ့ တော့ လှသွား တာပေါ့။ ဒါ...မဆန်းပါဘူး"

"ဆန်းတာပေါ့ ညီလေးရာ၊ အဲဒီမိန်းမတစ် ယောက်ကြောင့် ကျောင်းသားတွေ လေလွင့်သွား ဖူးတယ်၊ ဆေးတက္ကသိုလ်ဆိုတဲ့ ကျောင်းတော်ကြီးကိုရောက်အောင် ကျားကု တ်ကျားခဲ ကြိုးစား ခဲ့ကြပြီးမှ ရည်ရွယ်ချက်

တွေ အပျက်ခံပြီး လေလွင့်ကုန်ကြတာ။ စိတ်နာတာ မခံချင်တာ မမြင်တွေ့ ချင်တော့တာ အများကြီးပေါ့”

“ဒါနဲ့ သိပ်လှတာဆို၊ ဘာလဲ ...မာယာတွေ သုံးနေလို့ လား”

“သူ့မှာ ဘာမာယာမှ မရှိဘူး၊ ဒါပေမဲ့ မုန်းတီးစရာကောင်းတာ သူ့မာနပဲ၊ မိန်းကလေး အတော်များများ ဟာ ယောကျ်ားလေးတွေ အငြိုးထားမှာ ကို လန့်ကြတယ်။ သူက ဒီလို မဟုတ်ဘူး ၊ ဘယ်သူ့ကိုမြင်မြင် ဂရုမစိုက်ဘူး၊ အပြောရင့်တယ်၊ ပြတ်သားတယ်၊ သူ့ကြောင့် အုတ်အော် သောင်းနင်းဖြစ်ကုန်ကြတဲ့ ယောကျ်ားတွေရဲ့ အမျိုးမျိုးကြိုးစားမှုတွေကို လွတ်အောင်ရှောင်တယ်၊ ကျောင်းပြီးသွားတဲ့ အထိ ဘယ်ယောကျ်ားကိုမှ ဂရုစိုက်ခဲ့တာမရှိဘူး”

ကြယ်တာရာက တိုက်ဖျက်ဖို့ အဆင်သင့်ဖြ

စ်နေသည့်မျက်နှာနှင့် ခပ်မဲ့မဲ့ပြန်ကြည့်ကာ...

"တော်ပါ ကိုကြီးရာ၊ တက္ကသိုလ်မှာ ကွင်းဆိုတဲ့ မိန်းမ ဘယ်လောက်လှသလဲ၊ မမြင်ဖူးတဲ့ တောသားတစ်ယောက်ကို သွားကြွားစမ်းပါ၊ ကိုကြီးပျော့ညံ့လို့ အရက်သမားဖြစ်ခဲ့တာနဲ့ ဒီမိန်းမကို သိက္ခာတွေ တင်ပေးမနေပါနဲ့ "

မိုးချောန်က မချိတရိပြုံး၍ ဖန်ခွက်ထဲကအရက်ကို အကုန်မော့ပစ်လိုက်သည်။

"ကိုကြီး အရက်သမားဖြစ်တာ သူနဲ့ ဘာမှ မဆိုင်ပါဘူး ညီလေးရာ၊ ကိုကြီးကို မိန်းမ ပေးစားဖို့ ပြန်လာဖို့ ဒယ်ဒီတို့ က မန္တလေးကနေ လှမ်းခေါ်တယ်၊ ကိုကြီး မသွားခဲ့ဘူး၊ ဒါကို စိတ်ဆိုး ပြီး ဒယ်ဒီတို့ ကိုကြီးဆီထွက်လာကြတယ်။ အဲဒီမှာ ပဲ ကားမှောက်လို့ ဒယ်ဒီနဲ့ မာမီ နှစ်ယောက်လုံး ဆုံးသွားတယ်၊ ကိုကြီး ကိုယ့်ကို

ယ်ကို မိဘစကားနားမထောင်မိခဲ့လို့ ဆိုတဲ့ နောင်တနဲ့ ဒဏ်ခတ် နေတာ။ အရက်သောက်ပြီး မူးယစ်ရီဝေနေတဲ့ အရသာ ကို မက်မောနေတာ"

"မူးယစ်ရီဝေနေတဲ့ ကြားထဲမှာ အဲဒီမိန်းမ မျက်နှာကြီးကို တဝဲဝဲမြင်မနေဘူးလား၊ မာမီ တို့ မိန်းမပေးစားတာကို မယူနိုင်တာ အဲဒီမိန်း မကြောင့် မဟုတ်ဘူး လား"

"ဟုတ်တယ်...အားလုံးမှန်တယ်၊ ဒါပေမဲ့ အရက်သောက်တာ သူနဲ့ မဆိုင်ဘူး"

ဟံသာက သီချင်းစာအုပ်ကိုငုံ့မကြည့်ဘဲ ဟို ဒီလှန်လှောရင်း ကိုကြီးမိုးစျာန်ကို ငေးကြည့် နေ သည် ။

လေးညို့က ကိုယ်ကို ရှေ့အနည်းငယ်ကိုင်း ၍ ...

"သူက ကျောင်းပြီးတဲ့ အထိ ဘယ်ကယော

ကျားနဲ့ မှ မချစ်ခဲ့ဘူးဆိုပြီး ကိုကြီး အရက်သမား ဖြစ်ခဲ့တာက ဘယ်ကဏ္ဍနဲ့ ဆက်စပ်သွားတာလဲ"

ညီဖြစ်သူရဲ့ သူငယ်ချင်းတွေကို ကိုကြီးမိုးဈာန်က ချစ်စနိုးမျက်လုံးများ နှင့် ရီတီတီဝေ့ကြည့်သည်။

"ခံစားလွှမ်းကျန်ခဲ့ပါတယ်ဆိုမှ မရခဲ့လို့ပေါ့ညီလေးရာ၊ ယောကျ်ားတွေထဲမှာ သူ့အရေးပေး ဆက်ဆံခဲ့တာ ကိုကြီးတစ်ယောက်ပဲရှိတယ်၊ အဲ့...ကိုကြီးက ကထိကကိုး၊ သူ့အနားမ ၂၁ နေခဲ့ရတဲ့ အချိန်လေးတွေကို ခုနေပြန်တွေးမိရင်တောင် လွှမ်းရဆွေးရကျိုးနပ်ပါတယ်"

မလွယ်ပါလားဟူသောအတွေးနှင့် လေးညီ့မျက်ခုံးတွေ ပင့်တက်သွားတော့ ကြယ်တာရာက အသံမထွက်အောင် ရယ်သည်။

မပြောဘူးလားဆိုသည့် သဘော။

မိုးစျာန်ကတော့ ဘယ်သူ့မျက်နှာကိုမှ ဆက်ကြည့်နေတာမဟုတ်ဘဲ ခံစားချက် အပြည့်နှင့်သာ သူ့စကားသူ ခရီးနှင်နေလေသည် ။

"ဒါပေမဲ့ ... တကယ်တမ်း ကိုကြီးဖွင့်ပြောလိုက်တော့ သူကပြုံးတယ်၊ လှလိုက်တာကွာ သူပြုံးလိုက်တာများ ၊ ကောင်းကင်ပြာပေါ်ထိုးတက်ဖြာထွက်သွားတဲ့ မီးရှူးမီးပန်းတွေ လင်းလက် သွားတာကို မော့ကြည့်ငေးမောနေရသလိုပဲ၊ သူရှိတဲ့ နေရာမှာ အားလုံးဟာညပဲ၊ သူ့ကိုယ်ပေါ်မှာ ပဲ အလင်းရှိတယ်၊ သူ့ရဲ့ အလင်းဟာ မာကျူရီလိုတောက်ပပြီးစူးရှတယ်၊ မြင်တဲ့ လူတိုင်းရဲ့ ရင်ကို ပြင်းပြင်းထန်ထန် လှုပ်ခါပူးကပ်စေတယ်။ ဒါပေမဲ့ ... လူတိုင်းမက်မောနေကြတာ ဘာဖြစ်လို့ လဲ"

"ခပ်ကြောင်ကြောင်လူတွေ မို့လို့ ပေါ့"

ကြယ်တာရာက သူ့ချစ်သူကို လှောင်ရယ်ထားသည့် မိုးစျာန်ကို မကျေနပ်နိုင်၊ စကားကောင်း ပြောဖို့ ပင် မကြိုးစားခဲ့ပါ။

"ကြောင်ရုံဘယ်ကမလဲ၊ သူ့ရဲ့ အလှမှာ ယစ်မူးပြီး ရူးသွပ်ကုန်ကြတာ ကိုကြီးက ထိပ်ဆုံးကပေါ့"

"ဘာမှ ဆိုင်ခဲ့တာ မဟုတ်ဘဲနဲ့ များ ဘဝပျက်ခံပြီးတော့ ကိုကြီးရာ၊ ခုလောက်ဆို ဟိုကလင်နဲ့ သားနဲ့ ဘဝပြောင်းနေလောက်ပြီ ..."

"ဟုတ်မှာ ပေါ့...ဒါက သူ့ဘဝပဲလေ၊ အချစ်ဆိုတာ မပိုင်ဆိုင်ခဲ့ရပေမယ့်လည်း တငွေ့ငွေ့ကျွမ်းပြီး ပြာကျလုလု အငွေ့အသက်တွေထဲက လူးလွန့်နေတဲ့ ပုံရိပ်လေးကိုဖြစ်ဖြစ် ဖက်တွယ်ခံစားချင်တာ၊ အသည်းသာ ပူလောင်ပြင်းပြီး ပြာကျချင်ကျမယ်၊ အချစ်ကို ပြာချပစ်လို့ ရတာမှ မဟုတ်တာကွ"

ကြယ်တာရာက နှာခေါင်းတစ်ချက်ရှုံ့၍ ထရပ်လိုက်၏။

"ကဲ ... လာကြ ...ငါတို့ ခြံထဲဆင်းတီးရအောင်၊ ကိုကြီးနားမှာ နေရင် ငါတို့ ပါ မီးပုံထဲခုန်ချမိ ကြလိမ့်မယ်၊ မလွယ်ဘူး"

တိုးသဲ့သောရယ်သံတွေ ထွက်လာသည် ။

မိုးစျာန်က ဟက်ခနဲရယ်၍ အရက်ကုန်နေပြီဖြစ်သည့် ဖန်ခွက်ကို လှည့်ပတ်စိုက်ကြည့် နေသည် ။

အားလုံး ကိုကြီးမိုးစျာန်ကို ကျောခိုင်းထွက်လာခဲ့ကြ၏။

လက်ရိုး မလာသေးဘူးကွ၊ ဖုန်းဆက်ကွာ

"ဆက်မနေနဲ့ ၊ ကားသံကြားတယ်... လာပြီ
"

သူတို့ ဆင်ဝင်အောက်ရောက်သည် နှင့်

ကားက ဝေါကနဲထွက်လာကာ သူတို့ ရှေ့မှာ ထိုးရပ် သွားသည်။

"ဘယ်ကို ကြွကြမလို့ လဲ...ဒါက"

ကြယ်တာရာက
အိမ်ပေါ်ကိုမေးဆတ်ပြရင်း...

"ဟိုမှာ လေ ထွန်းအိန္ဒြာဗို"

"ဓာတ်ပြားဟောင်းလေးတစ်ချပ်" ကို ဆိုလိုတာဖြစ်သည်။

လက်ရုံးက ကားပေါ်ကဆင်းရင်း ပြုံးလိုက်သည်။

"မင်းကလည်း သူ့အသည်းနှလုံးနဲ့ ချစ်တာပဲ၊ ပြောတာဆိုတာလေးတော့ နားထောင်ပေးလိုက်ပါကွာ"

"ဒါပဲဥစ္စာကွာ...နားငြီးတာပေါ့၊ အခု ငါက မီမီဆွေဘက်ကို စေ့စပ်ကြောင်းလမ်းပေးဖို့ ကို

ယ့်ကောင်မလေးကို ဘယ်လိုလှလို့ ဘယ်လိုစွဲ လမ်းကြောင်းပြောပြတာ လှတယ်ဆိုတာကိုပဲ သူက လက်မခံနိုင်တာကွ၊ ရှေးဟောင်းနှောင်း ခတ်ထဲက ဥမ္မာဒန္တီ ဝင်စားတယ်ဆိုတော့ရော ငါတို့ မှ ဥမ္မာဒန္တီကို မမြင်ဖူးတာ ဘာလုပ်ရမှာ လဲ၊ သူ့ခေတ်ပြားထဲက မိန်းမတစ်ယောက်ကိုပဲ အလှဆုံး အချောဆုံးဆိုတော့ ...”

“အဲဒီတော့လည်း သူ့နေရာမှာ ခဏလေးဝ င်ခံစားပြီး ခေါင်းညိတ်ပေးလိုက်ကွာ”

“ညိတ်တာပဲကွာ၊ ခုဟာက မီမီထက်လှတ ယ်ဆိုတော့ ငါတင်းတာပေါ့”

“အေးလေ၊ မင်းတောင်မှ မီမီထက်လှတယ် ဆိုတာကို မခံချင်တာ၊ သူကဘဝပျက်မတတ် စွဲလမ်းခဲ့တဲ့ သူပဲ၊ ဒီလောက်တော့ တင်းစားမှာ ပေါ့၊ လျှော့မတွက်နဲ့ တာရာ၊ ကိုကြီးလိုလူမျိုး တောင် အရက်သမားကြီး ဖြစ်ကျန်ခဲ့တယ်ဆို

တော့ စာဆိုထဲကအတိုင်းဖြစ်နိုင်တယ်”

“လက်ရုံး တော်ကွာ၊ ငါ …မင်းနဲ့ ဆက်မဖြ
စ်ချင်ဘူး”

“ဟား …ဟား”

ရည်းစားထိလို့ ကျွဲမီးတိုနေသည့် ကြယ်
တာရာကို သူတို့ ဝိုင်းရယ်မိကြသည် ။

မိဘတွေမရှိကြတော့သည် မို့ ညီအစ်ကိုနှစ်
ယောက် အတော်ချစ်ကြပါသည် ။ ဒါပေမဲ့
ကိုကြီး မိုးဈာန် အရက်သောက်နေရသည့်
အကြောင်းအရင်းကိုသိ၍ မကျေနပ်ခဲ့သော
ကြယ်တာရာ ကလည်း ဒီအကြောင်းပါလာလျှ
င် မကြိုက်တတ်။

ပြောချင်တဲ့ လူကလည်း
အရက်ကလေးတမြမြနဲ့ ဇွတ်၊ နားမထောင်ချင်
တဲ့ လူကလည်း ငြူငြူ စူစူ၊ ရယ်စရာတော့အ
ကောင်းသား။

# အခန်း(၂)

"ဘုန်းလက်ရုံး"တဲ့ ၊ ဒီနာမည်ကိုက အချိုးမပြေတာ၊ ဒီနာမည်ကြောင့် မင်းသား ဒီလိုဖြစ်နေ တာ"

"သားငယ်က ဘာဖြစ်နေလို့ လဲ ...ကိုထွန်း"

ဒေါသဖြစ်နေသည့် မျက်နှာကြီးက ဒေါ်ယဉ်မင်းစံဘက်ကို ချက်ချင်းလှည့်လာ၏။

"ဘာဖြစ်နေလို့ လဲ ...ဟုတ်လား၊ မင်းသားတက္ကသိုလ်စရောက်ကတည်းက ပွေရှုပ်လာခဲ့တာ၊ အခု ဘွဲ့ရပြီးပြီ၊ ကြာလေပိုဆိုးလေ၊ မင်းသားကို မင်းရော...နိုင်သေးရဲ့ လား"

“ဘာဖြစ်လို့ မနိုင်ရမှာ လဲ ကိုထွန်း၊ သား က စုံစကားဆိုနားထောင်ပြီးသာပဲ၊ ကိုထွန်းပြောချင် တာကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ”

“ပွင့်ပွင့်လင်းလင်းပြောရမှာ တောင် ရှက် တယ်၊ မင်းသား ရည်းစားတွေလျှောက်ထားပြီး ကိုယ်မယူနိုင်ဘဲနဲ့ ...”

“ဟင် ...မယူနိုင်ဘဲနဲ့ သားက ဘာတွေကျူး လွန်ထားလို့ လဲ၊ ဘယ်သူနဲ့ လဲ ပြောစမ်းပါ”

“မသိဘူး၊ အဲဒါ ...ခင်ဗျားသားလာမှ ခင်ဗျားသားကိုမေး၊ ဒီနေ့လယ်က ငါ့ဆီကို မိန်းကလေးတစ်ယောက် ဖုန်းဆက်တယ်၊ မင်း သားလှည့်စားတာကို ခံလိုက်ရတာ၊ သူ ...မ ကျေ နပ်ဘူးတဲ့ ၊ သူ့အစ်မအစား သူ တစ်ခုခု တုံ့ပြန်ရမှ ကျေနပ်မယ်တဲ့ ”

“သူ့အစ်မက ဘာဖြစ်နေလို့ လဲ”

"လာပြန်ပြီ၊ အဲဒါ ...မင်းသားကိုမေးလေ၊ ငါမေးရရင် ဒီကောင်ကို ငါဆွဲထိုးမိလိမ့်မယ်၊ ဘယ့်နှယ်ဗျာ...သားလေးတစ်ယောက် မွေး ထားမိပါတယ်၊ ငြိုဟ်တုနဲ့ ဒုံးပျံနှစ်စီး ပူးထား တဲ့ နောက် ဆွဲလိုက်နေရသလိုပဲ"

"အို့ ...ဒီကိစ္စက သားနဲ့ မဆိုင်ပါဘူး၊ စုံ သားအကြောင်း စုံသိတယ်၊ သားလေးက ရုပ် ချောတော့ ပေါ်လွင်တယ်၊ မိန်းကလေးတွေကို က စကြ၊ ရိကြတာ ကျောင်းကတည်းကဥစ္စာ၊ ခုခေတ်ရည်းစားထားတယ်ဆိုတာ ဟိုခေတ်က လို လသာသာ ကန်ဘောင်ရိပ်မှာ ခိုးတွေ့ကြ တာ မျိုး မဟုတ်ဘူး ၊ အစ်ကိုဆူမှာ စိုးလို့ ကော က်ရိုးပုံကြားထဲ တိုးဝှေ့ခိုးတွေ့ကြတာ မဟုတ် ဘူး ၊ တွဲကြ၊ သွားကြ၊ ရုပ်ရှင်ကြည့်၊ စားသော က်ဆိုင်ထိုင်...ဒါပဲ"

"ဒါပဲ ...မင်းမြင်တာကိုး"

"မမြင်လည်း သိတယ် ကိုထွန်း၊ မိကောင်းဖခင်သာသမီးဟာ သူများ သားသမီးကို စော်ကားဖို့ ဝန်လေးတတ်ကြတယ်၊ စံတို့ သားကပိုတာပေ့ါ၊ သားကို ငယ်ငယ်ကတည်းက စနစ်တကျ ထိန်းကျောင်းမွေးခဲ့ရတာ။ သူ့အစ်မကဆို မောင်လုပ်တဲ့ သူ့ကို သားသမီးလို တယုတယချစ်ခဲ့တာ၊ ဒီလိုကလေးမျိုးက အဖေနဲ့ အမေနဲ့ လက်ပေါ်ကနေ သူများ သမီးမိန်းကလေးကို စော်ကားမယ် တဲ့ လား"

"ဟုတ်ပါတယ် ဖေဖေရယ်၊ မောင်လေးကရည်းစားများ ပေမယ့် စည်းကမ်းရှိပါတယ်၊ သမီးက သမီးမောင်ကို ဘယ်မိန်းမနဲ့ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားပ့ါမလား၊ မောင်လေးရည်းစား ထားတိုင်းသမီးသိတယ်"

ပန်ကေသီက သိုးမွေးအနွေးထည်လေး ထပ်ဝတ်နေရင်း နောက်ခန်းထဲက ထွက်လာသ

ည်။

"လှည့်စားတယ်ဆိုတာကတော့ သူတို့ ကချစ်တယ်၊ မောင်လေးက ခပ်ပေါ့ပေါ့ သဘောထားပြီး နောက်တစ်ယောက်နဲ့ တွဲမယ်၊ ဒါကို ပြောတာပဲနေမှာ ပေါ့"

သမီးရောက်လာတော့ ဒေါ်ယဉ်မင်းစံ အားရှိသွားကာ "ဘယ့်နှယ့်လဲ" ဆိုသည့်သဘောနှင့် ယောက်ျားဖြစ်သူကို ခပ်စူးစူး ပြန်ကြည့်နိုင်လာ၏။

ဦးမင်းမြတ်ထွန်းက လက်မလျှော့ဘဲ...

"ဘာဖြစ်ဖြစ် မလိုချင်ဘူး၊ အခု ငါပြောချင်တဲ့ အဓိကက ဒီကောင့်ကို မိန်းမပေးစားဖို့ ပဲ၊ ဘွဲ့လည်း ရပြီ၊ အသက်လည်း မငယ်တော့ဘူး၊ ပွေတာရှုပ်တာလည်း ငါမကြိုက်ဘူး၊ အကောင်းဆုံးက မိန်းမပေးစားလိုက်ဖို့ ပဲ"

"အို ...ကိုထွန်းကလည်း သမီးတောင် အိမ်

ထောင်ကျသေးတာ မဟုတ်ဘူး ၊ နောက်ကား က ကျော်တက်လို့ ဖြစ်မလား”

“နောက်ကားတွေ ရှေ့ကားတွေ ငါမလိုချင်ဘူး၊ လောလောဆယ်ဖြစ်နေတာကို လောလော ဆယ် ဖြေရှင်းရမှာ ပါ၊ မင်းသားကို မင်း မပေးစားဘူးဆိုရင် ငါကိုယ်တိုင်ပေးစားမယ်၊ အဲဒါ … အမြန်ဆုံးစဉ်းစား”

ဦးမင်းမြတ်ထွန်း ခြေလှမ်းကျဲများ နှင့် အပေါ်ထပ် တောက်လျှောက်တက်သွားသည် ။

ဒေါ်ယဉ်မင်းစံက သမီးဖြစ်သူကို မျက်နှာ ညှိုးလျက်နှင့် ကြည့်ကာ…

“ကဲ …ဘယ်လိုလုပ်ကြမလဲ၊ ညည်းမောင် ကိုက ဆိုးနေတာ”

“မေမေကလည်း မောင်လေးကမဆိုးပါဘူး ၊ ဖေဖေက အထင်လွဲနေတာ”

ဒေါ်ယဉ်မင်းစံ ခေါင်းခါလိုက်သည်။

"မေမေလည်း သားကို မတော်တရော်တွေ နဲ့ တွေ့သွားမှာ စိုးတယ် သမီး၊ သူလည်း အရွယ်ရောက်နေပြီ၊ အိမ်ထောင်ချပေးဖို့ သင့်တာ တော့ အမှန်ပဲ"

ပန်ကေသီက မျက်မှောင်လေးကုတ်ထား ကာ...

"သမီးကတော့ မောင်လေးကိုနမြောတယ် မေမေ၊ ဒီအတိုင်းလှလှပပလေးပဲ ကြည့်နေ ချင်တယ်၊ သူလည်း အိမ်ထောင်ရေးကို စိတ်ဝင်စားမှာ မဟုတ်သေးဘူး၊ စိတ်ညစ်လက်ညစ်နဲ့ အိမ်ထောင့်တာဝန်ကြီး ထမ်းခိုင်းသလိုဖြစ်နေရင် မောင်လေး သနားပါတယ်"

"ဒီလိုဆိုလည်း စိတ်ညစ်ညစ်မဖြစ်ရအောင် ညည်းမောင်ကို မေးကြည့်လေ။ သူ့ရည်းစား တွေထဲက ဘယ်သူ့ကို အချစ်ဆုံးလဲလို့ ၊ သင့်

တော်မယ်ထင်ရင်လည်း စီစဉ်ပေးလိုက်တာပေါ့"

မောင်ဖြစ်သူကို အိမ်ထောင်သည် အဖြစ်နဲ့ကို လက်မခံနိုင်သော ပန်ကေသီက မျက်နှာ မကောင်း။

သို့သော် မိဘကပြောနေတာလည်း ဟုတ်နေပြန်တာမို့ မငြင်းသာ။ မေးဆိုတဲ့ အတိုင်းတော့ မေးရပါဦးမည်။

*

# အခန်း (၃)

"ဟယ်လို ..ဘယ်သူနဲ့ တွေ့ချင်လို့ ပါလဲရှင်
"

"ဪ ... မမလား၊ ကိုကို့ရဲ့ အစ်မထင်တယ်၊ ဖုးက ... ကိုကို့မိတ်ဆွေပါ၊ အခု ..ကိုကိုရှိလားဟင်"

ပန်ကေသီ မျက်မှောင်လေးတွန့်ကာ ဖုန်းကိုပြန်ကြည့်မိသည် ။ ပြီးမှ နားမှာ ပြန်ကပ်ကာ...

"ကိုကိုဆိုတာကို အရင်ရှင်းပါဦး၊ ဒီမှာ ကိုကိုမရှိဘူး"

ဖုန်းထဲက ရယ်သံညက်ညက်လေး ထွက်

ပေါ်လာသည်။

"မမ ....ဟို...ကိုကိုဆိုလိုတာကလေ..."

ဘာကိုပြောရမှန်းသိလျက်နဲ့ တမင်မေးလိုက်တာမို့ ဖြေတဲ့ လူကလည်း ခပ်ပြောင်ပြောင်ပဲ ပြန်ပြောတော့မှာ ကို ပန်ကေသီ မလိုလားစွာ နားစိုက်ထောင်နေဆဲ ဖုန်းကို တစ်စုံတစ်ယောက်က ဆွဲယူသွားလေသည်။

"အပျိုကြီးဆိုတာ သမီးရည်းစားဆက်တဲ့ ဖုန်းတွေ နားမထောင်ရဘူး မမရဲ့"

ဘုန်းလက်ရုံးက ရယ်၍ ဖုန်းနားထောင်သည်။

"မမ"

"ဟော့ ...ကိုယ်ပါ၊ ဖူးထင်တယ်"

"ကိုကို ...ဟုတ်တယ်၊ တော်သေးတာပေါ့ ကိုကိုရယ်၊ ကိုကို့အစ်မ မေးခွန်းတွေထုတ်နေ

တာ ကို ဒီမှာ စာစီနေရတာတစ်လုပ်"

ပန်ကေသီက လက်ရုံးနားမှာ လက်ပိုက်လေးရပ်နေလျက်နှင့်...

"ဘယ်ကိုမှ ချိန်းဖို့ စိတ်မကူးနဲ့ နော်မောင်လေး၊ မင်းကို မမခေါ်စရာရှိတယ်"

"ဟင်"

ဘုန်းလက်ရုံးက အစ်မဖြစ်သူကို ဖုန်းပြောရင်း လှည့်ကြည့်၍ လက်ကာပြ၏။

ဖုန်းပြောနေတာ
ဒီလောက်ကြာတော့လည်း ပန်ကေသီဒေါသဖြစ်လာသည် ။ အနားမှာ ကပ်ရပ်ကာ မျက်နှာကိုတင်းပြတော့ လက်ရုံးက ရယ်လျက်ဖုန်းချလိုက်သည် ။

"မမကလည်း ဗျာ ဘာမှန်းမသိဘူး"

"ဘာမှန်းမသိစရာလား၊ မင်းကို မမ လေး

နာရီကတည်းက စောင့်နေတာ၊ များ လိုက်တဲ့ လမ်း၊ အခု ငါးနာရီကျော်နေပြီ၊ ဆေးခန်းသွားဖို့ က နောက်ကျနေပြီ"

"ဆေးခန်းကို မမက ဘာသွားလုပ်မှာ လဲ"

"ဩော် ...ဒီမှာ နေမကောင်းနေတာ ဘယ်လောက်ကြာပြီလဲ၊ လူမမာကြီးလို ခွေခေါက် မနေချင်လို့ သွားလာနေတာ၊ ညညဆို အိပ်လို့ မရ မိုးလင်းတော့ရင်တုန်၊ အစားပျက်၊ ကိုယ့်အစ်မ မျက်နှာ ဒီလောက်ပိန်ကျသွားတာကို နည်းနည်းလေးတောင်မှ သတိမထားမိဘူးလား"

"မမကလည်း ..."

"ဘာမမကလည်း လဲ၊ အခု ...ဘယ်ကပြန်လာတာလဲ၊ တစ်ယောက်နဲ့ သွားတွေ့ပြီး တစ်ယောက်နဲ့ ဖုန်းဆက်၊ မောင်လေးနော် မင်းကို ဖေဖေ အရမ်းစိတ်ဆိုးနေတာ သိလား၊ နည်းနည်းပါးပါး ဆင်ခြင်ဦး"

"ဘယ်ကလာ တစ်ယောက်နဲ့ သွားတွေ့ရမှာ လဲ၊ ကျွန်တော်ကားဝယ်ရောင်း လုပ်မလို့ ၊ ကိုကိုစိုး နဲ့ လိုက်နေတာ၊ ရည်းစား ဆိုလို့ လက်ကျန်လေး ဒီတစ်ယောက်ပဲရှိတော့ တယ်"

"လက်ကျန်လည်း မထားနဲ့ ၊ အသစ်လည်း မတွဲနဲ့ ၊ မင်းကို ဖေဖေအိမ်ထောင်ချပေးမလို့ တဲ့ "

"ကောင်းသားပဲ မမရဲ့ ၊ ကိုယ်တိုင်ရှာရတာ ရွေးစရာတွေများ ပြီး ဟု န်နေပြီ၊ လူကြီးတွေ ရွေးပေးတော့ သက်သက်သာသာလေး ရွေးယူ ရုံပဲ"

ဘုန်းလက်ရုံးက ဘာတစ်ခုမှ အလေးအန က်ထားပုံ မရှိ။

လူပျိုဆိုသည့် လွတ်လပ်မှုများကို မက်မော ခုံမင်နေသလိုရှိပေမယ့် အိမ်ထောင်သည် ဘဝ

ဆိုတာကို အလွယ်တကူ လက်ခံပေးဖို့ လည်း ဝန်လေးပုံမရှိ။

သူ့မှာ တော့ ကိုယ့်မောင်လေး ခါးခါးသီး သီးဖြစ်သွားရင် ချော့မလို့ ခြောက်မလို့ စကား လုံးတွေ ရွေးထားလိုက်ရတာ။

"ဖေဖေက မောင်လေးကို ရွေးခွင့်ပေးမှာ မ ဟုတ်ဘူး ၊ သူ့သဘောက တော်တာနဲ့ လက်ထ ပ် ပေးမှာ ၊ မင်းက ယူမှာ ပဲလား"

ဘုန်းလက်ရုံးက ဆိုဖာကိုလက်တင်ပေါ်က နေ နောက်ပြန်ထိုင်ချကာ အစ်မဖြစ်သူကို ရယ် ကျဲကျဲနှင့် ပြန်ကြည့်သည် ။

"မမက ဖေဖေ့ကို လျှော့တွက်နေပြန်ပြီ၊ မေ မေ့ကိုကြည့်ပါလား၊ ဘယ်လောက်လှလဲ၊ ခုချိန် ထိ နန္ဒာလှိုင်တို့ ချောတာကို စိန်ခေါ်ရဲသေးတ ယ်၊ ကိုယ့်သားလေးအတွက် ရွေးကာမှ ခပ်ညံ့ ညံ့ ဖြစ်နိုင်ပါ့မလား"

"ညှိခဲ့ရင်ကောကွာ"

"ဒါတော့ဘယ်ရမလဲ၊ တစ်သက်လုံး ပေါင်းသွားရမယ့်ဟာ၊ ဘယ်ကပြန်လာလာ ဘယ်အချိန် ကြည့်ကြည့် အမောပြေတဲ့ ရုပ်ရည်ရူပကာတော့ ရှိကိုရှိမှ ဖြစ်မှာ "

"ပန်ကေသီ "နောက်ဆုံးတော့ ဒါပဲ"ဟု ပြောကာ မောင်ငယ်ခေါင်းကို ခပ်ဖွဖွလှမ်းခေါက် သည် ။

"ကဲ ...ထပါ၊ တော်ကြာ ဆေးခန်း လူများနေတော့မှာ ပဲ"

"မမက တော်တော်ကြာမှာ ပေါ့"

"လူများ နေရင်တော့ စောင့်ရမှာ ပေါ့၊ ဒါပေမဲ့ အလွန်ဆုံးနာရီဝက်ပဲ"

"ဒါဆို ဒီလိုလုပ်မယ်၊ မမကို ကျွန်တော် ဆေးခန်းမှာ ချထားခဲ့မယ်၊ ပြီးမှ ..."

“ပြီးမှ လာပြန်ခေါ်လို့ မရဘူး၊ အတူတူပဲ မ င်းရှိမှ ရမယ်၊ ဒါပဲနော် ...မောင်လေး၊ ခုနက တည်းက ကြိုပြောထားပြီးသား၊ ဘယ်သူနဲ့ မှ မချိန်းနဲ့ ”

“လွဲနေပြန်ပြီ ...မမရာ၊ ကောင်မလေးနဲ့ ချိ န်းထားတာမဟုတ်ပါဘူး”

“ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ ဘယ်မှ မသွားရဘူးကွာ”

နှစ်ယောက်သား ကားပေါ်ရောက်လာတဲ့ အထိ လက်ရုံးက ဘယ်သူ့ကိုမှ မကြည့်အား သေးပါ။

*

## အခန်း (၄)

"ဟောတော့ ...ဆရာဝန်တောင် ဂျူတီချိန်း သွားပြီ၊ မမပြနေတဲ့ ဆရာဝန်မရှိတော့ဘူး"

"အထဲမရောက်သေးဘဲနဲ့ "

"ဩော် ...ဟိုမှာ ကားအဖြူလေးမတွေ့ဘူး လား၊ မမကို ကုပေးနေတဲ့ ဆရာဝန်က ကား အနက်နဲ့ ၊ အဲဒါ ...မင်းကြောင့်၊ စကားတွေ ပြောနေရင်းနဲ့ နောက်ကျသွားတာ"

ပန်ကေသီက ကားပေါ်က ဆင်းရင်း မကျေ မနပ်ပြောသွားသည် ။

ဆေးခန်းက အတော်လေးကျယ်ဝန်းပြီး အ ထဲမှာ ဓာတ်ခွဲစမ်းသပ်ခန်းပါ ရှိနေသည် ။

လူနာတွေကလည်း လူနာထိုင်ခုံများမှာ ပြည့်ကျပ်လျက်။ ဆေးခန်းရှေ့မှာ လည်း ကိုယ်ပိုင်ကားနဲ့ ဆိုက္ကားတွေ ပြည့်ညပ်နေ၏။

"လူတွေအများကြီးပဲ မမရာ၊ သေချာတယ်၊ အကြာကြီးစောင့်ရမှာ "

နောက်က လျှောက်လိုက်လာရင်း လက်ရုံးက ညည်းညူနေသည် ။

ဆရာဝန်တွေက အများကြီးပဲမောင်လေးရဲ့ ။ မျက်လုံးအထူးကုတို့ ၊ အရိုးအကြောအထူးကုတို့ သူ့အခန်းနဲ့ သူ။ ဟိုမှာ ဗိုက်ကြီးသည် တွေ မမြင်ဘူးလား၊ အဲဒါက သားဖွားမီးယပ်ဆီ လာကြတာ၊ တချို့ကသွေးစစ်ကြမှာ ၊ မမက အထွေထွေအထူးကုဆီ ဝင်မှာ ၊ တစ်ခန်းထဲအားလုံးစုပြုဝင်ဖို့ စောင့်နေကြတာမှ မဟုတ်တာ"

ပန်ကေသီက အနွေးထည်လေးကို သေသပ်အောင်ပြုလုပ်ရင်း စာရေးမလေးစားပွဲကို

လျှောက်သွားသည်။

"ဒေါက်တာသန်းထွန်းဦး ဂျူတီချိန်းသွားပြီလား ညီမ"

"ဟုတ်ကဲ့ ...မမ၊ အထဲမှာ ဒေါက်တာရှိပါတယ်၊ အတူတူပါပဲ"

"အေးကွယ် ...ဘယ်နှယောက်လောက် စောင့်ရဦးမလဲ"

"သုံးယောက်ရှိတယ်...မမ၊ မမနာမည် ပြောပါ"

စာရင်းပေးထားပြီး ပန်ကေသီစောင့်နေတော့ လက်ရုံးက ရှေ့က ကွမ်းယာဆိုင်မှာ စီးကရက် တစ်ဘူး သွားဝယ်နေသည်။

စီးကရက်တစ်လိပ်ထုတ်သောက်၍ အချိန်ဆွဲနေရင်း လှမ်းကြည့်လိုက်တော့ ပန်ကေသီကို မတွေ့တော့သဖြင့် သူဆေးခန်းရှိရာ ပြန်

လျှောက်လာခဲ့သည် ။

ကားနားမှာ ရပ်၍ ဘောင်းဘီထဲလက်နှိုက် ရင်း ခပ်နွဲ့နွဲ့မှီထားလိုက်သည် ။

အစကတော့ မမထွက်အလာကို စောင့်နေ ရုံပဲဖြစ်သော်လည်း မျက်လုံးတို့ က စာရေးမ လေး စားပွဲနောက်က ကန့်လန့်ကာ အဖြူလေး ချထားသော အခန်းရဲ့ နဖူးစည်းပေါ်က ဆိုင်း ဘုတ်ပြား လေးဆီ ရောက်သွားခဲ့၏။

"ဒေါက်တာ ချစ်ရိပ်မေ့မှူး"

M.B.B.S.(Rgn)

နာမည်ကိုဖတ်လိုက်မိရင်း မှီနွဲ့နေသည့်သူ့ ကိုယ်က အလိုလို မတ်သွားမိလျက် ဆေးခန်း ဆီကို စိတ်ဝင်စားစွာ လျှောက်သွားမိလေသည် ။

ထို့နောက် အစကတည်းက ဘာကိုမှ ဂရုမ

စိုက်တတ်သောအကျင့်က စာရေးမစားပွဲကို ကျော်ကာ ခန်းဆီးစကို ဆွဲဖယ်ကြည့်ပြီးသားဖြစ်သွား၏။

ခန်းဆီးစ လှုပ်ခါသွားသည် နှင့် ဖျတ်ခနဲလှည့်ကြည့်လိုက်သော မျက်နှာလေးကို မြင်လိုက်ရ စဉ် သူ ဟာခနဲဖြစ်သွားလေသည် ။

ပင့်တက်ပြေးကပ်သွားသော မျက်တောင်ရှည်များ အောက်မှ ညိုလဲ့သော မျက်ဝန်းလေး အစုံကို အံ့သြစွာ ငေးကြည့်လိုက်မိတာ ခဏလေးဖြစ်သည် ။

သို့သော် သူ့အခန်းထဲ ရောက်သွားခဲ့ပြီ ဖြစ်၏။

ပန်ကေသီက လူနာခုတင်ပေါ်မှာ ဖြစ်ကာ ချစ်ရိပ်မေ့မှုးဆိုသည့် မျက်ဝန်းညိုလေးများ ပိုင်ရှင်က နားကြပ်နဲ့ စမ်းသပ်နေသည် ။

"မောင်လေး ...မမပိုက်ဆံအိတ် ခဏယူ

ထားစမ်း"

ပန်ကေသီက ပိုက်ဆံအိတ်လှမ်းပေးတော့ သူယူ၍ အနားမှာ ချကာ ခုတင်ကို မှီရပ်နေ လိုက်သည်။

ဘေးတစောင်းလေးပေမယ့် စိမ်းလဲ့ဝင်းဖန့်နေသည့် ပါးပြင်လေးပေါ်က ယှက်ဖြာနေသော သွေးကြောမျှင်လေးတွေကို မြင်နေရသည်။

ဝင်းကြည်နေသော အသားရောင်လေးက ခြေဖျားလက်ဖျားလေးတွေထိ နုဖပ်ဝင်းစက်နေသည်။

အပေါ်ကလင်းနေသည့်
မီးချောင်းအရိပ်ကြောင့် ထူးထဲရှည်ကော့နေသည့် မျက်တောင်တို့ ရဲ့ အရိပ်က ပါးမို့ထက်မှာ ထင်နေသည်။

ဘုန်းလက်ရုံး စူးစိုက်ငေးကြည့်ရင်း စီးကရက်တရှိုက်ကို ခပ်ဖွဖွလေး မှုတ်ထုတ်လိုက်သ

ည်။

မျက်နှာလေးရှေ့မှာ မီးခိုးပြာပြာလေးတွေ ဝေ့ဝဲသွားတော့ သူ့ထံသို့ မကျေနပ်သော မျက်ဝန်းစူးစူးလေး ဒိုင်းခနဲ ပြေးဝင်လာ၏။

ဘုန်းလက်ရုံး ဖျတ်ခနဲ မျက်စိမှိတ်ပြလိုက်သည်။

ဒေါသရောင် ထင်းခနဲဖြစ်သွားပြီးမှ မျက်နှာလွှဲ၍ ဆေးထိုးဖို့ ပြင်နေသည်။

ပန်ကေသီ အားလုံးကိုမြင်လျက် မောင်ဖြစ်သူကို နှုတ်ခမ်းကိုက်မျက်လုံးပြူးကာ မလုပ်ဖို့ အမူအရာနှင့်တားမြစ်၏။

ပက်လက်ကနေ ထိတ်ထိတ်ပျာပျာ တားဆီးနေပုံကိုကြည့်ကာ လက်ရုံးက ပခုံးတွန့်ပြသည်။

သူ ...နောက်တစ်ခါ စီးကရက်မီးခိုးတွေ

ထပ်လွင့်တော့သူမက တည့်တည့်ရင်ဆိုင် ကြ ည့်ကာ…

"မင်း …စီးကရက်သောက်ဖို့ အပြင်မှာ နေ ရာတွေ အများကြီးရှိတယ်၊ ဒါ …လူနာနေတဲ့ အခန်း၊ အပြင်ထွက်ပေးပါ"

"ဒါ …ကျွန်တော့်အစ်မ၊ ကျွန်တော် မစောင့် ရဘူးလား"

"အဲသလောက် မလိုပါဘူး၊ အခန်းအပြင်က စောင့်လို့ ရတယ်"

"ကျွန်တော်က ဒီမှာ ပဲ စောင့်ချင်တာ"

"ဒါဆို မင်းဆေးလိပ်ကို မီးသတ်ပြီး ဟိုအမှ ိုက်ပုံးထဲထည့်လိုက်ပါ "

"အိုကေ"

သူ စီးကရက်မီးကို လက်ညှိုးလက်မနဲ့ ညှပ် သတ်၍ ပုံးထဲပစ်ထည့်လိုက်သည် ။

သူ့ပုံစံ မထိတထိကို ကြည့်မရစွာ ခပ်စူးစူးကြည့်လာသော မျက်လုံးလေးတွေကို နှုတ်ခမ်း လှုပ်ရုံလေး ပြုံးပြကာ လက်ရုံးကနာ ခေါင်းတစ်ဖက် တွန့်ပြသည်။

ချစ်ရိပ်မေ့မှူးဆိုသော မိန်းမတစ်ယောက် ရင်ထဲမှာ ထိုအချိန်မှ စ၍ စွဲလောင်သွားသော အမုန်းမီးပွားသည် ...။

*

# အခန်း (၅)

"မေမေ့သား တကယ်ကိုဆိုးတာ ...သိလား ၊ ဒေါက်တာကိုတောင် ချမ်းသာမပေးဘူး"

"ဘာဖြစ်လာကြတာလဲ"

ပန်ကေသီက ပိုက်ဆံအိတ်လေးကို ဆိုဖာပေါ်ပစ်ချကာ နွမ်းယဲ့စွာ ထိုင်ချလိုက်သည် ။

မောင်လုပ်သူကို တားရဆီးရတာနှင့် ဆရာဝန် ဘာမေးလို့ ဘာတွေပြန်ဖြေခဲ့မိမှန်းပင် မသိတော့။

ဘုန်းလက်ရုံးက စပ်ဖြဲဖြဲမျက်နှာနှင့် ဒေါ်ယဉ်မင်းစံနားမှာ ကပ်ထိုင်လိုက်သည် ။

ဒေါက်တာက ဘာမို့လို့ ချမ်းသာပေးရမှာ လဲ၊ မမ…မမြင်ဘူးလား၊ ဒီလောက်လှနေတာ ကို မြင်လိုက်ရတဲ့ ဟာ၊ ဘယ်ယောကျ်ားက ဣန္ဒြေကြီးနဲ့ နေနိုင်မှာ လဲ"

"မင်းကိုက လွန်တာ၊ လှလို့ ကြည့်တာ ကြည့်ပေါ့၊ မေမေ့သားက ဒေါက်တာကို မျက်စိမှိတ်ပြ၊ နှာခေါင်းရှုံ့ပြနဲ့ …သိလား၊ ပန်အားနာလိုက်တာ အရမ်းပဲ"

"ဟုတ်လား …သား"

"ဘာဖြစ်လဲ မေမေရ၊ သူ့ကို ကျွန်တော် ကိုယ်ထိလက်ရောက် စော်ကားတာမှ မဟုတ်တာ "

"ဒါတော့ …ဒါပေါ့ သားရယ်၊ ဆရာဝန်တောင် ဖြစ်နေပြီဆိုတော့ အသက်က ငယ်တော့ မလား၊ ပြီးတော့ ဒီလောက်တောင်လှနေရင် သူ့မှာ အိမ်ထောင်မရှိဘဲ နေမတဲ့ လား"

"ဟာ ...အဲဒါတော့ လုံးဝသေချာတယ်၊ သူ ..
.အပျိုပါ"

ပန်ကေသီက နှုတ်ခမ်းလေးမဲ့၍ ...

"သူက သိလိုက်ပြန်ပြီ"

"ဟုတ်တယ်၊ အဲဒါ အမှန်တရားပဲ။ မြင်လိုက်တာနဲ့ ခံစားလိုက်မိတာ၊ ကျွန်တော် အဲဒီတစ်ယောက်ကို မေ့လို့ မရတော့ဘူး"

"သိသားပဲ ...ဖြစ်တော့မယ်ဆိုတာ"

"အဲဒါမျိုး မဟုတ်ဘူး နော် မမ၊ ရင်ထဲမှာ တကယ်ပါလာတာ၊ "ချစ်ရိပ်မေ့မှူး"တဲ့ ရှားတယ်"

"ဟုတ်တယ် ...မေမေ၊ လှတာတော့ ရက်ရက်စက်စက်ပဲ၊ ဝင်သွားကာစကဆို ပန်စကားပြောဖို့ တောင် မေ့သွားတယ်။ ဘာ ကာလာမှ မပါဘဲ သူ့မျက်နှာလေးကိုက သဘာဝအ

တိုင်း ကာလာတွေဖြစ်နေတာ၊ မျက်တောင်ကြီးတွေဆိုတာ အတုတပ်ထားသလိုပဲ ရှည်ပြီး ထူပိန်း ကော့ပျံနေတာပဲ၊ ဒီလောက် ဆွဲဆောင်ကောင်းတဲ့ အလှမျိုး မြင်ကိုမမြင်ဖူးသေးဘူး၊ ကိုယ်လုံး ကလည်း လှ၊ အရပ်ကလည်း မြင့်၊ ဆံပင်တွေ နောက်မှာ ကလစ်နဲ့ ညှပ်ချထားတာ တင်ပါးထိ ရှည်တယ်၊ အရမ်းကျက်သရေရှိတာပဲ"

"ဒီလောက်တောင်ပဲလား"

"သာတာပေါ့။ မမ ... ဆက်ပြောပြ လိုက်လေ၊ ဘယ်လောက်လှတဲ့ နှင်းဆီနီဖြစ်ဖြစ် သူ့နှုတ်ခမ်းလေးကို မီမှာ မဟုတ်ဘူး ၊ အဆစ်ကလေးတွေမြုပ်ပြီး ဖောင်းအိနေတဲ့ လက်ချောင်းလေးတွေသွယ်နေတာ ကျွန်တော်ဆို ကိုက်မိတော့မလို လက်မတင်လေး ထိန်းလိုက်နိုင်တာ"

"အမလေး ... အဲဒါ ဟုတ်လောက်တယ်၊ ကံကောင်းလို့ ပန် ထွက်ပြေးရတော့မလို့ ပါလား"

မောင်နှမနှစ်ယောက် ဖြစ်နေပုံကိုကြည့်၍ ဒေါ်ယဉ်မင်းစံက ပြုံးသည်။

"မေမေ"

"ဟင် ...ဘာလဲ"

"ကျွန်တော် သူ့ကို ရအောင်ယူမှာ "

"သွားမစပါနဲ့ မောင်လေးရယ်၊ ဟိုက မနူးမနပ်ကလေး မဟုတ်ဘူး ၊ မင်းကို ကြည့်လိုက်တဲ့ မျက်လုံးတွေမှာ ပျော်ဝင်ရာနှုန်းလုံးဝ မရှိဘူးနော်"

"အဲဒါ သူ့ကိစ္စပါ၊ မမ .... ကြည့်နေ"

"ဖေဖေက မိန်းမတောင်းဖို့ စီစဉ်နေပြီဆိုတာ သတိထားဦး"

"အဲဒါပြောမလို့ ၊ မေမေ ဖေဖေ့ကို တား

ပေးထားဦး”

“ဘာလဲ ... ဟိုကို လက်လျှော့တော့မှ ဖေဖေပေးစားတာကို ယူမယ်ပေါ့”

“လက်ရုံး တဲ့ ၊ လက်လျှော့တယ်ဆိုတာ ရာဇဝင်မှာ မရှိခဲ့သေးဘူး၊ ရအောင်လိုက်မယ်၊ ရအောင်ယူမယ်”

လက်ရုံး ဆုံးဖြတ်ပြီးဖြစ်လေ၏။

*

# အခန်း(၆)

ထိုမျက်နှာကို မမြင်ချင်လောက်အောင် မုန်းတီးနေခဲ့တာ တွေ့ခဲ့ကြတဲ့ အကြိမ်ရေနဲ့ တွက်လျှင် မေ့မူး လွန်သည် ထင်သည်။

သို့သော် မျက်ဝန်းကရီတီတီ၊ နှုတ်ခမ်းကညို့သောအပြုံး၊ ယောကျ်ားတန်မဲ့ ချောမွေ့လွန်းနေ သော မျက်နှာနှင့် အလှအပ ကြိုက်ပုံလည်း ရသည့် စတိုင်ကျကျ ဝတ်စားထားပုံကို တစ်စက်ကလေးမှ ကြည့်မရလို့ ပါ။

ထို့ကြောင့် သူရောက်လာမှာ ကိုပဲ မလိုလားခြင်းဖြစ်လျက်...

"အခြေအနေ အားလုံးကောင်းနေပါပြီ၊

နောက်နေ့ဆို လာဖို့ မလိုတော့ပါဘူး"

ခုတင်ပေါ်မှ လူနာက ပြုံး၍ ခေါင်းညိတ်သော်လည်း …

"ဘယ်ကလာ ကောင်းရမှာ လဲ၊ ဒေါက်တာ သေချာစမ်းသပ်ပါဦး၊ အခု အိမ်ကထွက်တော့ တောင် မူးနေသေးတာ၊ ဟုတ်တယ် မဟုတ်လား…မမ"

ပန်ကေသီမျက်နှာ အီလည်လည်လေးဖြစ်လျက်…

"ဟင်…နည်းနည်းပါးပါးပါ"

"ဒါဆို…ဆေးပေးလိုက်မယ်လေ၊ ဆေးသောက်ရုံနဲ့ ရတယ်"

"ဟာ…ဘယ်ဖြစ်မလဲ မမက အရမ်းပျော့တာ၊ ထစ်ခနဲဆို အိပ်ရာထဲလဲချင်တာ၊ အမြစ်ပြတ် အောင်လာမှ ဖြစ်မှာ ပေါ့"

နှုတ်ခမ်းလေးစေ့၍ ဖျတ်ခနဲငုံ့ကြည့်ကာ မေ့မှုး မျက်နှာလွှဲပစ်လိုက်သည်။

ဘယ်လောက်ထိ ရှုပ်ပွေရဲတင်းထားတဲ့ ရုပ်လဲ။

မျက်လုံးချင်းဆုံလိုက်တာနဲ့ မျက်စိမှိတ်ပြ၊ နှာခေါင်းရှုံ့ပြ၊

"ပြန်လိုက်ပါဦးမယ်...ဒေါက်တာ"

ပြန်ထွက်ခါနီးတော့ အနားမှာ လာရပ်၍ သေသေချာချာ ပြောသွားသေးသည်။ မေ့မှုး လုံးဝ လှည့်မကြည့်ဘဲ နေလိုက်ပေမယ့် ဒေါသကတော့ အတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းဖျားမှ ခုန်ပေါက်ထွက်ဖို့ ကြိုးစားနေလေသည်။

ယောက်ျားဆို ကြည့်လို့ မရရတဲ့ အထဲမှာ ထိုယောက်ျားမျိုးကိုတော့ မုန်းတီးမိ၏။

နောက်ထပ်လူနာတစ်ယောက် ဝင်လာတော့မှ စိတ်ကိုလျှော့၍ မျက်လုံးကို ခုတင်ဆီသို့ အရွေ့

"ဟင်"

ခုတင်ခေါင်းရင်းမှာ စာရွက်ခေါက်လေးတစ်ခု။

မေ့မှူး ကပျာကယာလှမ်းဆွဲ၍ ဖြန့်ကြည့်လိုက်သည် ။

စာရွက်ခေါက်ထဲမှာ ဘာမှ ရေးမထားဘဲ ဓာတ်ပုံလေးတစ်ပုံကို ညှပ်ထည့်ထားတာဖြစ်သည် ။

ဆံပင်နီနီလေးများ နှင့် အင်္ကလိပ်မလေးကို ကောင်လေးက နမ်းနေသည့်ပုံ ကျောဘက်ကို လှည့်ကြည့်လိုက်တော့ စာကြောင်းလေးတွေက လှပစွာ...

ရှူး...တိုးတိုး...

ရိုးရိုးလေးပြောမယ်...

သုံးခွန်းတည်းပြောမယ်...

သိပ် ချစ် တယ်...

“တောက်”

တက်ခေါက်သံက ခက်ထန်တင်းပြတ်စွာ...

။

*

# အခန်း(၇)

"နောက်တစ်ယောက် ဝင်လို့ ရပြီ"

အပြင်ဘက်က အသံကို ကြားသည်။

အခန်းထဲဝင်လာသည့် လူရိပ်ကိုလည်း တွေ့သည်။

ထွက်သွားသည့် လူနာရဲ့ ကေ့စ်ကို စိတ်ဝင်တစား ငုံ့ကြည့်နေမိသဖြင့် လှည့်မကြည့်ဖြစ်။

"မ"

"ဟင်"

အံ့ဩသွားခြင်းနဲ့ လှည့်ကြည့်လိုက်မိတာနှင့် တစ်ပြိုင်နက် ထိုမျက်နှာကို ဘွားခနဲမြင်လို

က် ရတော့ စိတ်က ထောင်းခနဲဖြစ်သွားသည် ။

"မင်း...ဘာလာလုပ်တာလဲ"

"ဒီမှာ ...ဒဏ်ရာလာပြတာ"

သူ့ညာဘက်လက်ဝါးစောင်းမှာ သွေးစိမ်းရှင်ရှင် ယိုစီးမို့နေသော ဒဏ်ရာတစ်ခု။

ဒဏ်ရာကကြီးသည် သေးသည် မသိ။

ဂွမ်းစနဲ့ ဖိကပ်ပိတ်ထားသည့်ကြားမှ သွေးတွေ စိမ့်ထွက်နေ၏။

ဒဏ်ရာရလာတော့လည်း မတတ်သာပေ။

"အဲဒီမှာ ...ထိုင်"

ပန်ကေသီဆိုသည့် သူ့အစ်မက မနေ့ကတည်းက မလာတော့တာဖြစ်သည် ။

လာဖို့ လည်း မလိုတော့ပါ။

ဒီနေ့ ဒဏ်ရာနဲ့ ရောက်လာသည့် သူ့ကို မေ့

မှူး မသက်ာပါ။

ဒါပေမဲ့ မိန်းမတစ်ယောက်ကို ပိုးပန်းဖို့ ကိုယ့်အသားကို အနာခံပြီး တူးဆွလာတဲ့ အထိ ကြောင်တာမျိုးကို အထင်မြင်သေး ရှုံ့ရှာမိလျက် စကားပြောလိုစိတ် မရှိတာမို့ ဆေးထည့်ပေးဖို့ သာ ပြင်ဆင်လိုက်၏။

သူက မေ့မှူးကိုသာ စူးစိုက်လိုက်ကြည့်၍ ကျောက်ရုပ်လို ထိုင်နေသဖြင့်

"ဆေးထည့်ရမယ်…လက်ဖယ်လေ"

"ဘာဖြစ်လာတာလဲ၊ မမေးတော့ဘူးလား"

"မလိုပါဘူး"

"လိုတာပေါ့၊ ဒီဒဏ်ရာဟာ မှူခင်းနဲ့ ပတ်သက်နေရင် ဘယ့်နှယ်လုပ်မလဲ"

တမင်အရစ်ရှည်နေတာကို သည်းမခံနိုင်စွာ မော့ကြည့်မိတော့ စိမ်းညို့နေ

သော နှုတ်ခမ်းမွေး ရာရေးရေးနှင့် နီမြန်းသော နှုတ်ခမ်းအစုံက ခပ်လွန့်လွန့်ပြုံးနေတာတွေ့သည်။

"မင်း...ဒီဒဏ်ရာကို တမင်ဖန်တီးလာတာပဲ ဖြစ်ဖြစ်၊ သူများ စော်ကားလိုက်တာပဲ ဖြစ်ဖြစ် တို့ စိတ်မဝင်စားဘူး၊ မင်းသိထားဖို့ က အရာရာကို လျှော့တွက်မထားဖို့ ပဲ"

" 'မ'ကိုကျွန်တော် လျှော့မတွက်ပါဘူး၊ လိုက်လိုက်လှဲလှဲ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်တာ၊ အဲဒါကြောင့် စိတ်ရောကိုယ်ပါ ကြိုးစားနေတာ"

မေ့မှူးက မကြားယောင်ပြုကာ ဒဏ်ရာပေါ်ကို အရက်ပြန်နဲ့ လောင်းချ၍ ဂွမ်းစနဲ့ ဖိပွတ်လိုက်၏။

"အ"

"အို...ဘာလုပ်တာလဲ"

"စပ်တယ်...နာတယ်"

ဘုန်းလက်ရုံး ဆုပ်ကိုင်ထားသည့်လက်ကို မေ့မှူး ရုတ်တရက် ရုန်းလို့ မရ။

"မင်း...မင်း...လက်ကိုလွှတ်လိုက်စမ်း"

"ဖြည်းဖြည်းလုပ်ပါ၊ အရမ်းနာစေချင်တာပဲ လား"

မေ့မှူး ဘာမှ ပြန်မပြောမနေတော့ဘဲ ဆေး ထည့်၍ ပတ်တီးစည်းပေးလိုက်သည် ။

"ဆေးထိုးပေးဦးမှာ လား"

"မလိုဘူး"

"အနာကျက်ဆေးလေ"

"ဒီ့ပြင်မှာ သွားထိုး"

" 'မ'ရှေ့မှာ ကျွန်တော်ရပ်နေတာပဲ၊ ဘယ် ကို သွားရဦးမှာ လဲ"

"မလိုဘူးလို့ ပြောပြီးပြီမဟုတ်လား၊ မင်း... ဆက်ပြီး နှောင့်ယှက်နေရင် တို့ ဖုန်းဆက်လိုက် မယ်"

"အဲဒါ ပိုကောင်းတာပေါ့၊ လူတွေသိလေ ပိုကောင်းလေပဲ"

"တောက်"

" 'မ'ကသိပ်လှတာပ၊ စိတ်မဆိုးနဲ့ နော်၊ ပြန်မယ်"

မေ့မှူး စိတ်တိုရလွန်းလျက် ကုလားထိုင်မှာ ထိုင်ချလိုက်မိသည် ။ ခေါ်ပုံက "မ"တဲ့ ...။

သိပ်ရဲတင်းတဲ့ လူ...။

အကိုင်ခံလိုက်ရသည့် လက်ကို ဆုပ်ချီဖြန့်ချီ စိုက်ကြည့်ရင်း အံကြိတ်ထားမိ၏ ။

ဒီနေ့ထိ ဘယ်ယောကျ်ားတစ်ယောက်ရဲ့ ဒူးထောက်ခြင်းကိုမှ ပျော့ညံ့ညွှာတာပေးဖို့ စိတ်ကူး မရှိခဲ့သော သူမတစ်ကိုယ်လုံးမှာ ဖိုဆိုယင်ဖိုတောင် အသမ်းမခံခဲ့ဘူးပါ။

"ချစ်ရိပ်မေ့မှူး"ဟာ ဘယ်လိုမိန်းမစားမျိုးလဲဆိုတာ သင်းမသိလေရောသလား

တွေးလေ ခံပြင်းမိလေ။

ယောကျ်ားဆို ဘယ်ယောကျ်ားကောင်းသလဲ။

မိန်းမတွေရဲ့ အလှကို ကိုးကွယ်လိုတဲ့ အခါစကားလုံးအလှတွေ သုံး၍ ဖြားယောင်းကြမည်၊ ချဉ်းကပ်ကြမည်။

ရသွားတဲ့ အခါ သူတို့ ကပဲ အိမ်ဦးနတ်တဲ့၊ အရှင်သခင်ဖြစ်ချင်တာ တစ်မျိုး။

လက်ထပ်ကြ ညားကြဖြစ်ပြီဆို မိန်းမသ

ဘာဝဟာ သူတို့ ရဲ့ အလုပ်အကျွေးမျှသာ။

မေ့မှူး ယောကျ်ားတွေကို ကြည့်လို့ မရသည့်စိတ်က လူမှန်းသိတတ်စကတည်းက ဖြစ်သည် ။

မေမေက တက္ကသိုလ်မှာ အလှဘုရင်မတဲ့ ။

ကင်းဆိုတဲ့ တစ်ယောက်နဲ့ မေတ္တာမျှခဲ့သည် ။

ကွင်းနဲ့ ကင်းတို့ ချစ်ကြတော့ မသိသူမရှိသလောက် လူသိများ သွား၏။

တကာယ်တမ်း လက်ထပ်လိုက်ရတော့ မိဘတွေ သဘောတူ ကြည်ဖြူခဲ့သည့် ဖေဖေနဲ့ သာဖြစ်လေသည် ။

ဖေဖေက မေမေ့ကိုလိုချင်၍ နည်းမျိုးစုံနဲ့ ရအောင်ယူခဲ့သည် ။

ရသွားသည့်အခါကျတော့ အသားညို၍ လူ

ကထွားကာ အနည်းငယ် ရင့်ရော်ပုံရှိသော ဖေဖေက မေမေလှတာကို သဝန်တိုခဲ့သည်။

ကျောင်းမှာ ချစ်ခဲ့ဖူးသည့် ကင်းဆိုသော တစ်ယောက်နဲ့ မကြာခဏ သမုတ်ခဲ့သည် ဟု မေမေ ပြောသည်။

မေမေ တကယ်တမ်း သေလောက်အောင် ခံစားခဲ့ရသည် က မေ့မှူးကို မွေးပြီးသည့်အချိန်မှ စခဲ့တာဖြစ်သည်။

မေ့မှူးက ဖြူဖွေးသန့်စင်ကာ ဖအေနှင့် တစ်စက်ကလေးမှ မတူဘဲ ရေဆေးငါးလေးလို လှပ နေတော့ မေမေ့စိတ်ထဲ ဖောက်ပြန်နေ၍သာ မေ့မှူး ဤသို့ဤနယ် ရုပ်ဆင်းဖြစ်ခဲ့ပါသည် ဟု စွပ်စွဲ၏။

ဖေဖေ့သဝန်တိုစိတ်ဟာ မေ့မှူးကို တစ်စက်ကလေးမှ ချီဖော်မြူဖော်မရခဲ့ပါဟု မေ့မှူး သိတတ် လာတော့ မေမေပြောပြ၍ ငိုသည်။

မေမေငိုတိုင်း မေ့မှူး မျက်ရည်လည်ခဲ့သည် ။

သူမကိုယ်တိုင် လူမှန်းသိတတ်စအရွယ်ကတည်းက ဖေဖေ့ဆီက အရယ်အပြုံးကိုတောင် မရရှိခဲ့ပါ။

ချိုပွေ့ယုယဖို့ ဆိုတာ အိပ်မက်ထဲမှာ တောင် ဖေဖေက မေ့မှူးကို ရိုက်နေခဲ့တဲ့ အထိ။

မေမေဟာ ဖေဖေ့ရဲ့ အထင်မြင်လွဲ သဝန်တိုတတ်သော စကားလုံးတွေ အကြည့်တွေအောက် မှာ အလူးအလိမ့်ခံစားရင်း မေ့မှူး ရှစ်တန်းအောင်တဲ့ နှစ်မှာ ဆုံးသွားခဲ့သည် ။

မေမေသေတဲ့ အထိ ကြင်နာသနားလိုဟန် မပြခဲ့သော ဖေဖေဟာ မေ့မှူးကို အဒေါ်တွေလက်ထဲမှာ ထားခဲ့ပြီး နိုင်ငံခြားထွက်သွားတော့သည် ။

သမီးလို့ တစ်ခွန်းမှ ခေါ်မသွားခဲ့သော ဖေ

ဖေ့ကို မေ့မှူးစိတ်နာခဲ့သည် ။

ငရဲကြီးတတ်သည် လား၊ အပြစ်ရှိခဲ့ပြီလား မသိ။

ယောက်ျားဆို မေ့မှူးမုန်းခဲ့သည် ။

ချစ်တတ်လိုက်တာလည်း သူတို့ ။

သဝန်တိုကြ မုန်းကြပြီဆိုတော့လည်း သူတို့ ပါပဲ။

ဖေဖေ မေ့မှူးကိုထားသွားလိုက်တာ တစ်နှစ်တာကာလအတွင်းမှာ လေးလတိတိ ငွေပို့ပေးခဲ့ပြီး နောက်ထပ် လုံးဝ အဆက်အသွယ် မလုပ်ခဲ့တော့။

နိုင်ငံခြားမှာ ပဲ အခြေချသွားခဲ့သည် လား။

မြန်မာပြည်ကို ပြန်လာရင်းနဲ့ တမင်နေနိုင်ရက်ခဲ့တာလား။

မေ့မှူး မမျှော်ပေမယ့် နာကျည်းစွာ မကြာ

ခဏာ တွေးဖြစ်ခဲ့၏။

မေမေ့မှာ ချစ်သူရှိမှန်းသိရက်နဲ့ ရအောင် ယူခဲ့ပြီးမှ မေမေ့အချစ် မေမေ့စိတ်အာရုံအား လုံးကို ချက်ချင်းကြီး အားလုံး အရပိုင်ဆိုင်လို သော ဖေဖေ့လောဘများက မေမေသေဆုံး၍ မေ့မှူးမိဘမဲ့ခဲ့တဲ့ အထိ ပြင်းထန်ခဲ့သည် ။

ဒါဆို...သူတို့ အရှုံးအမှူးချစ်ပါတယ်ဆိုတာ ဘယ်မှာ လဲ၊ မေ့မှူး ဘယ်ယောကျ်ားကိုမှ အ ထင် ကြီးလို့ မရတော့ပါ။

မေမေ ခံစားခဲ့ရရှာသည့် သောကမျိုးကို နာ ကြည်းခါးသီးစွာ တမြေ့မြေ့ မေ့မရနိုင်လေ ယောကျ်ားတွေကို သနားစိတ်ကင်းမဲ့လေ။

“ရည်းစားမထားနဲ့ သမီး၊ ချစ်သူနဲ့ လက်ထ ပ်တဲ့ သူ တစ်ယောက်တည်းပဲဖြစ်တာ အကော င်း ဆုံးပဲ၊ သမီးလေး မေမေ့လို ခံစားရမှာ မေ မေ သိပ်စိုးရိမ်တယ်”

ဒီစကားတွေ မေမေပြောခဲ့တုန်းက မေ့မှူး နေဝယ်ပါသေးသည် ။ ဒါပေမဲ့ မေမေ့ခမျာ ဒီသမီးကိုပဲ ဖက်တွယ်၍ ရင်ဖွင့်ခဲ့ရှာသည် ။

သူမအခြေအနေကို ကိုယ်တိုင်ခံစားမိနေတာ ဆိုးမသည် လည်း ရှိ ငိုလည်း ငိုသည် ။

မေမေ့မျက်ရည်တွေကို ဘယ်လို မေ့ပစ်နိုင်ပါမည်နည်း။

*

## အခန်း(၈)

မင်္ဂလာခန်းမထဲကို လှမ်းဝင်လိုက်သည် နှင့် အားလုံးသော အကြည့်တွေက မေ့မှူးထံသို့ စုပြုံ လာကြသည်။

"ဟော...မေ့မှူး...လာ သူငယ်ချင်း"

မင်္ဂလာဆောင်သည့် ဒေါက်တာချိုချိုဇော်က ကိုယ်တိုင်လာကြိုသည်၊ မေ့မှူးအနားပဲထိုင်၍ စကားတွေပြောသည်။

သူ့အမျိုးသား အင်ဂျင်နီယာတစ်ဦးဖြစ်သလို သူမထက်လည်း အတော် အသက်ကြီးသည်။

သို့သော် ငွေကြေးပြည့်စုံကြွယ်ဝသူမို့ ခန့်

ညားချောမောမှုများ ပြည့်လျှံကာ ချိုကိုလည်း မြတ်နိုးနှစ်သက်ပုံရသည်။

မေ့မှုးကို လာနှုတ်ဆက်၍ တလေးတစား စကားပြောသည်။

"ချိုက သူ့သူငယ်ချင်းကိုချည်း တမျှော်တည်းမျှော်နေတာ၊ ခုလို ကြွရောက်ချီးမြှင့်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဟုတ်ကဲ့ရှင့်၊ ချိုနဲ့ က သူငယ်ချင်းအရင်းကြီးတွေပါ၊ မလာဘဲဘယ်နေပါ့မလဲ၊ အလကား... သူ လက်ဖွဲ့ကောင်းကောင်း မပါမှာ စိုးလို့ ရင်ခုန်ပြီး မျှော်နေတာ"

"ဟော့...ဟော့...မစော်ကားနဲ့ နော်၊ မှန်းစမ်း ...ဘာလက်ဖွဲ့လဲ ...သွား"

မေ့မှုးနဲ့ ချိုတို့ လွတ်လပ်စွာ ပြုံးရယ်နှုတ်ဆက်နေကြဆဲ မေ့မှုးဘေးကို ဖျတ်ခနဲ လှမ်းကြည့် လိုက်မိရာ မျက်နှာလေး

တင်းခန့်ဖြစ်သွား၏။

ခန်းမရဲ့ အဝင်ဝမှ လက်ဖွဲ့ပစ္စည်းဘူးလေးကို ကိုင်ရင်းဝင်လာသည့် လက်ရုံးက နို့သာရောင် ရင့်ရင့် ဘောင်းဘီရှည်အပွကို ရင်ဘတ်မှာ ကေတစ်လုံးတည်း အဖြူနဲ့ အနီစင်း ကျားထားသည့် ဖော့ရှိန်းရှပ်နဲ့ တွဲဝတ်ထား၏။

ကုပ်လောက်ရှည်သော ဆံပင်ပွပွကို ကရမ်တစ်မျိုး လိမ်းခြယ် နောက်လှန်သိမ်းဖြီးထား၏။

နဖူးထက်မှာ ကပိုကရိုဖြာကျနေသော အလယ်ခွဲဆံပင်က စတိုင်တစ်မျိုးဖြစ်အောင် ဖန်တီး ထားသလို ရှိပေမယ့် ကြည့်ကောင်းသည်။

မေ့မှူးကတော့ တစ်စက်မှ ကြည့်မရပါ။

မျက်နှာကို သိသာအောင်တင်း၍ တစ်ဖက်လှည့်ပစ်လိုက်သည် ။ ဖြစ်ချင်တော့ သူမဝတ်

လာ သည့် ကလည်း နံ့သာရောင် နှစ်ထပ်ဝမ်း ဆက်ဖြစ်နေသည် ။

ဆံပင်အားလုံးကို သိမ်းတင်ထုံးဖွဲ့ကာ ဘေးမှာ ပန်ဆင်ထားသည် ကလည်း နံ့သာရောင်နဲ့ အဝါနုနုစပ်ကြားသော သစ်ခွပန်းလေးတွေ။

"ဟော...ညီလေးတို့ လာပြီ၊ ကိုမိုးဈာန် မပါဘူးလားကွ"

ကြယ်တာရာက ပြုံး၍ ခေါင်းခါပြသည် ။

နေရာယူကြတော့ သူက ရှေ့ကစားပွဲမှာ မေ့မှူးနဲ့ မျက်နှာချင်းဆိုင်ဆိုပေမယ့် ထူပိတ်သော မျက်တောင်မည်းတွေ ဝိုင်းရံနေသည့် ပြာလဲ့လဲ့ သူ့မျက်ဝန်းများက စူးစူးလက်လက် ငေးစိုက်နေတာ၊ သူများ တွေ သိပ်လှပါသည် ဟု ပြောလောက်အောင် ကြည့်ကောင်းနေသော နှုတ်ခမ်းက မထိတရိအပြုံးကို မေ့မှူး

တစ်ချက်သာ မုန်းတီးစွာကြည့်ဖြစ်သည် ။

သို့သော် တနုံ့နုံ့ကျန်ခဲ့သော အမုန်းတရား ဒေါသများက ထိုအပြုံးကို ဆွဲယူလွင့်ပစ်ချင်စိတ် တွေ ပေါက်နေပြန်သည် ။

ချက်ချင်းကြီး ပြောင်းလဲသွားသည့် မေ့မှူး မျက်နှာကို ချို သတိထားမိကာ အခြေအနေကို အကဲခတ်ရင်း ဟိုဒီလိုက်ကြည့်သည် ။

ရှေ့ကစားပွဲကို မျက်လုံးရောက်သော် ဘယ်သူ့ဘယ်သူကိုမှ ဂရုမစိုက်စွာ မေ့မှူးမျက်နှာကိုသာ စူးစူးနစ်နစ် စိုက်ကြည့်နေသူ တစ်ယောက်ကိုတွေ့လေသည် ။

“ဟိတ်ကောင်...ဖာလူဒါတွေ ပူကုန်ပြီ”

တစ်ယောက်က ပခုံးကို ဖျန်းခနဲရိုက်၍ ခပ်ကျယ်ကျယ်ပြော၏။

အားလုံးက လက်ရုံးထံ လှမ်းကြည့်ကြသ

ည်။

သူ့ထံမှ မျက်လုံးတံတားအတိုင်း ပြေးဆင်းကြည့်ကြတော့ တံတားအဆုံးမှာ မေ့မှူးထံသို့ ရောက်လေသည်။

သတိထားမိသူတိုင်းက ပြုံးသွားကြသည်။

ချောချောလှလှလေးတွေမို့ သူတို့ နှစ်ယောက်ကိုပဲ စိတ်ဝင်တစား လှမ်းကြည့်နေကြသည်။

ထို့အပြင် ယောက်ျားအတော်များများ ၏ မျက်လုံးများက မေ့မှူးထံမှာ သာ ဖြစ်လေရာ...

"ငါ...မနာလိုတော့ဘူး တာရာ"

"ဘာဖြစ်လို့ လဲ"

"မင်းတစ်ယောက်တည်း ကန်းနေတာ"

"မြင်တယ်ကွ၊ ဒီမှာ မျက်လုံးကြီးနဲ့ ၊ တော်ကြာ မင်းနဲ့ ဘောင်ဆင် ပလေးနေရမှာ

စိုးလို့၊ လွှဲပေးထားတာ"

"ဟုတ်တယ်...မကြည့်နဲ့ ၊ သူများ တွေကြ ည့်နေတာကို လုံးဝမခံချင်ဘူး"

ကြယ်တာရာက စားပွဲမှာ တစ်ယောက်တ ည်း ဖာလူဒါသောက်နေသည့် မေ့မှူးကို ဝေ့ခနဲ ကြည့်ကာ...

"လွယ်ပါတယ်၊ အနားမှာ မင်းသွားထိုင်ပြီး ကြေညာလိုက်ပေါ့"

ခပ်ရွှဲ့ရွှဲ့ပြောသည် ။

လက်ရုံးက ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ်...ဒီလိုပဲလုပ်ရမယ်"

"ဟာ...ဟိတ်ကောင်"

ကြယ်တာရာ ခပ်ကြိတ်ကြိတ်ခေါ်၍ လှမ်း ဆွဲလိုက်ပေမယ့် မမီ။

လက်ရုံးက နေရာတကျချပေးထားသည့်

ထိုင်ခုံဖြူဖြူလေးကို မေ့မှူးဘေးမှာ တမင်ဆွဲ၍ ထိုင်သည်။

“တစ်ယောက်တည်းလား ‘မ’”

မေ့မှူး မျက်နှာကိုတင်း၍ လုံးဝမော့မကြည့်ဘဲ နေလိုက်သည်။

စိန်တွေရွှေတွေ ပျစ်ပျစ်ခဲခဲ ဘာမှ ဝတ်မထားဘဲ စိန်လော့ကတ်နဲ့ ရွှေကြိုးလေးတစ်ကုံး လက်ကောက်လေးတစ်ရန်နှင့် လက်သူကြွယ်လေ းမ ၂၁ ကျောက်တန်းလက်စွပ်လေး တစ်ကွင်းတည်း ဝတ်ထားသော်လည်း မေ့မှူး တစ်ကိုယ်လုံးက ဝင်းလက်နေသည်။

လှချင်တိုင်း လှနေသည်။

လက်ရုံးက အနားကနေ စားပွဲပေါ်မေး ထောက်၍ မျက်နှာကို မလွှဲတမ်း ထိုင်ကြည့်ပစ်လိုက် ၏။

မေ့မှုးဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ဆတ်ခနဲ မော့ကြည့်လိုက်မိကာ...

"မင်း...တို့ ကို သက်သက်လိုက်ပြီး အရှက်ခွဲနေတာလား ပန်းဘုရင်"

"ကျွန်တော် ဘာလုပ်လို့ လဲ 'မ'၊ 'မ'က စကားမပြောလို့ ငြိမ်ငြိမ်လေးထိုင်နေပေးတာပဲ"

"မင်းကို ဘယ်သူက ထိုင်ခိုင်းလို့ လဲ"

"မထိုင်ခိုင်းပေမယ့်'မ'ကို ကျွန်တော်က လာနှုတ်ဆက်တာလေ၊ 'မ'က ကောင်းကောင်း မွန်မွန် ပြန်ပြောသင့်တာပေါ့"

လူတွေလည်း ကြည့်နေကြသည်။

သူ့ကိုပြောနေသမျှ တစ်ခွန်းမကျန် ချည်နှောင်နေမှာ ပဲမို့ မေ့မှုး ရွှေရောင်လက်ပွေ့အိတ်လေး ကို ကောက်ယူလိုက်၏။

"ပြန်တော့မလို့ လား'မ'၊ ကျွန်တော် လိုက်

ပို့မယ်လေ”

မေ့မှုးက အံ့ကြိတ်၍ ထရပ်တော့ သူက မချိမချဉ်ပြုံး၍ မော့ကြည့်သည် ။

“လိုအပ်ရင် ကူညီချင်လို့ ပါ၊ ကျွန်တော် ဒီကနေ ဘယ်မှ မသွားသေးဘူး”

ရိုင်းတယ်ဆိုလည်း မတတ်နိုင်။

ချို့ကိုလည်း နှုတ်မဆက်တော့ဘဲ ဘယ်ကိုမှ လည်း မကြည့်ဘဲနှင့် မေ့မှုး ခန်းမပြင်ထိ တောက်လျှောက် ထွက်လာခဲ့သည် ။

ကားနားရောက်လာတော့ မေ့မှုး ဒေါ်နဲ့မောနဲ့ တက်မောင်းသွားလို့ မရတော့ပေ။

“ဒီမှာ ...ဒီမှာ ”

“ခင်ဗျာ...မမ”

ကားပါကင်မှာ တာဝန်ယူထားသည့် ဝတ်စုံအပြည့်နှင့် ဝန်ထမ်းကောင်လေး ချက်ချင်း

ရောက်လာ၏။

"ဟိုကားက ထိပ်မှာ ပိတ်ထားတော့ တို့ ကား ဘယ်လိုလုပ်ထုတ်မလဲ ရွှေ့ပေး"

"ဟာ...ဟုတ်သားပဲ၊ ကျွန်တော် လုံးဝ သတိမထားမိလိုက်ဘူး"

"ခဏလေးနော် မမ"

ကောင်လေး ပြေးထွက်သွားသည် ။ ပြီးတော့ ပြန်ရောက်လာ၏။

"ကားပိုင်ရှင်က သူ့ကားနဲ့ လွတ်တယ်လို့ ဇွတ်ပြောနေတယ် မမ၊ ဘယ်လိုမှ ကို ပြောလို့ မရ ဘူး"

"ဘာလွတ်တာလဲ၊ ဒီလောက် ကန့်လန့်ကြီး ပိတ်ရပ်ထားတာကို မင်း...ပါကင်မှာ နေရာယူထားပြီး ဒီလောက်လေးကို ဖြေရှင်းမပေးနိုင်ဘူးလား"

"ဖြေရှင်းပေးတာပါပဲ မမရယ်၊ ဟိုအစ်ကို ကလည်း ဘာမှ မဆိုင်ဘူးဆိုပြီး ဟောက်လွှတ် တယ် လုံးဝကို ပြောတာမရဘူး"

"ဘယ်မှာ လဲ အဲဒီလူ"

ကောင်လေးက ပျာပျာသလဲ ဦးဆောင်ဝင် သွားသည် ။ နောက်က လိုက်ဝင်သွားကာ မေ့ မှူးမျက်လုံးတွေ မီးတောက်မတတ် စူးရဲသွား လေသည် ။

လက်စသတ်တော့ တမင်လုပ်ထားခဲ့တာပဲ။

လက်ရုံးက သူ့ဆီလျှောက်လာနေသော မေ့ မှူးကို လက်ပိုက်ထိုင်ရင်း ပြုံးယဲ့ယဲ့နှင့် ကြည့် နေ သည် ။

"မင်း...ဒီလောက်တောင်
မိန်းမကျင့်မိန်းမကြံ လုပ်တတ်သလား...ဟင်"

စားပွဲအသီးသီးက လူတွေရှေ့မှာ မို့ ဒေါသ

ရှိသလောက် မပြောနိုင် လက်ရုံးက လက်ပိုက်မဖြေဘဲ ရယ်သည် ။

“ ‘မ’ကို ကျွန်တော်ပြောသားပဲ၊ လိုက်ပို့ရမလားလို့ ၊ ခုလို နှစ်ခါပြန်လာရမှာ စိုးလို့ ပါ”

ဒေါသသည် ဆိုဖွယ်ရာမရှိ။

မေ့မူးကို သူက စေ့စေ့ကြည့်၍ နေရာမှ ထရပ်လိုက်သည် ။

ဘောင်းဘီအိတ်ထဲက ကားသော့ကို နှိုက်ယူ၍ ဆတ်ခနဲပစ်တင်ပြီးမှ ဖမ်းယူလိုက်၏။

“ ဒေါသကြီးလွန်းရင် အသက်တိုတယ်‘မ’ရဲ့ ၊ မျက်နှာကြီး လျှော့ချလိုက်ဦး…”

ဘေးလူတွေ ဘယ်လိုထင်ကုန်ကြပြီလဲ။

အားလုံးနီးပါးရဲ့ မျက်လုံးတွေက သူတို့ ဆီမှာ …။

နှုတ်ခမ်းတွေက ပြုံးရီနေကြလျက်…။

မေ့မူး မခံချင်ဒေါသများကြောင့် မျက်ရည်များ ပင် ဝေ့သီလာရတဲ့ အဖြစ်၊ အမြဲ မထိတထိ ပြုံးနေတတ်တဲ့ အဲဒီမျက်နှာကို မီးလောင်ပြာကျသွားအောင် လုပ်နိုင်သည့် အစွမ်းသာ ရှိမည်ဆို လျှင်…။

*

## အခန်း(၉)

"မေ့မှူး"

"ဟင်"

"မေးစရာရှိတယ်၊ မှန်မှန်ဖြေနော်"

"ဘာလဲ"

ပုန်းညက်ခိုင်က အနားမှာ အိခနဲထိုင်ချလိုက်ပြီး မေ့မှူးလက်ထဲက ကတ်ကြေးလေးကို ဆွဲယူ လိုက်သည်။

ပြီးတော့ ဘေးမှာ ချလိုက်ကာ...

"မေ့မှူးကို အရမ်းချောတဲ့ ကောင်လေးတစ်ယောက် လိုက်နေတယ်ဆို"

မေ့မှုးမျက်နှာ ရဲခနဲဖြစ်သွားသည် က ရုက်သွေးဖြာသွားခြင်း မဟုတ်ပေ။

နှုတ်ခမ်းလေး ခပ်ဖိဖိစေ့ထားလိုက်ပြီးမှ ...

"ဟုတ်တယ်...လိုက်နှောင့်ယှက်နေတာ"

"အင်ကြင်းမာလာက ပြောတယ်၊ သူ သေသေချာချာ မြင်လိုက်တာတဲ့ ၊ မေ့မှုးကားနောက်မှာ ဆိုင်ကယ်နဲ့ အရိပ်လို လိုက်ကပ်နေတာတဲ့ ၊ ဆေးရုံရှေ့မှာ တစ်ခါ၊ မီးပွိုင့်မှာ တစ်ခါ နှစ်ခါမြင်တာတဲ့ ၊ ဘယ်လိုလဲ...မမှုး တင်းခံနိုင်မှာ မဟုတ်ဘူး တဲ့ ၊ အရမ်းချောပြီး ဇွတ်တရွတ် ရှေ့တိုးမယ့်ပုံတဲ့ ၊ အပျိုကြီး ဈာန်လျှောမှာပဲတဲ့ ...သိလား၊ မေ့မှုး ဝန်ခံဖို့ ကောင်းနေပြီ"

"သူမှန်းပြောတာ အားလုံးတလွဲချည်းပဲ ပုန်းညက်ရယ်၊ အလကား လိုက်နှောင့်ယှက်နေတာ ကိုတို့ က ဈာန်လျှောစရာလား၊ သိပ်မှ

န်းဖို့ ကောင်းတာပဲ၊ အရမ်း မျက်နှာပြောင်တဲ့ ကောင်...”

“ယောကျ်ားဆိုရင် မုန်းတဲ့ မျက်လုံးနဲ့ ချည်းပဲ ကြည့်နေတာကိုး မေ့မှူးရဲ့ မိန်းမရဲ့ အလှဟာ တစ်နေ့ရွှေ၊ တစ်နေ့ငွေ၊ တစ်နေ့ကျတော့ ကြေးတဲ့ ၊ တန်ဖိုးကြီးလှတဲ့ အရွယ်လေးမှာ ကြိုက်တာ ခေါင်းခေါက်ရွေးလိုက်စမ်းပါ မေ့မှူးရယ်၊ မေ့မှူးကို အားလုံးက အံ့သြနေကြတာ သိလား၊ ဒီလောက် တောင် အရမ်းလှပြီး ခုချိန်ထိ ရည်းစားတစ်ယောက်မှ မထားခဲ့တာကိုလေ”

“စိတ်မဝင်စားပါဘူး”

“တို့ ကတော့ မေ့မှူးခံစားချက်ကို နားလည်ထားတော့ မဆန်းဘူးပေါ့၊ အားလုံးအမြင်မှာ ကျ တော့ မေ့မှူးမှာ ဇာတ်လမ်းဟောင်းရှိခဲ့သလား၊ နှလုံးသားမှာ ပြတို

က်ဖြစ်နေပြီလား...စသဖြင့်ပေါ့"

"ဘယ်လိုထင်ထင် ပုန်းညက်ရာ"

"မေမေကလည်း ပြောတယ်၊ ငါ့တူမလေး သနားပါတယ်တဲ့ ၊ ရုပ်ကလေးလည်း လှ၊ အရွယ် လည်း ရှိရက်သားနဲ့ ချစ်ရေးချစ်ရာ ဘာစိတ်မှ မရှိဘူးဆိုတော့ ဘာကိုမှ လည်း ရွေးမှာ မဟုတ်ဘူး တဲ့ ၊ မေ့မှူးက ယောက်ျားဆို ခါးခါးသီးသီးဖြစ်မှာ ပဲဆိုတာ သိလို့ မေမေကကြည့်နေတာ၊ တကယ်ဆို မေ့မှူးကို အိမ်ထောင်ချပေးချင်နေတာ သိလား"

"အို...အဲသလိုတော့ မလုပ်လိုက်ပါနဲ့ ၊ အန်တီ့ကို မေ့မှူးပြောဦးမှ ပါ၊ ဘာဖြစ်လဲ ဒီအတိုင်းနေ သွားတော့၊ အန်တီတို့ ဦးလေးတို့ကို မေ့မှူး ကျေးဇူးဆပ်လို့ တောင် မဝသေးပါဘူး"

ဒီအိမ်မှာ မေ့မှူး ကိုးတန်းစတက်ကတည်း

က နေခဲ့တာဖြစ်သည် ။ ဖေဖေကလည်း တာဝန် မကျေခဲ့ပါဘဲ မေ့မှူးရဲ့ ကျောင်းစရိတ်၊ စားစရိတ်အာလုံးကို တာဝန်ယူခဲ့ကြသည် ။

အန်တီက ပုန်းညက်ခိုင်၊ အင်ကြင်းမာလာတို့လို သမီးရင်းနှင့်မခြား တူမကို သမီးလေးလို မွေးခဲ့တာဖြစ်သည် ။

တကယ်တော့ အန်တီက ကုမ္ပဏီကြီးက လခကောင်းသည့် ဝန်ထမ်းတစ်ဦးဖြစ်သည် ။ ဦးလေးက မီနီမားကတ်လေးတစ်ခုက မန်နေဂျာ။

နှစ်ယောက်လုံး သူ့လစာနဲ့ သူ မနည်းဘူးဆိုပေမယ့် သမီးသုံးယောက်ရဲ့ ကျောင်းစရိတ်နဲ့ စားဝတ်နေရေးအားလုံး ဖဲ့ထုတ်လိုက်တော့ မလောက်ငှချင်တော့။

ဒါပေမဲ့ ဦးလေးက အပေါင်းအသင်းဆုံ့သလောက် လူချစ်လူခင်လည်း များ သည် ။

လောလောဆယ် အကျပ်အတည်းဖြစ်လာပြီဆို ပေးကမ်းကူညီမည့်သူရှိသလိုယုံယုံကြည် ကြည် ချေးငှားမည့်သူလည်း မရှားပါ။

ကြွေးတင်တာတော့ တင်တာပဲဖြစ်သည် ။

ခုလည်း အင်ကြင်းမာလာရှေ့နေဖြစ်သွားပြီး ပုန်းညက်ခိုင်က အလုပ်သင်ဆရာဝန်။

အားလုံး အလားအလာတွေက အားရှိဖွယ်ပင်။

ခုလက်ရှိမှာ မေ့မှူးက ရတဲ့ လခရော ဆေးခန်းထိုင်သည့် လစာနှစ်ရပ်လုံးကို အားလုံးပြန်အပ် သည် ။

ဒေါ်စပယ်ရုံက အားလုံးကိုမယူပါ။

တစ်ဝက်ပြန်ပေး၍ စုဆောင်းစေခဲ့တာမို့

မေ့မှူး ကိုယ့်ကားနဲ့ ကိုယ် ဖြစ်လာခဲ့သည် ။

ဆရာဝန်ဆိုသည့် ဂုဏ်ဒြပ်နဲ့ လျော်ညီစွာ အဆောင်အယောင်လေးတွေ ရှိလာခဲ့၏။

ဒီကြားထဲ ပုန်းညက်ခိုင် အသက်ကွာပေမယ့် ငယ်စဉ်ကတည်းက နှုတ်ကျိုးနေကြတာမို့ အစ်မတွေ ကျွန်မတွေနဲ့ မခေါ်ဖြစ်ပေ။

ဒီမိသားစုလေးထဲမှာ ခြံရယ်၊ တိုက်လေးတစ်လုံးရယ်၊ တိုယိုတာလေး အဖြူခပ်နွမ်းနွမ်းလေး တစ်စီးရယ် ဒါပဲ ချမ်းသာသည် ။

ကားလေးတစ်စီးဟာ သမီးအပျိုလေးတွေကိုငဲ့ပြီး မဖြစ်မနေထားရပေမယ့် အိမ်ထဲမှာ ကြွေးတင်နေတာကိုတော့ မေ့မှူးသိသည် ။

“မေ့မှူးတို့ တိုက်ကို ပေါင်လိုက်ပါလားအန်တီ၊ ဒါမှ မဟုတ်လည်း ရောင်းပစ်လိုက်ပါ၊ မေ့မှူး အတွက်က အန်တီတို့ နဲ့ နေလို့ ရပါတယ်”

မေ့မှူး ပြန်သိတတ်ဖို့ ကြိုးစားခဲ့သည် ။

သို့သော် ကြားလိုက်ရသည့်စကားက မယုံနိုင် ကြေကွဲဖွယ်ပင်။

"သမီးရဲ့ ခြံနဲ့ တိုက်ကို သမီးဖေဖေက အပြီးရောင်းသွားတာကွဲ့၊
အဲဒီငွေတွေကိုကိုင်ပြီး သူ နိုင်ငံခြားထွက်သွားတာပဲ၊ သမီးအတွက် အန်တီ့ကို ငွေတစ်သိန်းပေးခဲ့တယ်"

"ဩော်"

မေ့မှူး မျက်ရည်တွေ ဝေ့တက်ရင်း နာကြည်းသွားခဲ့သည် ။

"ငါက ခပ်ညစ်ညစ်နဲ့ အကျည်းတန်တဲ့ ကောင်ပဲကွ၊ မင်းငါ့အပေါ်မှာ တိမ်းညွတ်ခဲ့ရင် ဒီ ကလေး ဒီလောက်လှမတဲ့ လား၊ မင်းသမီးကို မင်းပြန်ကြည့်ပါဦး၊ ဟိုကောင့်ရုပ်နဲ့ ဘာကွာသလဲ၊ ငါနဲ့ တူတာဘာရှိသလဲ၊ မင်းစိ

တ်နဲ့ ဟိုကောင့်အပေါ်လှမ်းပြီး ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတာ”

မေ့မှူး သိတတ်နေတဲ့ အရွယ်ထိ ဖေဖေက ဒီစကားတွေကို မညှာမတာ ပြောနေဆဲသာ။

လှခဲ့တဲ့ မေ့မှူးရဲ့ အပြစ်ဟာ တစ်သိန်းထိပဲ တန်ခဲ့သတဲ့ လား၊ ဒီမျက်နှာ ဒီအလှအပလေး ကြောင့် ဖေဖေဟာ သဝန်တိုကြီးစွာ မေ့မှူးကို ပစ်ထားခဲ့သည် ။

ထာဝရစွန့်ခွာသွားခဲ့တာ သေမှန်းရှင်မှန်းပင် မသိ။

အဖေပင်ဖြစ်သော်ငြား သူစိမ်းတစ်ယောက်နှယ် စိမ်းကားရက်စက်ခဲ့လေသော အဖြစ်ကြောင့် ယောက်ျားတိုင်းကို မေ့မှူး သိမ်းကျုံး မုန်းပစ်ခဲ့တာ အပြစ်ရှိသလား။

ဘာပဲဖြစ်ဖြစ် ဘယ်ယောက်ျားကိုမှ လည်း အထင်ကြီးစရာလို့ မြင်မရတော့ပေ။ ထိုအမုန်း

စိတ်ဟာ မိဘနှစ်ပါးရဲ့ သံသယငုတ်တိုင်တို့ မှ အမြစ်တွယ်ခဲ့တာ ဖြစ်လေသည်။

*

# အခန်း(၁၀)

မိုးက အချိန်အခါမကျသေးဘဲ သည်းသည်းမည်းမည်း ရွာနေသည် ။ ညနေခင်းရဲ့မိုးသည်းထဲ မှာ ရှေ့ကို ဘာမှ မမြင်ရလောက်အောင် မိုးစက်တွေက ပိတ်မှောင်နေ၏။

တရဟောဖြစ်နေသည့် မိုးရေတို့ ကို ဝိုက်ပါလည်း မနိုင်တော့။ ကားကို ခပ်ဖြည်းဖြည်းသာမောင်းနှင်လာခဲ့စဉ် ဘာဖြစ်မှန်းမသိဘဲ ထိုးရပ်သွားတော့သည် ။

ဘယ်လိုမှ ပြန်နှိုးလို့ မရတော့သဖြင့် မေ့မှူး စိတ်ပျက်သွား၏။ လမ်းလယ်ကောင်မှ ကားပျက်ခဲ့ဖူးပေမယ့် ခုလို မိုးသည်းထဲမှာ မ

ဟုတ်။

ထီးကမပါ၊ ဆင်းကြည့်လို့ လည်း မရ၊ သူများကို အကူအညီတောင်းလို့ လည်း မဖြစ်နိုင်သည့် အခြေအနေမှာ ဒီအတိုင်း ငုတ်တုတ်ထိုင်ကာ မိုးတိတ်အောင် စောင့်ဖို့ ပဲရှိတော့သည် ။

ထိုစဉ် နံဘေးမှာ မျက်နှာတစ်ခု ဘွားခနဲပေါ်လာသည် ။

ထုံးစံအတိုင်း ဆိုင်ကယ်နဲ့ တကောက်ကောက်လိုက်နေခဲ့သည့် လက်ရုံးပဲ ဖြစ်သည် ။

"မ ဘာဖြစ်လို့ လဲ...ကားပျက်သွားတာလား"

မိုးသံကြားမှာ သူ့အသံကို ခပ်သဲ့သဲ့ကြားပေမယ့် မေ့မှုးလုံးဝလှည့်မကြည့်ခဲ့ပါ။

ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် သူခြေလှမ်းကျဲလာ

အောင်တော့ အခွင့်အရေးမပေးနိုင်။ ကားပျက်တာ ဘာဖြစ်လဲ။

ထိုအချိန်မှာ သဲသဲမဲမဲရွာနေသည့် မိုးက အသံရော မိုးစက်များ ပါ တိခနဲပြတ်ကျသွားကာ ပဝါပါးလေးတစ်စ ပြေးလွင့်သွားသလို မိုးဖွဲလေးတွေအဖြစ် ပြောင်းလဲသွားသည် က ချက်ချင်းကြီး။

ဟဲလ်မက်ဆောင်းကာ ဂျာကင်အနက်ဝတ်ထားသည့် သူ့ပုံစံက ဘေးမှာ နီးကပ်ထင်ရှားစွာ ပေါ်လာ၏။

" 'မ'ကျွန်တော် ကားပြင်ပေးရမလား"

"မလိုပါဘူး၊ မင်းလမ်းကို မင်းသွား"

"ကျွန်တော့်လမ်းက'မ'သွားမယ့်အတိုင်းပဲလေ'မ'ရဲ့ ၊ ကားကို ပြင်မပေးနဲ့ ဆိုရင်လည်း ဒီအတိုင်း ရပ်စောင့်နေမှာ ပဲ"

မေ့မှူး ဒေါသနှင့် ကားတံခါးကို တအား ထု ပစ်လိုက်သည်။

"လက်ရုံး"

"ပြော"

"မင်း...ဘယ်လောက်ကြိုးစား ကြိုးစား "ချစ်ရိပ်မေ့မှူး"ဆိုတဲ့ မိန်းမကို မင်း အလွယ်တကူ နှုးနပ်သွားလို့ ရမယ်ထင်နေသလား"

သူက အူကြောင်ကြောင်ပြန်ကြည့်၍ မိုးဖွဲ့တွေမစဲသေးဘဲ ဟဲလ်မက်ကို ချွတ်ပစ်လိုက်သည်။

"မထင်ပါဘူး မထင်လို့ ကျွန်တော် ဒီလောက်ထိ အပင်ပန်းခံနေတာပေါ့၊ မာနတွေကို ချိန်ခွင် ထဲ ထည့်ပြမနေပါနဲ့ 'မ'ရာ၊ မင်းရဲ့ မာနတွေကို ဘာနဲ့ ဖြစ်ဖြစ် တူညီအလေးနဲ့ ဆက်ဝယ်နိုင်ပါတယ်"

"အဲဒီမှာ ...လဲသေလိုက်"

"'မ'နဲ့ အတူတူလား"

"တောက်"

"ဒေါသတွေ သိပ်မကြီးပါနဲ့ ၊ ရိုးသားစွာကူညီပါရစေ၊ ခဏလေးဖြစ်ဖြစ် မကွက်င်းနစ်လုပ်ချင် လို့ ပါ"

ဘုရင်က ဆိုင်ကယ်ပေါ်က ဆင်း၍ ကားစက်ဖုံးကို သွားဖွင့်သည်။

စက်ရဲ့ အခြေအနေကို ကြည့်ပြီး ဒီဘက်ပြန်လှော့က်လာကာ...

"ကျွန်တော့်ကို ပလယ်ယာခဏပေး'မ'"

"မလိုဘူးလို့ ပြောနေတယ်မဟုတ်လား...မင်းသွားတော့"

"သူများ ခိုင်းတဲ့ အတိုင်း လုပ်တတ်ရင်'လက်ရုံး'ဆိုတဲ့ နာမည်ကို မြောင်းထဲ သွားလွှင့်ပစ်

လိုက်မှာ ပေါ့၊ ကဲပါ...မျက်လုံးကြီး ဒီလောက်ပြူးပြီး ချစ်ပြမနေပါနဲ့၊ ပြန်မှိတ်လို့ မရဘဲ နေပါဦးမယ်၊ ပေး...ပလယ်ယာ”

မေ့မှူး ထိုင်ခုံအောက်က ပစ္စည်းသေတ္တာလေးထဲက ပလယ်ယာထုတ်ယူလိုက်သည်။

ပြီးတော့...ဘေးမှန်းကိုချ၍ လှမ်းပေးလိုက်၏။

အဲသလိုဖြစ်မှာ စိုးလို့ မပတ်သက်ချင်တာ။

မှန်ကို နည်းနည်းလေးဟ၍ ပလယ်ယာလှမ်းပေးလိုက်သည် နှင့် သူ့လက်က ပလယ်ယာကို မယူဘဲ မေ့မှူးရဲ့ လက်ကလေးကို တင်းကျပ်စွာ ဖမ်းဆုပ်ပြီးသား ဖြစ်သွား၏။

“မင်း...ဘာလုပ်တာလဲ လက်ရုံး”

“မှန် ခဏလေးချလိုက်ပါ၊ “မ”ကို ကျွန်တော်စကားပြောချင်လို့ ”

"အို…နားမထောင်ချင်ဘူး၊ မင်း…တို့ လက်ကိုလွှတ်နော်၊ ဒုက္ခရောက်သွားချင်သလား"

"ဘာလဲ… 'မ'က အော်မလို့ လား၊ လုပ်လိုက်စမ်းပါ၊ လူတွေ သိလေ ပိုကောင်းလေဆိုတာ 'မ'ပိုပြီးနားလည်သွားမှာ ပါ"

ဘယ်လိုမှ ပြန်ရုန်းလို့ မရတော့ မေ့မှူး မှန်ကို တဆုံးထိ ချပေးလိုက်ရသည်။

သူက တံခါးဘောင်မှာ တံတောင်နှစ်ဖက်နဲ့ ထောက်၍ မေ့မှူး မျက်နှာလေးနဲ့ နီးသထက်နီး အောင် သူ့မျက်နှာကို ငုံ့ကိုင်းလိုက်သည်။

"မ"

စူးရဲသော မျက်ဝန်းနှစ်ခု ဆုံမိကြသည်။

တစ်ဦးသည် ရီဝေရှုန်းလဲ့နေသော်လည်း တစ်ဦးကတော့ မျက်ဝန်းစိမ်းများ နှင့် စူးစူးရဲရဲ ပြင်းထန်စွာ…။

လက်ရုံးက ဂရုမစိုက်စွာ ပြုံးပစ်လိုက်၏။

"'မ'ကို ကျွန်တော်သိပ်ချစ်တယ်"

"မင်းကို...ငါသိပ်မုန်းတယ်"

သူ့မျက်ဝန်းတွေ အေးခနဲဖြစ်သွားသော်လ ည်း အပြုံးမပျက်ပါ။

"'မ'ကျွန်တော့်ကိုချစ်ဖို့ မချစ်ဖို့ က လော လောဆယ် မလိုသေးပါဘူး၊ ဒါပေမဲ့ 'မ'ကို ကျွ န်တော် စိတ်ရှုးပေါက်အချိန်ကုန်ခံပြီး အချိန် တွေသိပ်ပေါ်နေလို့ တကောက်ကောက် လိုက် နေတာ မဟုတ်ဘူး ဆိုတာတော့ 'မ'နားလည် ထားပါ"

သူက မေ့မှုးမျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ကာ...

"မောင့်မှာ ...အကျင့်ရှိတယ်၊ ပေးပြီးရင် ပြ န်ရမှ ကျေနပ်တာ၊ ရင်းနှီးပြီးရင် မြတ်မှ ကြို

က် တယ်၊ အခု'မ'အတွက် မောင် အများကြီး ရင်းနှီးထားခဲ့တယ်ဆိုတာ 'မ'မမေ့ပါနဲ့ "

မေ့မှုး တောင့်တောင့်လေး ဖြစ်ကျန်ခဲ့သည် ။

"မောင်"တဲ့ ။

ပြောရဲလိုက်တာ၊ တစ်ဖက်သတ် ပြောသွားသည် များက တစ်ဖက်ကို မည်သို့သော တုံ့ပြန်မှု မျိုးမှ ပေးခွင့်မရှိတော့သလို…။

သူကားပြင်နေဆဲမှာ မိုးလုံး၀ စဲသွားပြီ ဖြစ်၏။

သို့သော် မေ့မှုးရင်ထဲမှာ တော့ အမုန်းမိုးတွေ ပြင်းထန်စွာ ရွာနေဆဲ…။

*

## အခန်း(၁၁)

"အို...ဘာပြောစရာလိုမှာ လဲ ကိုလေးရယ်၊ သူတို့ က ကျေးဇူးပြုထားတဲ့ လူတွေပဲ၊ သမီး လေး နှစ်ယောက်လုံး ခုလို ပညာဆုံးခန်းတိုင် အောင်သင်နိုင်တာ သူတို့ ထောက်ပံ့ထားလို့ ပဲ ဥစ္စာ၊ သမီး မေ့မှုးလေး ကျောင်းတက်နေတုန်း က အခြေမပျက်ခဲ့တာလည်း သူတို့ ကူညီလို့ ပဲ၊ အဲဒီတုန်းကလည်း ချေးငှားခဲ့တာဆိုပေမယ့် အမည်သာရှိခဲ့တာ၊ ကျွန်မတို့ ဘယ်လောက်များ ပြန်ဆပ်နိုင်ခဲ့လို့ လဲ"

"ဟုတ်တယ်...သူတို့ ကူညီသမျှသာ ကြွေး လို့ သတ်မှတ်ထားခဲ့ရင် တို့ မှာ

အိမ်ခြေယာခြေ ကောင်း မရှိတော့ဘူး၊ အခုလည်း သမီးတောင်းပေမယ့် သူတို့ က ငွေကြေးနဲ့ အနိုင်ယူသလိုမျိုး မင်းတို့ တွေဘက်က အထင်လွဲမှာ စိုးနေကြတယ်"

"မထင်ပါဘူးရှင်၊ သမီးလေး ကောင်းစားမယ့်ကိစ္စကို ဘာအထင်လွဲစရာရှိသလဲ၊ သူတို့ အနေနဲ့ ပညာတတ်၊ ချောချောလှလှ ချမ်းသာတာတွေထဲက ချွေးမကောင်းကောင်း ရွေးလို့ ရနေတာပဲ၊  ကိုယ့်သမီးလေးတွေမှာ ပညာပဲရှိတာ၊ ဘာပြည့်စုံတာရှိလို့ လဲ၊ ကျွန်မဖြင့် ဝမ်းတောင်သာသေးတယ်၊ ဒါနဲ့ သမီးတောင်းမယ်ဆိုတော့ ဘယ်သမီးကိုလဲ၊ သမီးကြီး ပုန်းညက်ကိုပဲ မဟုတ်လား"

"ဒါပေါ့...ပုန်းညက်ပဲဖြစ်မှာ ပေါ့ သူတို့ သဘောကတော့ အကြီးပဲဖြစ်ဖြစ်၊ အငယ်ပဲဖြစ်ဖြစ်၊ သူတို့ သားက သဘောကျတဲ့ မိန်းကလေး

ကိုပဲ လိုချင်တယ်တဲ့ ”

“ဒါနဲ့ …ကိုလေး၊ မေ့မှူးကိုများ ထည့်ပြော လိုက်သလား”

“သူက ကိုယ့်သားသမီးမှ မဟုတ်တာ မိန်းမရာ၊ ခွဲခြားစိတ်နဲ့ ပြောတာတော့ မဟုတ်ဘူး ၊ ဒါပေမဲ့ ကိုယ်က ကောင်းတယ်ထင်လို့ စီစဉ်ပေမယ့် သူက ဒီလိုထင်ချင်မှ ထင်မှာ ။ ကြွေးတင်လို့ သူ့ကို မစာမနာ ထိုးကျွေးတယ်ထင်သွားရင် ငါတို့ ဘာတွေဖြစ်ကုန်မလဲ၊ ကိုယ့်သားသမီးနဲ့ ကိုယ်က ဒါ… ဒီလိုလုပ်ရတယ်ဆို ပြီးတာပဲ”

ပြောမယ့်သာပြောလိုက်ရသည် ။ လိပ်ပြာတော့ သိပ်မလုံပါ။

တကယ်တော့ သူဌေးချွေးမဖြစ်စေချင်သည့် စေတနာထဲမှာ ကိုယ့်သမီးတွေကိုသာ ဖြစ်စေချင်မိသည် က မိဘမေတ္တာပဲ ဖြစ်မည်။

"သူတို့ ဘယ်တော့လာကြမှာ တဲ့ လဲ"

"မင်းသမီးတွေကိုလည်း နားချထားဦးလေ၊ တို့ ကအကြောင်းပြန်မှ ဟိုကလာမှာ ပေါ့"

"စိတ်ချပါ ကိုလေးရယ်၊ အဲဒီကိစ္စ ကျွန်မ တာဝန်ယူပါတယ်၊ သမီးတွေက ဟဲ့...ဆိုရင် ရှေ့တစ်လှမ်းမှ မတိုးတဲ့ သမီးတွေပါ"

လူကြီးတွေက ကိုယ့်အစီအစဉ်တွေနဲ့ ကိုယ် ကျေနပ်နေကြသည် ။

လူငယ်တွေကတော့ ဘာမှ မသိကြသေးပါ။

ပညာလည်း စု ကြင်ရာလည်း စံဖြစ်တော့မည့် ကိုယ့်သမီးအတွက် စိတ်ချမ်းသာသွားပေမယ့် ပညာစုံ အရွယ်ရောက်နေပါလျက်နှင့် ကြင်ရာလိုနေခဲ့လေသော တူမလေးကိုတွေးမိတော့ စိတ်မ ကောင်းဖြစ်မိသည် ။

မိဘမဲ့ အခြေအနေမဲ့လေးမို့ ပူမိတာပါ။

တကယ်တမ်းကြည့်တော့ ပညာတတ်လေး ဖြစ်ခဲ့သည် မှ လွဲ၍ နောက်ကြောင်းမှာ ဘာမှ မရှိ။

*

"ဒါတော့…ဒါပေါ့ ကိုထွန်းရယ်၊ အခု ကိုထွန်းပြောတာတွေက အရှည်သဖြင့်မှန်ပါတယ်၊ လောလောဆယ် ကိုယ့်ပတ်ဝန်းကျင်မှာ ဦးမင်းမြတ်ထွန်းသား ဘယ်လိုမိန်းကလေးနဲ့ ရသွားသလဲလို့ ခေါင်းထောင်ကြည့်လာကြရင် ဒီလောက် ခပ်နိမ့်နိမ့်ထဲကဆိုတာ ဘယ်လိုကြေညာမလဲ"

"မင်းပြောတဲ့ နိမ့်တာမြင့်တာကို ဖန်တီးယူလို့ ရပါတယ်ကွာ၊ တကယ်မြင့်ဖို့ လိုတာက စိတ် ဓာတ်ပါ၊ ကိုလေးဦးရဲ့ သမီးနှစ်ယောက်ကို ငါ သေချာမြင်ဖူးပြီးသား၊ သူတို့ အိမ်မှာ လည်း ဝင်ထွက် သွားလာဖူးတယ်၊ ကိုယ်နဲ့ ဘာမှ ဆက်သွယ်မှုမရှိပေမယ့် အထကမှာ တစ်ကျောင်းတည်း တက်ခဲ့ကြ ဖူးတယ်၊ သူတို့ မျိုးရိုးစဉ်ဆက်ကိုက ပညာတတ်တွေချည်းပဲ၊ ချမ်းသာကြွယ်ဝကြတာ မရှိပေမယ့် အရမ်းတော်ကြတာ၊ ကိုလေးဦးလည်း ကျောင်းမှာ ဆို သိပ်တော်

တာ၊ ဒါပေမဲ့ သူက အရမ်းပျော့တယ် စာမေးပွဲကြီးတွေဖြေပြီဆို ဖျားတာပဲ၊ ဒါကြော င့် အခု သိပ်မြင့်မြင့်ကို မရောက်တာ"

ဦးကိုလေးဦးဆိုတာက အရမ်းခင်သည့် သူငယ်ချင်းမဟုတ်ပေမယ့် ဟိုတုန်းကတည်းက လေးစားအထင်ကြီးခဲ့ရသူ ဖြစ်သည် ။

ခုလည်း မိနီမားကတ်လေးထဲကနေ ဆွဲထုတ်ပြီး သူပဲ သူ့ရဲ့ စူပါမားကတ်ကြီးထဲမှာ အလုပ် ပေးထားခဲ့တာဖြစ်သည် ။

ဦးကိုလေးဦး အဆင်မပြေ၍ ဟိုရုံးဒီရုံးပြောင်း၊ ဟိုစက်ရုံမှာ လုပ် ဒီကုမ္ပဏီမှာ လုပ်။

အလုပ်တွေ ခဏခဏပြောင်းနေတုန်းကလည်း သူပဲ အစစအရာရာ ကူညီခဲ့တာပင်။

ဒီတုန်းက ဘာမှ ဝင်မစွက်ဖက်ခဲ့ပေမယ့် သားနဲ့ ပေးစားဖို့ ကျတော့ ဒေါ်ယဉ်မင်းစံ လက်မခံ ချင်သလို ဖြစ်နေခဲ့သည် ။

"ပြီးတော့...ကိုထွန်းသားက တော်ရုံမိန်းမ လေးကို လက်ခံမှာ မဟုတ်ဘူး ၊ ခုလည်း ဆ ရာဝန်မ တစ်ယောက်ကို ပိုးပန်းနေသတဲ့ "

"ဟိုကလည်း ဆရာဝန်ပဲကွ၊ တကယ့် ငယ် ငယ်ချောချောလေး၊ ဘာပဲဖြစ်ဖြစ် မိဘစီစဉ် တာ ကို လက်ကိုခံရမယ်၊ ဒီကိစ္စမျိုးကို မင်းက အမေ၊ မင်းတတ်နိုင်အောင် လုပ်ရမယ်"

ဒေါ်ယဉ်မင်းစံ မျက်နှာပျက်သွားသည် ။

မြားဦးက ကိုယ့်ဘက်လှည့်နေပြီ ဖြစ်၏။

သူတို့ ကတော့ ကိုယ့်သဘောပဲ၊ သမီးနှစ် ယောက်စလုံးကို ပြောထားမယ်၊ မင်းသားကြို က်တဲ့ မိန်းကလေးက တို့ ချွေးမပဲ

"ကိုထွန်းရယ်...သားကို ဒီလောက်အဆင့်မျိုးလောက်နဲ့ တော့ သဘော မတူနိုင်ပါဘူး"

ဒေါ်ယဉ်မင်းစံ စောဒကတက်ကြည့်သည်။

ဦးမင်းမြတ်ထွန်းက ချာခနဲ ပြန်လှည့်ကြည့်ကာ...

"ဘာလုပ်ဖို့ လဲကွ၊ ရုပ်ချောင်း၊ ပါဝါချောင်းပြိုင်နေမှာ တွေ၊ ဘယ်လောက်တော်နေနေ ထက်နေနေ မိန်းမဟာ မိန်းမအရည်အချင်း မရှိရင် အဲဒီအိမ်ထောင်ရေးက တစ်ခုမဟုတ်တစ်ခု ပျက်စီးတာပဲ၊ ယောကျ်ားဆိုတဲ့ သတ္တဝါတွေ ကိုယ့်သားမယားဆီက ဂရုစိုက်ပြုစုမှုကို တောင့်တနေသရွေ့ မီးဖို ချောင်မဝင်တတ်တဲ့ မိန်းမ တန်ဖိုးလျော့မှာ ပဲ၊ မိန်းမတွေ ယောကျ်ားနဲ့ ဘယ်လောက်ပဲ ရင်ပေါင်တန်း တဲ့ ခေတ်ဖြစ်ဖြစ် ပုခက်လွှဲသောလက်က မိန်းမပဲ၊ ယောကျ်ားနဲ့ မိန်းမရဲ့ စည်းခြားမှုကို ခေတ်နဲ့ ရိုက်ချိုးပစ်လို့ ရသလား၊ ငါကတော့ ငါ့သားကို ငွေရှာနိုင်တဲ့ မိန်းမနဲ့ မပေးစားဘူး၊ ခေတ်ရှေ့ပြေးပြီး လက်

ပွေ့အိတ်တကားကားနဲ့ ပါတီတက်မယ့်မိန်းမ နဲ့ လုံးဝသဘောမတူဘူး...ဒါပဲ”

ဦးမင်းမြတ်ထွန်းကလည်း တစ်ယူသန်သမား။

ဒေါ်ယဉ်မင်းစံ ဘဝင်မကျပေမယ့် ဘာမှ မပြောသာတော့ပါ။

ကိုယ်ကတော့ တစ်သက်လုံးက လေးစား ခေါင်းညိတ်ခဲ့ရတဲ့ အတိုင်း နာခံလိုက်မှ ပဲဖြစ် သည် ။

သားငယ်က ချောချောလွယ်လွယ် လက်ခံမှာ တဲ့ လား။ မတတ်နိုင်ပါ။

သမီးကြီးကိုပါ လှည့်ဆွဲ၍ စစ်ကူတောင်းရ တော့မည်သာ။

*

# အခန်း(၁၃)

"အဲဒါ လုံးဝမဖြစ်နိုင်ဘူး မေမေ၊ ကျွန်တော် လက်မခံဘူး"

"လက်မခံလို့ ရမလား၊ မင်းအဖေစီစဉ်တာ စေ့စပ်ဖို့ တောင် အစီအစဉ် မပါဘူး၊ မင်းတို့ ချင်း တွေ့ပေးပြီးတာနဲ့ မင်းလက်ညှိုးထိုးတဲ့ မိန်းကလေးကို တစ်ခါတည်းတောင်းမှာ ၊ အမြန်ဆုံး လက်ထပ်ပေးမှာ "

"ဘယ်သူ့မှ လက်ညှိုးမထိုးဘူး၊ အဲဒါ သေချာတယ်"

လက်ရုံးက အိပ်ရာထက်မှာ ပက်လက်လှန်၍ စီးကရက်သောက်နေရာမှ လုံးဝထထိုင်ခြင်း

မပြုဘဲ အဝီအပြင် ငြင်းနေတာဖြစ်သည် ။

"မောင်လေးရယ်...မနေ့က မေမေနဲ့ မမ ရောက်ခဲ့တယ်၊ ဟိုဆရာဝန်မလေးက ဆံပင် ကျော လယ်လောက်လေးနဲ့ ဖြူဖြူနွဲ့နွဲ့ချစ်စရာ လေး၊ ယဉ်လည်း အရမ်းယဉ်ကျေးတာပဲ၊ မင်းမြင်ရင် သဘောကျသွားမှာ ရှေ့နေကောင် မလေးကလည်း ချောတာပဲ၊ ဒါပေမဲ့ ဆံပင်တို တိုလေးနဲ့ ဆိုတော့ အရမ်းနုတယ်၊ နုပေမယ့် ဆံပင်လေးတွေကို နောက်မှာ သားရေကွင်းနဲ့ စုချည်ထားတဲ့ မျက်နှာလေးကလည်း ချစ်ဖို့ ကောင်းတာပါပဲ"

"ချစ်ဖို့ ကောင်းတာတွေ အများကြီးပဲဟာ၊ ဘာလုပ်ရမှာ လဲ"

"ဒါပေါ့...မင်းက ဟိုတစ်ယောက်ကိုပဲ တမ်းတမ်းစွဲနေတာကိုး၊ သူ့မျက်နှာက အရမ်း လှပေ မယ့် သူ့မျက်လုံးတွေက ပူလောင်လွန်း

တယ် မောင်လေး၊ ဒီလိုမိန်းမမျိုးကိုယူပြီး မင်း တစ်သက်လုံး စိတ်ဆင်းရဲသွားမှာ ပဲ၊ အဲဒါ…မ မပြောရဲတယ်”

“တစ်သက်စာ ကြိုတွေးမနေပါနဲ့ မမရာ၊ မ နက်ဖြန်ကို ဖြတ်သန်းဖို့ ပဲ စဉ်းစားစမ်းပါ၊ ကျွ န်တော့်ဘဝမှာ ကျွန်တော် အထင်ကြီးစွဲလမ်း တဲ့ မိန်းမတစ်ယောက်ပဲရှိတယ်၊ အဲဒါ…သူပဲ”

ဒေါ်ယဉ်မင်းစံ ဒေါပွသွားလေသည် ။

သားရဲ့ အိပ်ရာဘေးမှာ ထိုင်နေရာမှ ဆတ် ခနဲထရပ်လိုက်၏။

“တော်ပြီသား…အဖေကတစ်မျိုး၊ သားက တစ်မျိုးနဲ့ မေမေ ဦးနှောက်ခြောက် လာပြီ၊ မင်းသဘောကျကျ မကျကျ အဖေစီစဉ်တာကို နာခံရမယ်၊ သက်တမ်းတစ်လျှောက်လုံး ထင် သလိုနေ ကြိုက်သလို ပျော်ခဲ့ပြီးပြီ ကျန်တာ မိ ဘကို စိတ်ချမ်းသာအောင်ထားဖို့ ပဲ ကြိုးစား၊

မနက်ဖြန် အင်းယားလမ်းက ခြံနံပါတ် (×××)ထဲကို ကားဝင်လိုက်တာနဲ့ မိဘရဲ့ စိတ်နဲ့ မင်းရဲ့ ကိုယ်ပဲ"

"ဟင်..."

နားကြားလွဲသွားတာလား...

လက်ရှိုး လှဲနေရာမှ ဒေါက်ခနဲထထိုင်လိုက်သည်။

"အင်းလျားလမ်းက (×××)ခြံ၊ ဟုတ်လား...မေမေ"

"ဟုတ်တယ်...ဘာလဲ သိနေလို့ လား"

"အဲဒီသမီးနှစ်ယောက်ဆိုတာ ဘယ်သူတွေလဲ၊ ကျွန်တော့်ကို ပြန်ပြောပါဦး"

ဒေါ်ယဉ်မင်းစံရော ပန်ကေသီပါ မျက်နှာတွေပြုံးကျသွားကာ...

"ဒေါက်တာ ပုန်းညက်နိုင်တဲ့ ၊ အခုတော့

အလုပ်သင်ဆရာဝန်အဆင့်ပဲပေါ့၊ တစ်ယောက်က အင်ကြင်းမာလာ...တဲ့ ”

ရင်ထဲမှာ ဟာခနဲဖြစ်သွားသည် ။

ခေါင်းငိုက်စိုက်ကျသွားခဲ့သည် တော့ မဟုတ်ပေ။

ဒီခြံနဲ့ ခပ်လှမ်းလှမ်းသို့ သူ ခဏခဏ နေ့တိုင်းလိုလိုရောက်ခဲ့တာ ‘မ’ကိုလိုက်ပို့ရင်းနဲ့ ဖြစ်သည် ။

‘မ’ထိုအိမ်မှာ နေပါသည် ။

အခု‘မ’နာမည် ဘာလို့ မပါခဲ့တာလဲ။

“အဲ ဒီ အိမ် မှာ သူတို့ နှစ်ယောက်ပဲရှိတာလား မေမေ”

“ဟုတ်တယ်...ကိုလေးဦးမှာ သမီးနှစ်ယောက်ပဲ ရှိတာ ဘာဖြစ်လို့ လဲ”

လက်ရုံး ဘာမှ ပြန်မပြောဖြစ်ဘဲ

ပေးငိုင်သွားလေသည် ။

ကံကြမ္မာကောက်ကြောင်းက ဆုံမှတ်နား ကျမှ အဘယ့်ကြောင့် ဘေးကို ကွေ့ချော်သွားခဲ့ပါ သနည်း။

*

# အခန်း(၁၄)

"ဟာ...မမက ဒီနေ့ သိပ်လှနေပါလား၊ ဗေဒါရောင်လေးနဲ့ တကယ်မိတယ်"

ပုန်းညက်ခိုင်က နားသယ်စပ်က ဆံစလေးတွေကို ဖွဖွလေးပင့်ယူ၍ ဖားလျားချထားသည့် ဆံပင်တွေနောက်မှာ ကလစ်လှလှလေးနဲ့ စုထိုးထားလိုက်သည်။

ထို့နောက် ပြည့်စုံပြီးနေသည့် မျက်နှာလေးကို ပတ်ဖ်နဲ့ သေချာ ထပ်ရိုက်ပြီးမှ အင်ကြင်းဘက်ကို လှည့်၏။

"ပြင်သာပြင်နေရတာပါဟာ၊ ရောက်လာမယ့်သူက ဖြူသလား၊ မည်းသလားတောင် မသိ

ရ သေးဘူး၊ ရည်းစားထားရတာထက်တောင် ရင်ခုန်သေးတယ်"

"သြော်…မမကလည်း ငယ်ငယ်ချောချော လေးပဲတဲ့ ဖေဖေပြောသားနဲ့ ဟာ၊ ရုပ်မဆိုးဘူး ဆိုတာတော့ သေချာပါတယ်"

"နှင်ကရော…ဒါပဲလား၊ မျက်နှာမှာ ဘာမှ မရှိဘူး"

အင်ကြင်းက သူ့ကိုယ်ကိုပြန်ကြည့်၍ ရယ်သည်။

"တော်ပြီပေါ့ မမရဲ့ ၊ နှစ်ယောက်လုံး ပန်းကုံးစွပ်သလိုကြီး ပြင်ဆင်ထားဖို့ မလိုပါဘူး၊ မေမေက ပြောတယ်၊ ဟိုက အရမ်းချမ်းသာတယ်တဲ့ ၊ ကိုယ့်မှာ ငွေမရှိပေမယ့် ဆရာဝန်လောက် တော့ ဖြစ်နေမှ မျက်နှာမငယ်ရမှာ တဲ့ ၊ အင်ကြင်းက ရှေ့နေအဆင့်လောက်နဲ့ တိုးစရာလား မမရဲ့ ၊ ပြီးတော့ အင်ကြင်း ဒီလို အရွေးခံ

ရမှာ မျိုးကြီးကို စိတ်မဝင်စားဘူး”

“ဟော့…အို…တယ်လှပါလားကွယ်၊ မမကို ပြာသွားတာပဲ”

“မေ့မှူး”

“ဟုတ်တယ်…မေ့မှူးရေ၊ ခုပဲ အဲဒါပြောနေတာ၊ မမြင်ဘူးသေးတဲ့ ခင်ပွန်းလောင်းကို ဘယ် လောက် စိတ်ဝင်စားမှုရှိသလဲ မရှိသလဲ ပြင်နေတာကိုကြည့်လေ”

“အင်ကြင်းနော်”

“မဟုတ်လို့ လား”

“ဘာဟုတ်ရမှာ လဲ၊ ကိုယ်ခေါင်းညိတ်ခဲ့ပြီးမှ တော့ လှလှပပ ပြင်ရမှာ ပဲ… မဟုတ်ဘူးလား”

“ကဲပါဟယ်…စ,မနေပါနဲ့ ၊ အပြင်မှာ ညှေ့သည် တွေစုံနေပြီ၊ မြန်မြန်လုပ်ကြ”

လူငယ်ချင်း မမြင်ဘူးကြသေးပေမယ့် စီစဉ်ထားကြသည့် က ဒါဟာ ထမင်းဖိတ်ကျွေးတာ မဟုတ်သလို မိတ်ဆက်ပွဲလည်း မဟုတ်။

တစ်ခါတည်း သမီးတောင်းမယ့်ပွဲ ဖြစ်သည် ။

ထို့ကြောင့် ခြေရင်းခေါင်းရင်း လူကြီးနည်းနည်းပါးပါးကို ဖိတ်ထားခဲ့တာဖြစ်လေသည် ။

"လူစုံပြီဆို မမမှူးကရော၊ ရေမြန်မြန်ချိုးလေ"

"ရပါတယ်၊ တို့ က ပုန်းညက်ရဲ့ မင်္ဂလာကိစ္စမှာ ပါဝင်ရမှာ မို့ ဂျူတီချင်းချိန်းပြီးထွက်လာတာ၊ ပြီးရင် ပြန်သွားရဦးမှာ ၊ တော်သေးတာပေါ့၊ ဒီမှာ ...မင်္ဂလာပွဲမိလို့ "

"သမီးရေ"

"ရှင်...ဟော...ဧည့်သည် တွေ လာပြီထင်

တယ်"

အင်ကြင်းပြောလိုက်မိတုန်း ဒေါ်စံပယ် အခန်းဝမှာ ပေါ်လာသည်။

"ဟိုဘက်ကဧည့်သည် တွေ ရောက်လာကြပြီ၊ မပြီးသေးဘူးလား"

"ပြီး…ပြီးပြီ မေမေ"

ပုန်းညက် ရင်လေးတဖျတ်ဖျတ်ခုန်ကာ တို့ပတ်ကိုင်လိုက်၊ နှုတ်ခမ်းနီကိုင်လိုက်နှင့် အယောင် ယောင် အမှားမှားတွေ ဖြစ်ကုန်၏။

"အို…ထပ်မဆိုးနဲ့ တော့လေ၊ မမကလည်း နှုတ်ခမ်းနီတွေ များ သွားမှာ ပေါ့၊ ထ…ထ… လိုက် သွား"

အင်ကြင်းက ပုန်းညက်လက်ထဲက နှုတ်ခမ်းနီဘူးကို ဆွဲယူချထားကာ ပခုံးလေးမှ ဆွဲထူလိုက်၏။

"နင်ပါလိုက်ခဲ့လေ"

"မမကလည်း နှစ်ယောက်ပူးကြီး တွဲထွက်ပြတာ အောက်ပါတယ်၊ မမဘာသာ မေမေနဲ့ သွားပါ၊ အင်ကြင်း မမမှူးနဲ့ နောက်ကလိုက်ခဲ့မယ်"

ပုန်းညက် ခြေတုန်လက်တုန်လေး ပါသွားလေသည် ။

"မမမှူး အင်္ကျီလဲလိုက်ဦးလေ"

"မလဲတော့ပါဘူး အင်ကြင်းရယ်၊ ဒါလည်း ကောင်းပါတယ်၊ ခေါင်းပဲဖြီးတော့မယ်"

မေ့မှူးက အဖြူဘက်ပါနေသော ပြာလဲ့လဲ့ ခေါင်းစွပ်ဆွယ်တာ လက်ရှည်လေးကို သေသပ် အောင် ဆွဲချပြုပြင်၍ ဆံပင်ရှည်တွေကို ပြန်ဖြီးသည် ။

ပြီးတော့ ရွှေခြည်နားနဲ့ ကြည်ပြာရောင်ထ

ဘီနဲ့ အရောင်တူ အပြာရောင်ပဝါလေးကို လက်ကိုင်အိတ်ထဲကထုတ်၍ နောက်မှာ ဆံပင်တွေကို စုချည်ထားလိုက်၏။

"လာ...သွားမယ် အင်ကြင်း"

အင်ကြင်းက မေ့မှူးလက်မောင်းလေးကို ဆုပ်ကိုင်၍ ပြုံးရယ်လျက်...

"မမမှူးက အရမ်းဆုတောင်းကောင်းတာပဲ နော်၊ မမ တစ်ညလုံး မှန်ရှေ့မှာ ထိုင်ပြင်နေတာ တောင် မေ့မှူးရဲ့ ချွေးစို့နေတဲ့ မျက်နှာလေးကို မမီဘူး၊ အရပ်မြင့်တယ်၊ ကိုယ်လုံးလှတယ်၊ မမမှူးက ဘယ်က ကြည့်ကြည့် လှနေတာပဲ"

"အပြင်မှာ မင်္ဂလာပွဲပြီးတာနဲ့ မုန့်စားရမှာပါ၊ တို့ကို သိပ်မြှောက်မနေပါနဲ့ "

"ဒါ...မြှောက်စရာလား"

"သမီးငယ်ရေ"

"ရှင်... လာပြီမေမေ"

သူတို့ နှစ်ယောက် လက်ချင်းချိတ်၍ ထွက်လာခဲ့ကြသည် ။ ဧည့်ခန်းထဲမှာ ပြင်ဆင်ထားသမျှ ဆိုဖာ ဆက်တီတွေမှာ ဧည့်သည် တွေ ပြည့်နေပြီ ဖြစ်၏။

အားလုံးက သူမတို့ ထံသို့ လှမ်းကြည့်ကြသည် မှာ စကားသံတွေ တိတ်ကျသွားကြတာမို့ အားနာစိတ်လေးနှင့် မေ့မှုးမျက်လုံးဝေ့အကြည့်

"အို"

ခြေလှမ်းက တုံ့ခနဲရပ်သွားသည် ။

"ဟင်"

အင်ကြင်းလည်း နှုတ်ခမ်းလေးပွင့်ဟသွား၏။

ပုစွန်ဆီရောင်ပျော့ပျော့
ရှပ်အင်္ကျီလေးညှင်းရောင်
ပိုးပုဆိုးနှင့်တိုက်ပုံဖြူဆွတ်ဆွတ်ကို ဝတ် ထား
သည့် ထိုမျက်နှာချောချောကို သူမ မသိဘဲနေမ
လား။

မေ့မှူးကို အသေအလဲလိုက်နေသည် မှာ မ
ကြာခဏမြင်နေရသည့် ပြကွက်ဆန်းများ လိုပ
င်။

ရွှေဆက်တိုးဖို့ ကို စိတ်က ဟန်ဆောင်ချင်
ပေမယ့် မေ့မှူး ခြေလှမ်းတို့ က တုတ်တုတ်မ
လှုပ်ဘဲ ရှိကာ မျက်နှာတစ်ပြင်လုံး ထူအမ်းအ
မ်းကြီး ဖြစ်နေမိသည် ။

"ဘုန်းလက်ရုံး"

သူ့မျက်နှာက မေ့မှူးလို အံ့သြသွားတာမျိုး
မဖြစ်ဘဲ မြင်နေကျ အတိုင်း ခပ်ရဲရဲစိုက်ကြည့်
လျက် နှုတ်ခမ်းအစုံက ခပ်လွန့်လွန့်ပြုံးနေ၏။

"ဒီနေ့ ပုန်းညက်ကို လာတောင်းမယ့်သတို့သားက သူလား"

"အို...ဟုတ်ပါ့မလား...ဟုတ်ရဲ့ လား"

ဘာလုပ်လုပ် ဟင်ခနဲ...ဟာခနဲဖြစ်အောင် ကြိုတင်စီစဉ်လုပ်တတ်သော လက်ရုံး အကျင့်ကို သူမသိသည်။

ဒီမင်္ဂလာပွဲကို မေ့မှူးမတက်ရဲတော့ပေ။

လူဘုံအလယ်မှာ လက်ရုံး မဖွယ်မရာ တစ်စုံတစ်ခုများ ထပြောလိုက်လျှင် အားလုံးမျက်နှာ ပျက် အရှက်ရတော့မည်။

ပြီးတော့ သတို့ သမီးလောင်း ပုန်းညက်ခိုင်ကို ငဲ့ညှာရတော့မည်။

"သွား...သွားတော့ အင်ကြင်း၊ တို့ ...ပြီးတော့မှ လိုက်ခဲ့မယ်နော်"

"မမမှူး"

အင်ကြင်းက မေ့မှုးလက်ကို ဆွဲထား၏။

သူမထင်သည် က မေ့မှုးတစ်ယောက် သူမ ချစ်သူကို မြင်လိုက်ရသဖြင့် တုန်လှုပ်ခံစားသွား ရသည် ဟု ။

လက်ရှုံးရဲ့ ပါးစပ်ကိုကြောက်သော မေ့မှုး က အင်ကြင်းလက်ကို အတင်းဖြုတ်ချ၍ နောက်ပြန်လှည့်ဖို့ ကြိုးစားဆဲ။

" 'မ'...'မ' ဘယ်သွားမလို့ လဲ"

လက်ရှုံး နေရာမှ ဖျတ်ခနဲထရပ်လိုက်လျှင် အားလုံး ဟင်ခနဲ ဟယ်ခနဲ ဖြစ်ကုန်ကြလေသည် ။

မေ့မှုး နေရာမှာ တင် မူးလဲကျမတတ် တုန်လှုပ်သွားသည် ။

လက်ရှုံးက နေရာမှ လျှောက်ထွက်လာကာ သူမဆီသို့ တန်းတန်းမတ်မတ်။

“ ‘မ’ကို မောင်လာတောင်းတာ၊ ‘မ’က ဘယ်သွားမလို့လဲ”

“မင်း…မင်း ဘာတွေပြောနေတာလဲ”

“ဟာ…‘မ’က လုပ်ပြီကွာ၊ ‘မ’နဲ့ မောင် သေသေချာချာ ပြောထားခဲ့ကြပြီးသား၊ ရက်အတိအကျ မချိန်းဘဲ လာခဲ့တာက ‘မ’အချိန်တွေ ထပ်ဆွဲနေမှာ စိုးလို့ပါ၊ အဲဒီအတွက် မောင်တောင်းပန် ပါတယ်၊ အားလုံးစီစဉ်ပြီး ထွက်လာကြပြီးမှ ကတောက်ကဆဖြစ်အောင်တော့ မလုပ်နဲ့ ကွာ ”

“မ… မဟုတ်ဘူး …မင်း”

“သား…အို…သူ…သူက ဘယ်သူလဲ”

ဒေါ်ယဉ်မင်းသန့် မျက်စိရောနားတွေရော ရှုပ်ကုန်သည် ။

ခုနကပဲ ဒေါ်စံပယ် တယုတယဆွဲခေါ်လာခဲ့

သည့် ပုန်းညက်ခိုင်ဆိုတာလေးက ရှေ့မှာ ထိုင်လို့ ။

ဦးမင်းမြတ်ထွန်း ဘာကို မကျေနပ်ရမှန်းမသိ ဘာပြောရမှန်းလည်း မသိပေ။

ဦးကိုလေးဦးတို့ လင်မယားလည်း ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။ ကျန်သည့်ဧည့်သည် တွေ အားလုံး ပါးစပ်ပိတ်တိတ်ဆိတ်နေကြ၏။

"မေမေ...အဲ့...အဲဒါ မောင်လေးချစ်နေတာ သူ့ကိုပေါ့"

"ဟင်"

ပန်ကေသီစကားကို အားလုံးကြားကြသည် ။

ဒေါ်စပယ် သဘောပေါက်သွားလေသည် ။

လက်ရုံးကို မြင်လိုက်သည် နှင့် ခြေလှမ်းရ

ပ်ကာ တုန်လှုပ်ချောက်ချားသွားသည့် မေ့မှူးရဲ့ အဖြစ်ကို တလွဲတွေးယူကာ မျက်နှာမှာ အံ့ဩမှုအစား သနားကြင်နာခြင်းတို့ အစားထိုး ဝင်ရောက် လာ၏။

သူတို့ က ချစ်သူတွေကိုး၊ ဒါကြောင့် သူ့ခမျှာ တုန်လှုပ်သွားရှာတာဟု ပင့်သက်လေး ကျိတ် ရှိုက်လေသည် ။

“ မဟုတ်ဘူး ၊ မဟုတ်ဘူး …လက်ရုံး မင်း ဘယ်လိုပြောလိုက်တာလဲ”

“ဟုတ်တာပြောတာပဲ ‘မ’ရာ၊ ခုမှ ရှက်မနေပါနဲ့ တော့၊ ‘မ’ကို ရယူဖို့ ကိစ္စမဟုတ်ရင် မောင်က ဒီနေရာကို ဘာလာလုပ်ရမှာ လဲ၊ မောင့်မိဘတွေလည်း ပါတယ်ကွာ၊ လူကြီးတွေ မျက်နှာကိုတော့ ငဲ့ပါ”

“အို…ဟုတ်မှ မဟုတ်တာ၊ တကယ်ပါရှင်၊ သူနဲ့ မေ့မှူး ဘာမှ မဆိုင်ပါဘူး”

"ဘာလို့ ဆိုင်ရမှာ လဲ 'မ'၊ မောင့်သိက္ခာကို ထပ်မစော်ကားနဲ့ နော်၊ ဒီနေရာမှာ မောင်တစ်ယောက်တည်း မဟုတ်ဘူး "

ဦးမင်းမြတ်ထွန်း ဆတ်ခနဲ ထရပ်လိုက်သည်။

"သား...မင်းတို့ ချင်း သိနေပြီးရက်နဲ့ အချင်းချင်းပြေလည်အောင် ညှိနှိုင်းမထားဘဲ လူကြီး တွေကို အရှက်ခွဲလိုက်တာလားဟင်"

" မဟုတ်ဘူး ဖေဖေ၊ 'မ'နဲ့ ကျွန်တော် ချစ်နေတာကြာလှပြီ ဖေဖေက တောင်းပေးမယ်လည်း ပြောလို့ ကျွန်တော် သူ့ထပ်ပြီး အချိန်ဆွဲလို့ မရအောင် ကြိုချိန်းမထားခဲ့တာ"

"ခဏနေကြပါဦးရှင်"

ဒေါ်စံပယ်က လိုက်၍ ထရပ်လိုက်ကာ...

"သမီးလေးက သူ့ညီမနဲ့ စေ့စပ်တာမှတ်ပြီး

ညီမကို ငဲ့ညာတဲ့ သဘောနဲ့ ငြင်းနေတာပါ၊ ဦး မင်းမြတ်ထွန်းတို့ သားက တောင်းရမ်းတာကို ကျွန်မတို့ လက်ခံပါတယ်၊ အစကတည်းက ဘယ်သမီးနဲ့ ပဲဖြစ်ဖြစ် သုံးယောက်လုံး သမီးချည်းပဲမို့ ကျွန်မတို့ ဘက်က ငြင်းစရာမရှိပါဘူး၊ နှစ်ဖက်လူကြီးတွေ မျက်နှာမပျက်ရပါဘူးရှင်၊ အားလုံးပဲ အေးအေးဆေးဆေး ဆက်နေပေးပါ၊ ခုလို ကလေးချင်း မေတ္တာရှိပြီး သားဆိုတော့ ပိုကောင်းတာပေါ့ရှင်၊ ဒီနေ့ သမီးတောင်းရမ်းစေ့စပ်ပွဲမှာ သမီးလေးမေ့မှူးနဲ့ သား လက်ရုံးကို နှစ်ဖက်မိဘ သဘောတူကြည်ဖြူစွာ လက်ခံခဲ့ကြောင်း ကြေညာပါရစေ”

“ဖြောင်း…ဖြောင်း…ဖြောင်း”

အံ့ဩငေးမောနေကြသော ဦးမင်းမြတ်ထွန်းတို့ ဇနီးမောင်နှံမှ လွဲ၍ အားလုံးလက်ခုပ်တီး ဩဘာ ပေးကြသည် ။

မေ့မှုး နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်လာ၏။

အင်ကြင်းလက်ဖဝါးလေးကို စေးကပ်နေသော သူ့မလက်ဖဝါးလေးနှင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း ညွှတ်ခွေလုလု ခန္ဓာကိုယ်ကို ထိန်းချုပ်ထားနေရသည် ။

လှမ်းကြည့်လိုက်တော့ ပြုံးပြုံးလေး လှမ်းကြည့်နေသည့် ပုန်းညက်ခိုင်ရဲ့ မျက်ဝန်းမ၂၁ မျက်ရည်ကြည်လေးတွေ ဝေ့နေတာကို တွေ့သည် ။

"သွားပြီ"

အားလုံး ရေစုန်မျောကုန်ပြီ။

နားလည်ခွင့်လွှတ်ပေးနေသော ပုန်းညက်ရဲ့ အပြုံးကို မကြည့်ရဲစွာ မေ့မှုး မျက်နှာလွှဲကာ ချာခနဲ ပြန်လှည့်ပြေးလာခဲ့၏။

အခြေအနေဟာ ဘာဖြစ်လို့ သူ့ဘက်မှာ ချည်း ဖြစ်သွားခဲ့တာလဲ၊ အားလုံးလူကြီးတွေရှေ့မှာ အန်တီကိုယ်တိုင် ကြေညာပစ်လိုက်တဲ့ အဖြစ်အတွက် မေ့မှုးဘယ်လိုငြင်းရမလဲ။

သောသောညံသော လက်ခုပ်သံတွေကို နားထဲမှာ စွဲထင်လျက်...

နားနှစ်ဖက်ကို တအားဖိပိတ်ပစ်လိုက်မိသည် ။

သိပ်ကို ရှုံ့မှုန်းစရာကောင်းတဲ့ ယောက်ျား...။

*

## အခန်း(၁၅)

နှစ်ဖက်မိဘ၏ ဂုဏ်သရေကြောင့် မင်္ဂလာပွဲက ထင်တာထက် ပို၍ စည်ကားနေသည်။

ကြက်သွေးရောင် ကတ္တီပါလဲ့လဲ့မှာ ရွှေရောင်ဝင်းလက်နေသော...

**ဘုန်းလက်ရှုံး (B.Sc)**

**နှင့်**

**ချစ်ရိပ်မေ့မှူး (M.B.B.S)**

ဆိုသည့် စာလုံးကြီးတွေက ကန့်လန့်ကာ လှုပ်ခါသွားတိုင်း တဝင်းဝင်းတလက်လက်ရှိကာ ဒေါသဖြစ်နေသည့် စိတ်ကို နှိုးဆွပေး နေ

သကဲ့သို့ ရှိနေပြန်သည် ။

အဆိုတော်တွေ တစ်ယောက်ပြီးတစ်ယောက် တက်ဆိုနေကြသော စတေ့ချ်ပေါ်မှ မင်္ဂလာသီချင်းတွေက တစ်ပုဒ်နဲ့ တစ်ပုဒ် မထပ်ပေမယ့် ဒါတွေချည်းကြားနေရတာ မေ့မှုးအတော်ကြီး သည်းခံနေရသည် ။

ဒီကြားထဲ လက်ကိုဆွဲထားတာ တစ်ချက်မှ မလွှတ်။

"ဘာဖြစ်လို့ အတင်းရုန်းနေတာလဲ"

"ဘာဖြစ်လို့ အတင်းကိုင်ထားတာလဲ...လွှတ်"

"လွှတ်လို့ ဖြစ်မလား၊ မောင်လွှတ်လိုက်ရင် 'မ'လွှတ်လွှတ်ကျွတ်ကျွတ် သွားထိုင်နေမှာ မဟုတ်လား"

"အဲဒါဘာဖြစ်လဲ၊ ဒီမှာ ဘယ်လောက် စိတ်

ညစ်နေပြီလဲ…သိလား၊ လွှတ်လို့ ပြောနေတယ် နော်”

“မလွှတ်ဘူး”

နှစ်ယောက်သား လူမကြားအောင် ကြိတ်ဖြစ်နေကြသည်။

မေ့မှုးက ရှန်းလေ…သူက ဖိဆုပ်ထားလေ။

လက်ဖဝါးက ပူနွေးနှာကျင်လာသည်။

“ဟော့…မေ့မှုး၊ လာပါ…လာပါ…ပြောတော့ဖြင့် ဘာလေးညာလေးနဲ့ တို့ မင်္ဂလာဆောင်တာကို အားကျသွားတာ မဟုတ်လား၊ သိသားပဲ…အဲဒီမှာ ကတည်းက မင်းတို့ နှစ်ယောက် ချစ်နေကြ တာကိုး”

“မဟုတ်…”

“ ‘မ’ မငြင်းနဲ့ လေ၊ လူတွေ စပ်စုကြဦးမယ်

”

လက်ရုံးက မေ့မှူးလက်ဖဝါးလေးကို တစ်ချက်ဖျစ်၍ ကပ်ပြောလိုက်ပြီး ဒေါက်တာချို့ချို့ဇော်တို့ ဇနီးမောင်နှံကို သွားကြိုလိုက်သည်။

“ကွန်ဂရက်ကျူလေးရှင်း…ညီလေး”

“သင့်ခ်ယူ”

ချို့ခင်ပွန်းနဲ့ လက်ဆွဲနှုတ်ဆက်ကြသည်။

“ဟိုဘက်မှာ တာရာတို့ အုပ်စုရှိတယ်…အစ်ကို”

“ဟုတ်လား…ဒါဆို ကိုယ်တို့ အဲဒီမှာ ပဲ သွားထိုင်တာပေါ့”

သူတို့ စုံတွဲကို နေရာချပေးပြီး ဒီဘက်ပြန်လှည့်လိုက်သည်။

“ဟာ…ကိုကြီး ဘယ့်နှယ် တစ်ခါတည်းမလိုက်ဘဲ ခုမှ နောက်ချန်ပြီး လိုက်လာတာလဲ”

မိုးချာန်က မပွင့်တပွင့်ပြုံး၍ လက်ဖွဲ့ပစ္စည်း လေးကို လက်ရုံးလက်ထဲအပ်သည် ။

"ဆရာ"

ကိုယ့်နံဘေးက နူးညံ့တိုးလွသော အသံ လေး ထွက်လာတော့မှ လက်ရုံး ဖျတ်ခနဲ ငုံ့ကြ ည့်ဖြစ် သည် ။

မေ့မှုးမျက်ဝန်းတွေမှာ လေးစားခြင်း၊ အား နာတောင်းပန်ခြင်းများ နှင့် နူးညံ့ရိဝေနေသည် ။

ဒီမျက်ဝန်းမျိုး ဒီအကြည့်မျိုး မေ့မှုးထံမှ သူ မရခဲ့ဘူးပါ။

မိုးချာန်ရဲ့ နီမြန်းမြန်းမို့အစ်ပြီး မျက်နှာမှာ လည်း ဟန်ဆောင်ပြုံးရဲ့ နောက်ကွယ်မှာ နာ ကျင်မှု နားလည်မှုများ နှင့် ပြည့်သိပ်လျက်။

ချောမောသောရုပ်သွင် ပျောက်နေလောက်

အောင် အရက်သမားကြီးဖြစ်ခဲ့ရသည့် မိုးဈာန် ရင်ထဲက လတစ်စင်းကို သူသိလိုက်ပြီ။

လက်ရုံးက မေ့မှူးရဲ့ ပခုံးလေးကို ဖက်၍ ပေါ့ပါးစွာရယ်လိုက်သည် ။

"ကိုကြီးနဲ့ 'မ'က သိနေကြတာကိုး၊ ဒါဆို မိတ်ဆက်ပေးဖို့ မလိုတော့ဘူး"

"ဖိတ်စာဖတ်ရပြီးကတည်းက ကိုကြီးက ညီလေးကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချင်လွန်း လို့ ဖုန်းဆက်မလို့ ပါ၊ တကယ်...လက်ရုံး မင်း သိပ်ကိုတော်တယ် ညီလေး"

မိုးဈာန်က လက်ဆွဲ၍ လှိုက်လှိုက်လှဲလှဲ ချီးကျူးသည် ။

"မေ့မှူးနဲ့ မင်း လိုက်ဖက်တယ်၊ တင့်တယ်တယ်၊ နှစ်ယောက်လုံးအတွက် ကံကောင်းခြင်း လက်ဆောင်တွေ မွေးဖွားလိုက်သလိုပါပဲ၊ ကိုကြီး တကယ်ဝမ်းသာတယ်၊ ကွန်ဂရက်ကျူ

လေးရှင်း ဆိုတာထက်ပိုပြီး နှစ်ထောင်းအားရ ဂုဏ်ပြုပါတယ်”

သူ မေ့မှူးကိုပါ လက်ဆွဲနှုတ်ဆက်သည် ။

“ကျေးဇူးတင်ပါတယ် ဆရာ”

မေ့မှူးမျက်နှာပေါ်က
စိတ်မကောင်းဟန်များကို မိုးစျာန်က အပြုံးနဲ့ ပေါ့ပါးစွာ ဖျောက်ဖျက် ပစ်သည် ။

လက်ရုံးက မိုးစျာန်ကို ကြယ်တာရာတို့ စားပွဲကို လိုက်ပို့၏။

“ဟာ...ကိုကြီး...လာ”

“အေးကွ...ကိုကြီး နောက်ကျသွားတယ်”

“မကျပါဘူး...ကိုကြီး၊ ဘယ်လိုပွဲမျိုးမှ မသွားဘဲ အပြင်မထွက်တာ ကြာပြီဥစ္စာ၊ ဒီနေ့ မင်္ဂလာ ဆောင်ကို ထွက်လာတာ တယ်ထူးဆန်းပါလား”

မိုးဈာန်က ဘာမှ မဟုတ်သလို ရယ်ကျဲကျဲနှင့် လက်ရုံးကို လှမ်းကြည့်၏။

"ကိုယ့်ညီတွေ ဘယ်သူပဲမင်္ဂလာဆောင်ဆောင် ကိုယ်မလာဘဲ နေလို့ ရမလား၊ ဟဲ ဟဲ … မဟုတ်ဘူး လား၊ မေ့မှူးက ကိုကြီး တပည့်ဟောင်း"

"ဟင်"

အားလုံးအကြည့်တွေ မေ့မှူးဆီသို့ စုဝေးသွားသည် ။

မိုးကျုနတ်မိမယ်လေးလို လှနေသည့် မေ့မှူးနဲ့ မိုးဈာန်ရဲ့ ခပ်နွမ်းနွမ်းအပြုံးကြီးကို ချက်ချင်း ရိပ်မိကြလေသည် ။

ဘယ်လောက်ပဲ ဟန်ဆောင်ဆောင် အပူရပ်က အပေါ်ရေတင်နေသည့် ချောပူလုံးကြီးနှယ်…။

ဒီကြားထဲ လေးညို့က အထွန့်တက်ကာ...

"ဩော်...ကိုကြီးပြောပြောနေတဲ့ တစ်ယော က်က သူကိုး"

ထပ်၍ ဖွင့်ချလိုက်ပြန်ရာ မိုးစျာန်မျက်နှာ ကွက်ခနဲပျက်လျက်...

မေ့မှူး မျက်ခုံးလေးတွန့်သွားသည်။

ဂရုစိုက်သည် မဟုတ်သော်လည်း လက်ရုံး မျက်နှာကို လှမ်းကြည့်လိုက်မိတာ တစ်ပြိုင်န က် ဖြစ်လေသည်။

"သူက သဝန်တိုတတ်လွန်းပါတယ် ဆိုမှ၊ မင်္ဂလာဆောင်မှာ ဟိုက လက်ဖွဲ့လာပေးသွား တာ အသည်းပုံမှာ ဒဏ်ရာလေးထင်နေတဲ့ ကျောက်စိမ်းလော့ကတ်နဲ့ ဆွဲကြိုးလေးလေ၊ မင်္ဂလာပွဲမှာ ကတည်းက ပျက်ယွင်းသွားတဲ့ မျ က်နှာဟာ တစ်သက်လုံး ဘီလူးသရဲ ဖြစ်သွား တော့တာပဲ သမီး ရယ်"

မေမေရင်ဖွင့်၍ ငိုခဲ့ဖူးတဲ့ စကားသံတွေကို သတိရလာသည် ။

အဖြစ်တွေက မေ့မှူးနဲ့ မေမေ ဘာဖြစ်လို့ ဆင်တူနေတာလဲ။

ဒါပေမဲ့ ဆရာက မေ့မှူးရဲ့ ချစ်သူတော့ မဟုတ်ခဲ့ပါ။

ဆရာဆိုတဲ့ လေးစားခင်မင်ခဲ့တာက သပ်သပ်။

သူချစ်ခဲ့တာကို ပြန်မချစ်နိုင်လို့ မေ့မှူးငြင်းခဲ့ရတာက သပ်သပ်။ မေမေ့လို အသည်းနင့်အောင် ချစ်ရတဲ့ ချစ်သူမျိုး မေ့မှူးမှာ မရှိခဲ့ပေ။

ဒါပေမဲ့...လက်ရုံးက လူလည်ပါ။

သူတို့ အားလုံး သိခဲ့ကြလောက်အောင် ဆရာ့ထံမှ ဝေဒနာဖိတ်စင်မှုလေးတွေ ရှိထားခဲ့တာက တော့ သေချာနေသည် ။

ဆရာ ဘာတွေ ပြောပြထားနိုင်လဲဆိုတာ မေ့မှူးမသိပေ။

ဒါပေမဲ့ အားလုံးသိနေပုံရသလို လက်ရုံးလည်း ဆရာနဲ့ မေ့မှူး သိခဲ့ကြတဲ့ အကြောင်းကို ဆရာပြောပြထားတဲ့ အတိုင်း သိထားပေမည်။

ဒါကို ရှင်းရှင်းလင်းလင်းမသိဘဲ မေ့မှူးကို သူ...

စိုးရိမ်စိတ်တော့ မဟုတ်ပါ။

ဒါပေမဲ့ ဖျတ်ခနဲတွေးမိလိုက်တော့ မေ့မှူး ဂရုမစိုက်စွာ မျက်နှာမော့သည် ၊ အထင်လွဲစမ်းပါ။

မေမေ့လိုတော့ မေ့မှူးက စိတ်ဆင်းရဲနေမည်မဟုတ်ပေ။

သူ မကြင်နာလေ ကောင်းလေပါပဲ။

"သားတို့ သမီးတို့ ရေ ဒီကိုခဏလောက်"

"ဟုတ်ကဲ့...လာ 'မ' မေမေတို့ ခေါ်နေတယ်
"

ကြယ်တာရာတို့ ကို နှုတ်ဆက်ထားခဲ့ပြီး လူကြီးတွေခေါ်ရာသို့ လာခဲ့ရပြန်သည် ။ နှစ်ဖက်မိဘ များ အပြင် လူငယ်တွေကလည်း ကိုယ့်သူငယ်ချင်း အပေါင်းအသင်းများကို ဖိတ်ထားကြတာကြောင့် မေ့မှုးတို့ သွားနှုတ်ဆက်ရ မိတ်ဆက်ရ ရယ်ပြရနှင့် ခေါင်းတွေပင် နောက်လာတော့သည် ။

"ကေသီရယ်... ယူ့ယောက်မက တကယ်ချောတာပဲကွာ"

"ဟုတ်တယ်...ဘယ်သူရှာပေးတာလဲ၊ လူကြီးတွေပေးစားတာလား၊ ကေသီရှာပေးတာလား၊ သိပ်လှတာပဲကွာ"

"အမလေး...သူ့အစွမ်းနဲ့ သူပါနော်၊ ကိုယ့်မောင်ကိုများ အထင်သေးတာလား"

"မသေးပါဘူး၊ အံ့သြလို့ ပါ"

ပန်ကေသီကလည်း မေ့မှုးလက်ကလေးကို ဟိုဆွဲခေါ်သွား ဒီဆွဲခေါ်သွားနှင့် တပြုံးပြုံးဖြစ်နေ သည် ။

ပုန်းညက်နဲ့ အင်ကြင်းတို့ ကလည်း မင်္ဂလာပွဲမှာ စိတ်ပါလက်ပါ ညှော်ခံပေးနေကြသည် ။

"မေ့မှုးရယ်...သူက တို့ ရည်းစားလည်း မဟုတ်ဘူး ၊ မြင်တောင်မှ မမြင်ဖူးခဲ့ဘူး၊ သူရောက် လာတာကိုကလည်း မေ့မှုးကိုပဲ ရည်ရွယ်လာတာ၊ တို့ က ဘာခံစားရဖို့ ရှိလဲ၊ ပြီးတော့ အစကတည်းက တို့ နဲ့ ရယ်လို့ မဟုတ်ပါဘူး၊ သူသဘောကျတဲ့ သူကို ရွေးဖို့ ပဲ"

ပုန်းညက်က မင်္ဂလာပွဲမှာ လည်း ပြုံးပြုံးရယ်ရယ်ပဲ ဖြစ်လေသည် ။

သူတို့ က ခွင့်လွှတ်လေ၊ မေ့မှုးကို သူပိုင်လေပဲမို့ မေ့မှုးဘယ်လိုမှ မလှုပ်သာ။

ဘာအကြောင်းနဲ့ ပြပြ မေ့မှုူးက သူ့ရည်စားအဖြစ်နဲ့ က မလွတ်။

မင်္ဂလာပွဲပြီးလို့ လူကြီးတွေကို ကန်တော့ကြတော့ ပြည့်စုံရှည်လျားသောဆုတွေကို ပေးကြ သည် ။

ပြီးတော့ ဒေါ်ယဉ်မင်းစံကပင်...

"သားနဲ့ သမီးကို ဘောက်ထော်ကတိုက်ကို လက်ဖွဲ့ခဲ့တာမို့ ဟိုမှာ လွတ်လွတ်လပ်လပ် သွားနေကြလို့ ရပါတယ်၊ ဒါပေမဲ့ ရတ်တရက်တော့ မခွဲကြပါနဲ့ ဦး၊ မေမေက အမိန့်ပေးတာ မဟုတ်ဘူး နော်၊ သားကို မခွဲချင်သလို ချွေးမကိုလည်း ကိုယ့်သမီးလေးလိုပဲ သဘောထားပါတယ်၊ အားလုံး သိုက်သိုက်ဝန်းဝန်း နေချင်သေးတယ်၊ နောက်ကျတော့ သမီးတို့ သဘောပါ"

"ဟုတ်ပါတယ် မေ့မှုူးရယ်၊ မေ့မှုူးက

ယောက်မပေမယ့် မေ့မှူးကို တို့ မြင်မြင်ချင်းပဲ ချစ်ပါတယ်၊ မောင်လေးကိုလည်း မခွဲချင်သေးဘူး၊ မေ့မှူးနဲ့ လည်း အတူ သိုက်သိုက်ဝန်းဝန်း နေချင်သေးတယ်၊ လောလောဆယ် အတူတူ နေကြတာပေါ့နော်၊ အိမ်မှာ လည်း မောင်လေးနဲ့ မေ့မှူးတို့ အတွက် အပေါ်ထပ် တစ်ထပ်လုံးကို အားလုံးပြည့်စုံအောင် စီစဉ်ပေးထားတယ်၊ စိတ်တိုင်းမကျတာရှိရင် ပြောပေါ့”

“ဟုတ်သားပဲ သမီးရယ်...ချက်ချင်းကြီးတော့ မခွဲပါနဲ့ ဦး ဟိုမှာ လည်း သမီးတို့ နှစ်ယောက် တည်း မပြည့်စုံတာလည်း ရှိလိမ့်ဦးမယ်၊ အခု လုပ်သွားရမှာ တစ်ဖက်နဲ့ မိဘနဲ့ ခဏနေပြီး ပြည့်စုံအောင် စီစဉ်ဦးပေါ့”

နှစ်ဖက်လူကြီးတွေက ဝိုင်းပြောကြတော့ လက်ရုံး မေ့မှူး လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး...

"ကျွန်တော်က အကြောင်းမဟုတ်ပါဘူး မေမေ၊ 'မ'စိတ်တိုင်းကျဖြစ်ဖို့ ပဲ လိုတာ"

လူကြီးတွေရှေ့မှာ လက်ကိုင်၍ မလိုအပ်ဘဲ အရေးပေးနေတာကို မေ့မှူးမျက်နှာပူရရင်း စိတ်လည်း တိုမိသည် ။

ထို့ကြောင့် လက်ကိုဆွဲဖြုတ်ပစ်ကာ...

"မေ့မှူး...ဘာမှ ပြောစရာမရှိပါဘူး"

မျက်နှာတည်တည်လေးနှင့် ပြော၏။

ဒေါ်ယဉ်မင်းစံ မျက်နှာပြုံးသွားသည် ။

ဦးမင်းမြတ်ထွန်း ခေါင်းညိတ်နေ၏။

စစီစဉ်ခဲ့တုန်းက မေ့မှူးဆိုတာကို မမြင်ဘူးခဲ့ မပါခဲ့ပေမယ့် ခုလိုကျတော့လည်း ကျေနပ်လို့ မဆုံး ဖြစ်မိသည် ။

ဘယ်ကကြည့်ကြည့် ကျက်သရေရှိ ချောမောနေတဲ့ မိန်းကလေး

ပြီးတော့...ဆရာဝန်

သားထက် အသက်ငါးနှစ်လောက် ကြီးတယ်ဆိုပေမယ့် ကိုယ့်သားက အရပ်ကြီးမိုးကာ မေ့မှူးက သားရဲ့ ပခုံးသာသာပဲ ရှိသည်။

နုနုနွဲ့နွဲ့လေးနှင့် သားထက် အသက်ကြီးပါတယ် ဆိုတာတောင် ယုံနိုင်စရာမရှိပေ။

ဘာပဲဖြစ်ဖြစ် မေ့မှူးကို သူတို့ အားလုံး သဘောကျနေကြသည် သာ။

ထို့အပြင် အခြေအနေအရ ကိုယ့်သားက ဖွတ်တရွတ် သိမ်းပိုက်ထားသလိုကြီး ဖြစ်နေတာကို အကဲခတ်မိလျက် တစ်အိုးတစ်အိမ် ခွဲထုတ်ပေးဖို့ ကို ဒေါ်ယဉ်မင်းစံတို့ စိတ်မချနိုင်သေးတာ ဖြစ်သည်။

မျက်စိအောက်မှာ လောလောဆယ် အတူထား၍ သားအပေါ် ကြည်ဖြူ လိုက်လျောလာအောင် မေတ္တာနဲ့ စည်းရုံးချင်သည်။

မေ့မှုးမျက်လုံးထဲက မကျေနပ်သည့်ဒေါသများကို ပန်ကေသီက ဘာသာပြန်ပေးသလို ဒေါ်ယဉ်မင်းစံက သားအတွက် ပူပန်နေသည်။

ဦးမင်းမြတ်ထွန်းလိုချင်သလို ပျဝပ်ရိုကျိုးစွာရောက်လာမည့် ဇနီးကောင်းတစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်တာကို အကဲခတ်မိပေမယ့် ဒီမိန်းမကို မယူပါနဲ့ လို့ လည်း သားကို တားဆီးဖို့ ခွင့်မသာခဲ့။

တားဆီးခဲ့လျှင်လည်း ရမည်မဟုတ်။

ဟိုနေ့က ပြန်ရောက်လာကြတော့ အားလုံး လက်ရုံးကို ဝိုင်းဆူကြသည် ။

လက်ရုံးက နည်းနည်းလေးမှ မခံ။

“ဘာဖြစ်လဲ မေမေ၊ မေမေတို့ ပဲ ကြိုက်တာ ရွေးဆိုလို့ ကျွန်တော်ကြိုက်တာ ရွေးလိုက်တာပဲ၊ အဲဒီလို စလိုက်လာကတည်းက အဲဒီအိမ်မှ

ကျွန်တော့်ချစ်သူ ရှိနေတာကိုသိလို့ လိုက်ခဲ့တာ၊ သူ့ကိုပဲ ရအောင်ယူဖို့ ဆုံးဖြတ်ပြီးသား”

“ဟဲ့...ဟိုက ဒီလောက် ခါးခါးသီးသီးဖြစ်နေတာ”

“အဲဒါကို မေမေတို့ မမြင်သလို မကြားသလိုနေလိုက်ပါ၊ ကျွန်တော်ကတော့ မေ့မှူးကိုမရရင် ဘယ်မိန်းမမှ မယူဘူး”

အပြတ်အသတ် ပြင်းပြင်းထန်ထန် ပြောသည်။

ထို့ပြင် ဖြစ်ခဲ့တဲ့ အခြေအနေတိုင်း မသိသလိုဘဲ မင်္ဂလာပွဲကို အမြန်ဆုံးဖြစ်အောင် စီစဉ်ပေးခဲ့ရတာဖြစ်သည်။

ပန်ကေသီကဆို သူ့မောင် ဇွတ်လုပ်ပစ်လိုက်တာကို သိကာ လက်ဖျားခါနေလေသည်။

“အဲဒီ ဆရာဝန်မက တော်တော်မာနကြီး

တာ မေမေ၊ ပန်သိတယ်...မေမေ့သား သက်သက် လူလည်ကျတာ”ဟု ပြော၍ မဆုံး။

ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် မေ့မူးကို သူတို့ ချစ်ကြသည် သာ။

ကန်တော့ပြီးကြတော့ အတင်းစောင့်ခေါ်သွားကြသည့် သူ့သူငယ်ချင်းများ နောက်ကို လက်ရုံး သွားသည် ။

မေ့မှူးက ဒေါ်စပယ့်လက်ကို ဆွဲထားကာ ...

“မေ့မှူးအိမ်ကို ခဏပြန်လိုက်ပါရစေ အန်တီ”

“အို...မဟုတ်တာသမီးရယ်”

“မနက်ကျတော့ လာလို့ ရတာပဲ မမမှူးရဲ့ ”

“သူလည်း ရှိတာမှ မဟုတ်တာ အန်တီ၊ ခဏတော့ ပြန်လိုက်ပါရစေ”

မေ့မှူးက အားလုံးရှေ့မှာ ဇွတ်ဖြစ်နေတော့ ပန်ကေသီက နေရာမှ ထလာကာ…

"လိုက်ချင်လည်း လိုက်သွားပါ၊ စောသေး တာပဲဟာ၊ ညီမတွေ လွတ်လွတ်လပ်လပ် ပြော လို့ ဆိုလို့ ရတာပေ့ါ၊ မောင်လေးလာရင် ကြိုနှို င်းလိုက်မယ်လေ"

မေ့မှူးပြန်ပါလာတော့ ဒေါ်စပယ်က အိမ် ရောက်သည် နှင့် ဆုံးမပါတော့သည်။

"သမီးရယ် ချစ်လို့ ပဲဖြစ်ဖြစ် အခြေအနေ တွေ ရှုပ်ထွေးကုန်လို့ မလွှဲသာဘဲဖြစ်ခဲ့တာဆို ဆို ဖြစ်လာမှ တော့ ပြေလည်အောင် နေပါကွ ယ်၊ သမီးရှင် အတော်များများ ဟာ သူတို့ ရဲ့ သမီးကို ဦးမင်းမြတ်ထွန်းရဲ့ ချွေးမအဖြစ် နေ ရာပေးချင်နေကြတာ အများကြီးပါပဲ၊ အန်တီ ကိုယ်တိုင် အန်တီ့သမီး သုံးယောက်ထဲက ဘ ယ်သူနဲ့ ဖြစ်ဖြစ် သဘောကျခဲ့တာအမှန်ပါ၊ ပြီး

တော့ သမီးတို့ သုံးယောက် ခုလို အေးချမ်းစွာ ပညာသင်နိုင်ခဲ့တာ အန်တီတို့ အခြေမပျက်နေနိုင်ခဲ့တာ သူတို့ အကူအညီတွေ အများကြီးပါတယ်၊ တကယ်ဆို သူတို့ နဲ့ အန်တီတို့ အခြေအနေက မိုးနဲ့ မြေပါ၊ သူတို့ က ချိုးနှိမ်လိုစိတ်နဲ့ ကောက်ယူ သွားတာမဟုတ်သလို အန်တီတို့ ကလည်း သမီးကို မစားမနာ ထိုးထည့်လိုက်တာ မဟုတ်ဘူး ”

“အို…မေ့မှူး ဒီလိုမထင်ပါဘူး အန်တီ၊ အန်တီနဲ့ ဦးက မေ့မှူးရဲ့ အဖေနဲ့ အမေပါ၊ ဟောဒီမိသားစုကို မေ့မှူး ဘယ်တော့မှ မပြစ်မှားဘူး၊ ကြည်ညိုမပျက်ဘူး၊ ဒါကြောင့် အန်တီ အထင်လွဲပြီး ပြောချလိုက်တဲ့ စကားတစ်ခွန်းကိုတောင် မေ့မှူးဆန္ဒ လုံးဝမပါဘဲ ခေါင်းညိတ်လက်ခံခဲ့တာပါ၊ ဒါပေမဲ့ သူ့ကို မေ့မှူး မုန်းတယ်၊ ဇွတ်တရွတ်လုပ်ယူတတ်တဲ့ သူ့အကျင့်ကို ဘယ်လိုမှ လက်မခံ နိုင်ဘူး”

"ဒါကတော့ မေ့မှူးရယ်၊ မေ့မှူးက မသိပေမယ့် သူ မေ့မှူးကို ဘယ်လောက်ချစ်တယ်ဆိုတာ တို့ အကဲခတ်မိတယ်၊ ချစ်လို့ ရအောင် ယူတာ ယောက်ျားလေးတစ်ယောက်အနေနဲ့ လုပ်ပိုင်ခွင့်တစ်ရပ်ပါ၊ ဒါကို မေ့မှူး နားလည်ပေးလိုက်ပါဟယ်"

ပုန်းညက်ခိုင်က ဝင်ပြောသည်။

"ကဲ...ကဲ...သမီး အဝတ်စားလဲလေ၊ ရေချိုးချင်ချိုးလိုက်၊ တော်ကြာ သားလာခေါ်တော့မှာ"

ဒေါ်စပယ် အခန်းထဲဝင်သွားသည်။

ပုန်းညက်နဲ့ အင်ကြင်းတို့ က မေ့မှူးကိုယ်ပေါ်က ရတနာတွေကို ဂရုတစိုက်ဖြုတ်ပေးကြသည်။

"ရေချိုးလိုက်ပါလား"

“အင်း…ချိုးမယ်”

မေ့မှူး ရေချိုးလိုက်တော့ မူးနောက်နောက် ငြီးစီစီဖြစ်နေခြင်းများ ပြေပျောက်သွားသည် ။

“သူမ မလာသေးတာ မေ့မှူး၊ အခန်းထဲ ဝင်လှဲနေလိုက်ပါလား”

“ရတယ် ပုန်းညက်၊ တို့ …ဒီမှာ စာဖတ်နေမယ်၊ ပုန်းညက်တို့ သွားအိပ်လေ”

“မအိပ်ပါဘူး၊ လာခေါ်တဲ့ အထိ စောင့်ပေးမှာ ပါ”

“အို…သွားအိပ်ပါ”

မေ့မှူး ဇွတ်အိပ်ခိုင်းမှ သူတို့ ဝင်သွားကြသည် ။

မကြာခင်ပဲ လက်ရုံးရောက် လာလေသည် ။

မင်္ဂလာဝတ်စုံနဲ့ ပဲဖြစ်ကာ သူ့ပုံစံက

ပင်ပန်းညှိုးလျော်နေဟန် လုံးဝမရှိပေ။

မေ့မှူးက စာဖတ်ရင်း မျက်လုံးတစ်ချက်ပင့်ကြည့်ကာ ဂရုမစိုက်ဘဲ နေလိုက်သည် ။

စေ့ထားသည့် တံခါးကို သူ့ဟာသူဖွင့်ဝင်လာကာ အနားရောက်သည် နှင့် မေ့မှူးဖတ်နေသည့် စာအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည် ။

"ဒါ...ဘာလုပ်တာလဲ"

"ပြန်မယ်လေ"

"ဘာပြန်မှာ လဲ...မပြန်ဘူး"

ပြန်လိုက်လာကတည်းကိုက မေ့မှူး ပြန်ဖို့အစီအစဉ်မရှိပေ။

ထို့ကြောင့် ပုန်းညက်တို့ ကို ဖွတ်အိပ်ခိုင်း၍ တမင်ထိုင်စောင့်နေတာဖြစ်သည် ။

ထင်ရာလုပ်လို့ ရသမျှ လုပ်နေမှာ ပဲမို့ ဒီလို

လူမျိုးကို နေရာတကာမှာ ဆန့်ကျင်ဖို့ ဆုံးဖြတ်ထားသည်။

“ ‘မ’ ဘယ်လိုလုပ်တာလဲကွာ၊ ဆယ့်တစ်နာရီ ထိုးတော့မယ်”

“ဒီမှာ လက်ရုံး၊ တို့ ဒီကိုလိုက်လာတာ မင်းအခေါ်စောင့်ပြီး ဟိုကူးဒီသန်း လုပ်ဖို့ မဟုတ်ဘူး ၊ ရော့...ဒီမှာ စိန်တွေရွှေတွေ၊ အဲဒါတွေပြန်သယ်ပြီး ကြွ၊ ဒီည ...လုံးဝပြန်မလိုက်ဘူး”

“ဟ...မလိုက်လို့ ရမလား၊ ခုနတင် မင်္ဂလာဆောင်ထားတဲ့ ကိုယ့်မိန်းမကို ခွဲအိပ်ရအောင် မောင်က ရူးနေတာမှ မဟုတ်တာ”

“အစကမရူးပေမယ့် အခုကစပြီး ရူးပြီလို့ မှတ်လိုက်၊ မလိုက်ဘူး”

“‘မ’မောင့်ကို စိန်မခေါ်နဲ့နော်၊ မောင်က ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တယ်၊ ဘယ်တုန်းကမှ အလျှော့ပေးခဲ့တာ ထုံးစံမရှိဘူး”

မေ့မှုး နာကြည်းသောအပြုံးနှင့် မျက်နှာလွှဲပစ်သည်။

"မင်းက အလျှော့မပေးခဲ့ဖူးသလို တို့ ကလည်း ထပ်တူညီမျှပဲ၊ အထူးသဖြင့် ယောကျ်ားဆို ဘယ်ယောကျ်ားကိုမှ သနားဖို့ စိတ်မကူးဘူး"

လက်ရုံးက ကျွတ်ခနဲစုတ်သပ်ကာ မေ့မှုး မျက်နှာလှည့်နေတဲ့ ဘက်ကို လျှောက်သွား၍ အနားမှာ ကပ်ထိုင်လိုက်သည်။

" 'မ'မောင်တောင်းပန်တယ်ကွာ၊ အချိန်လည်း မရှိတော့ဘူး၊ ပြန်ရအောင်နော်"

မေ့မှုးက လက်ရုံးကို အေးစက်စွာပြန်ကြည့်ကာ နေရာမှ ထရပ်လိုက်သည်။

"မင်း...ပြန်တော့ လက်ရုံး၊ မနက်ဖြန် ဆေးရုံကပြန်မှ တို့ အဲဒီကို ရောက်မယ်"

" မရဘူး'မ'၊ 'မ' အခုပြန်လိုက်ရမယ်"

လက်ရုံး မေ့မှူးနားမှာ လိုက်ရပ်၍ လေသံ မာမာနှင့်ပြောသည်။

ထို့နောက် မေ့မှူးကိုယ်လေးကို စွေ့ခနဲ ပွေ့ ချီ လိုက်လေသည်။

"အို...ဘာလုပ်တာလဲ၊ လွှတ်...လွှတ်...ခုချ ပေး...လက်ရုံး...မင်း..."

ထုနက်ရုန်းကန်ရင်း မေ့မှူး သူ့လက်ထဲမှာ ကလေးငယ်လေးသဖွယ် ပါသွားခဲ့လေသည်။

လက်ရုံးလာကတည်းက နားစွံ့နေခဲ့ကြ သော ပုန်းညက်ခိုင်တို့ ညီအစ်မ အပြေးအလွှား ထွက် လာကြသည်။

လက်ရုံးတို့ ကားကလေးက ထွက်ခွာသွားပြီ ဖြစ်လေသည်။

အင်ကြင်းက တံခါးကိုဆွဲပိတ်နေရင်း...

"လက်ရုံးက မမမှူးကို သိပ်ချစ်တာပဲနော်၊

မမမှုံးကတော့ မချစ်ဘူး”

“အဲဒါပေါ့...မလိုချင်ရင်ရတယ်၊ အရမ်း တောင့်တရင် မရဘူးတဲ့ ၊ လိုချင်နေကြတဲ့ သူတွေ အတွက် လက်ရုံးက ရွှေပန်းခိုင်ဖြစ်ပေမယ့် မေ့မှုံးအတွက်ကျတော့ ဘာမှ အဖိုးမထိုက်တဲ့ တောပန်း တစ်ပွင့်လောက်ပဲ ဖြစ်သွားတယ်၊ ဒါ...ဖြစ်တတ်တဲ့ သဘောပဲ"

အင်ကြင်းက အစ်မဖြစ်သူကို စေ့စေ့ကြည့်၍ ပြုံးသည် ။

ဒါကို ပုန်းညက်ခိုင်မြင်ကာ ဖျတ်ခနဲ မျက်နှာလွှဲလျက် နေရာမှ လှည့်ထွက်သွားလေသည် ။

အိမ်ရောက်တော့ အိမ်မှာ ဘယ်သူမှ မရှိ။

မျက်နှာစူပုတ်၍ တက်သွားသည့်မေ့မှုံးကို လက်ရုံးက နောက်ကနေ လက်ဆွဲထားသည် ။

"ဖယ်စမ်းကွာ"

"မောင့်ကို စိတ်ကောက်တာလား"

"မကောက်ဘူး၊ ဒေါသဖြစ်နေတာ၊ လက်ကိုလွှတ်နော်"

"ဘာဖြစ်လို့ ဒေါသဖြစ်တာလဲ"

"မင်း...အရက်မရှိ အချိုးမပြေလို့ လေ၊ နောက်ကို တို့ ဘယ်သွားသွား လိုက်မခေါ်နဲ့"

"မခေါ်လို့ မဖြစ်ဘူး...အိမ်ပြန်ရောက်လို့ 'မ 'မျက်နှာကိုတန်းမတွေ့ရင် ထိုင်နေလို့ ကိုမရတာ"

"သေလိုက်"

"သေစရာလား၊ သားတွေ သမီးတွေနဲ့ မိန်းမနဲ့ ပန်းခြံတွေ လျှောက်လည်၊ ဘုရားစုံဖူး..."

လက်ရုံးက ပြောနေရင်း မေ့မျှူးကိုယ်လုံးလေးကို ဖက်ထားလိုက်သည်။

"အိမ်ရှေ့ကြီးမှာ ဘယ်လိုဖြစ်နေတာလဲ လက်ရုံး...လွှတ်စမ်း"

"ဘယ်သူမှ မရှိဘူး၊ မေမေတို့ သံလျင်ကိုသွားကြတယ်၊ မနက်မှ ပြန်လာကြမှာ "

"လက်ရုံး"

"ဘာလဲ"

"မင်းကိုယ်မင်း လူပျိုဖျန်းကလေး မှတ်နေသလားဟင်၊ ဘယ်နေရာမှာ မှ ခန့်ခန့်ထည်ထည် မရှိဘူး၊ သိပ်ကလက်တာလဲ"

"နေရာတကာ ခန့်ခန့်ထည်ထည်နေတာပဲ၊ 'မ'ရှေ့မှ ဒါတွေ ဒါတွေ ဖြစ်ကုန်တာ"

"အို...သွား...သွား..."

လက်ရုံးက အတင်းလိုက်နမ်းသည် ။

မေ့မှူး ဒေါသဖြစ်ဖြစ်နှင့် သူ့ကိုတွန်းပစ်ခဲ့

ကာ အပေါ်ထပ်တက်လာခဲ့၏။

"မ"

"လိုက်မခေါ်နဲ့ နော်၊ ကိုယ့်ဟာကိုယ်နေ"

"မနေတတ်ဘူး"

လက်ရုံးက အခန်းထဲရောက်တော့ ဂီတာကို ဖြုတ်ယူလိုက်သည် ။

" 'မ'ကို မောင်ချော့မယ်"

"လက်ရုံး တို့ အေးအေးဆေးဆေး နားပါရစေကွာ"

"နားလေ၊ မောင်က သီချင်းဆိုပြမလို့ "

"မဆိုနဲ့ "

"ဆိုမယ်ကွာ"

မေ့မှူး စားပွဲရှေ့မှာ ဆောင့်ခနဲထိုင်ချလိုက်တော့ မေ့မှူးဘေးမှ ထိုင်စရာမရှိသည့် ကုလား

ထိုင် စွန်းလေးကို လိုက်ကပ်ထိုင်၍ ...

ငယ်သေးတဲ့ အချစ်မို့×××မလေးစားတာ လား×××ပြောပါ×××ကျွန်တော်သိပ်ချစ်တ တ်တာ

ကျွန်တော်သာအသိပါ×××လိမ်ပြီးမပြောတ တ်တာ×××ကလေးလေးဘဝတည်းကပါ××

×မမနားလည် ငဲ့ညှာပါ×××

မေ့မှူးကုလားထိုင်မှ ထကာ ဗီရိုရှေ့မှာ ရပ် ၍ တံခါးဖွင့် အင်္ကျီထုတ်ယူပြီး ကန့်လန့်ကာအ ကွယ်ကို လျှောက်သွားတော့ ဂီတာပိုက်၍ သီချ င်းဆိုရင်း ကပ်လိုက်လာသည်။

"ဘာလုပ်တာလဲ...သွားလေ၊ ဒီမှာ အင်္ကျီလဲ မလို့"

မေ့မှူး တွန်းပစ်လိုက်တော့ ဗီရိုမှာ ကျောနဲ့ ကပ်မိသွားကာ ကပ်မိတဲ့ အတိုင်းနေလျက် သီ ချင်း ဆို မပျက်ပေ။

ဆုတောင်းကောင်းခဲ့တဲ့ ×××မရဲ့ အလှများ ထဲမှာ ×××ကျွန်တော်လဲလဲကျတာ ×××ကျွန်တော်သာအသိပါ။××ညတိုင်းပဲ 'မ' ကို×××အိပ်ပျက်ခံပြီးလွမ်းတာ×××ကျွန်တော့်ရဲ့ အဖြစ်ကို×××သနားပါဗျာ×××

မေ့မှုး ရှန်သားအပြာရောင်ပါးပါးလေးနဲ့ ထဘီအနီကို လဲထွက်လာတော့ သီချင်းဆိုရင်း နောက်ကနေ ကပ်လိုက်လာသည်။

စားမရ×××အိပ်မရ×××အချိန်တွေထဲ သွေးအားနည်းလို့ ×××ပိန် လာပြီ 'မ'ရေ××× 'မ' မချစ်လို့ တော့သေနိုင်တယ်×××အပိုတွေမဆိုဘူး×××ယုံလိုက်ကွယ်×××'မ'မှ မချစ်ရင်××ဘဝပျက်သွားနိုင်တယ်×××ဟုတ်တယ်×××'မ'မှ မချစ်ရင်×××ဘဝပျက်သွားနိုင်တယ်××

အပြင်ထွက်မလိုလုပ်တော့ တံခါးကို ခြေ

ထောက်နဲ့ လှမ်းကန်၍ ကျောကပ်ထားလိုက်သဖြင့် မေ့မှူး အိပ်ရာပေါ်မှာ စိတ်ပျက်စွာ ထိုင်ချလိုက်သည် ။

ခံစားချက်ပြင်းလို့ ×××ညညအော်တဲ့သီချင်းသံ×××အိမ်နီးနားချင်းတွေ ငြိုငြင်လို့လား×××ဘာဖြစ်ဖြစ်အချစ်က×××တစ်စက်ကလေးမလျှော့ပါ‼××သတ္တိရှိစွာ‼××ချစ်မှာ ပါ×××

ဆိုနေရင်း မေ့မှူးတစ်ကိုယ်လုံးကို နောက်ကနေသိုင်းဖက်ကာ ဂီတာကို မေ့မှူးရင်ခွင်ထဲထည့် ၍ သီချင်းဆိုမပျက် အတီးမပျက်။

စားမရ×××အိပ်မရ×××အချိန်တွေထဲ×××သွေးအားနည်းလို့ ×××ပိန် လာပြီ×××'မ'ရယ်×××'မ'မချစ်လို့ တော့သေနိုင်တယ်×××အပိုတွေမဆိုဘူး×××ယုံလိုက်ကွယ်×××'မ'မှ မချစ်ရင်×××ဘဝပျက်သွားနိုင်တယ်

×××ဟုတ်တယ်×××'မ'မှ မချစ်ရင် ဘဝပျက်သွားနိုင်တယ်×××

ပါးချင်းကပ်၍ ဆိုနေသဖြင့် နားလည်ပြီး ရန်းလို့ လည်း မရမေ့မှူး ဒေါသဖြစ်ရမယ့်အစား လက်မြှောက်၍ သာ အော်ချင်တော့သည် ။ တကယ့်ကလေးဆိုးတစ်ယောက်လို ဘာဖြစ်ဖြစ် ဇွတ်ပြော ဇွတ်လုပ် အော်လို့ လည်း မရ ဒေါသဖြစ်ပြနေလည်း ဂရုမစိုက်။

ကိုယ်ကမချစ်လို့ တင်းမာစိမ်းကားနေပြလည်း မသိသလိုလုပ်နေတဲ့ သူ့ကို ဘယ်လို တုံ့ပြန်ရ မည်နည်း။

ဆုတောင်းကောင်းခဲ့တဲ့ ×××မရဲ့ အလှများ ထဲမှာ ×××ကျွန်တော်လဲလဲကျတာ ×××ကျွန်တော်သာအသိပါ။××

သီချင်းကို အစအဆုံး ဆိုချင်သလိုဆိုနေတာ မပြီးနိုင်။ မေ့မှူးရုန်းလည်း မရုန်း ဘာမှ

လည်း မပြောတော့ဘဲ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်စွာပဲ နေပေးလိုက်လျှင် သီချင်းဆိုချင်းကို ရပ်ပစ်ကာ ဂီတာ ကို ချထားလိုက်ပြီး...

"မောင့်ကို...ချစ်လား"

ကောက်ခါငင်ကာ ထဖြစ်လာသည် ။

"ဖြေလေ..."

"ဘာဆိုင်လို့ လဲ...လွှတ်စမ်းပါကွာ စိတ်ညစ်လှပြီ"

"မဆိုင်ဘူးပေါ့၊ 'မ'ပဲ မောင့်သီချင်းကိုကြားလို့ သနားပြီးစိတ်တွေ လျှော့ချလိုက်တာလေ"

အူကြောင်ကြောင်မျက်နှာနှင့် ဖြေပုံကြောင့် မေ့မှုုးလှစ်ခနဲပြုံးမိကာ တစ်ဖက်လှည့်ပစ်လိုက် သည် ။

"ဟော...တွေ့လား၊ အဲဒါ မောင့်ကိုချစ်လို့ ပြုံးတာမဟုတ်လား၊ မညာနဲ့ နော်"

"အို...ဘယ်လိုဖြစ်နေတာလဲ လက်ရုံးနော်"

"မောင်လို့ ခေါ်..."

"လက်ရုံး မင်း...မင်း ပြောနေတာမကြား ဘူးလား"

မေ့မှူး သူနဲ့ ရောၡ အိပ်ရာပေါ်လဲကျသွား သည်။

"'မ'က သိပ်ရက်စက်တာပဲကွာ၊ မောင် ဒီ လောက်ကြိုးစားနေတာတောင် ပြန်မချစ်သေး ဘူး"

လက်ရုံး၏ ပေါ့ပြက်ရယ်မောခြင်းတို့ ပျော က်ပျက်ကုန်ကာ မေ့မှူးကို မြတ်နိုးစွာပွေ့ဖက်ရ င်း တမ်းတမ်းတတပြောသည်။

"မောင်လေ... 'မ'ကိုသိပ်ချစ်တယ်...သိ လား မောင့်ကို ပြန်ချစ်ဖို့ မကြိုးစားသေးဘူး လား 'မ'ရယ်"

အချစ်တို့ နှင့် ထုံမွှန်းသော စံအိမ်လှလှ လေးတစ်ခုကို သူတပ်မက်စွာ တောင့်တနေသည်။

ချစ်စကားတွေ တဖွဖွဆို၍ နွေးသောအနမ်းတို့ ကို တွေ့နေ၏။ မေ့မူးရင်ထဲမှာ အချစ်၏ ခေါ် သံကြောင့်လည်း ပြန်လှည့်ကြည့်လိုသော ဆန္ဒများ မဖြစ်ခဲ့တာ အဘယ်ကြောင့်ပါနည်း။

သူမ ယောကျ်ားတို့ ၏ ချစ်ခြင်းကို မယုံကြည်၍ သာ...။

*

# အခန်း(၁၆)

"သမီးတော့ မေ့မူးကို ပြောမှ ဖြစ်တော့မယ်၊ ကြည့်နေလို့ ဖြစ်တဲ့ ကိစ္စ မဟုတ်ဘူး "

"ဘာဖြစ်လို့ လဲ သမီးရယ်"

"ဖေဖေကိုယ်တိုင် ပြောလာတာဆိုတော့ ဒါ ပေါ့သေးသေး မဟုတ်တော့ဘူး၊ သမီးလည်း ပြောချင်နေတာကြာပြီ၊ အဲဒီကောင်မလေး သိပ်ကိုကဲနေတာ"

ဧည့်ခန်းထဲက စကားပြောသံတွေကြောင့် မေ့မှူးခြံထဲက တက်တော့မယ့်ဆဲဆဲမှာ ခြေလှမ်းတွေ ရပ်တန့်ကုန်သည် ။

ကိုယ့်နာမည်ပါနေတာမို့ ဆက်တက်သွားရ

မည်လား၊ နေရာမှာ ပဲ ရပ်နေရမည်လားနှင့် ချီတုံချတုံဖြစ်နေဆဲ စကားသံတွေက ဆက်တိုက်ပေါ်လာသည်။

"ဘယ်သူမို့လို့ လဲ၊ သမီးက သိလို့ လား"

"မသိဘဲနေမလား မေမေရဲ့ ၊ ဟိုတုန်းက မေ့မေ့သားနဲ့ ကြိုက်ခဲ့ဖူးတဲ့ မိန်းကလေးတွေ သမီး အားလုံးသိတယ်၊ အဲဒါ ဖူးဆိုတဲ့ ကောင်မလေး သူ့မိဘကလည်း ချမ်းချမ်းသာသာပဲ"

"အရင်တုန်းကချမ်းသာပေမယ့် အခု အဆင်မပြေလို့ လားမှ မသိတာ"

"ဘယ်က အဆင်မပြေရမှာ လဲ၊ ကုမ္ပဏီမှာ အလုပ်လာဆင်းတာကိုက မော်ဒယ်အမြင့်ဆုံး

ကားကို မောင်းလာတာ၊ မောင်လေးနဲ့ နီးနီးလေးနေပြီး ဖြားယောင်းချင်လို့ Secretary လာလုပ် နေတာအသိသာကြီး"

"သား . . . အိမ်ထောင်ပြုပြီးတာ သူမသိလို့လား"

"မသိစရာလား မေမေရယ်၊ မောင်လေးက သူ့ရုံးခန်းထဲမှာ မေ့မှူးဓာတ်ပုံကို ပန်းချီပုံအကြီး ကြီးဆွဲပြီး ချိတ်ထားတဲ့ ဥစ္စာ၊ ပြီးတော့… အိမ်ထောင်ရှိပြီးတဲ့ ယောကျ်ားတစ်ယောက်ကို ကိုကိုလို့ ပဲ ခေါ်နေတာ စဉ်းစားကြည့်… ဘယ်လောက်ထိ ပေါ့ပြက်သလဲ၊ ဟိုတစ်ခါ သမီးမောင်လေးဆီရောက်တော့ သူ့ကိုတွေ့လိုက်တာ၊ ရင်ထဲမှာ ကိုပူသွားတာပဲ၊ ဆံပင်တိုတို၊ စကတ်အကျပ်၊ အင်္ကျီအကျပ်နဲ့ ပြင်ထားလိုက်တာ မျက်နှာကြီးက ရဲလို့၊ သမီးရှေ့မှာ တောင် ကိုကိုလို့ ခေါ်နေတာ မေမေသိလား၊ အဲဒါနဲ့ သမီးဒေါသဖြစ်လို့ သူ့ရှေ့မှာ ပဲ မောင်လေးကို ပိတ်ဆူပစ်ခဲ့သေးတယ်၊ 'အလုပ်သမားကို အလုပ်သမားလို ဆက်ဆံရမယ်'ဆိုတာ"

ဒေါ်ယဉ်မင်းစံ၏ သက်ပြင်းချသံကြီး ကြားရသည်။

"ဒီလိုပုံစံ ဒီလိုမိန်းကလေးကို အစကတည်းကတောင်မှ မကြိုက်လို့ မယူခဲ့သေးတာပဲ သမီးရယ်၊ မေ့မှုးလိုမိန်းကလေးကို ရထားပြီးမှ စိတ်ကူးပျက်မလား"

"ဟိုတုန်းက လူပျိုမေမေရဲ့ ၊ ခုဟာက အိမ်ထောင်သည် ဖြစ်နေပြီ၊ မေမေကလည်း မေမေက ဒါတွေ ပိုနားလည်မှာ ပါ၊ မေ့မှုးနဲ့ ဘာမှ မယှဉ်သာဘူးဆိုပေမယ့် ပဥ္စပါပီကို ခုနစ်ပြည်ထောင်မင်း တွေလုကြတာ လှလို့ မှ မဟုတ်တာ၊ သမီးကတော့ မေ့မှုးလိုရုပ်ရည်နဲ့ ပညာနဲ့ ဒီလောက်ကျက်သရေ ရှိတဲ့ ယောက်မမျိုးကို ဘယ်သူနဲ့ မှ မလဲနိုင်ဘူး၊ ဘယ်မိန်းမမှ လဲမောင်လေးနဲ့ တန်တယ်မထင်ဘူး၊ ဒီကိစ္စကို ကာကွယ်ရမှာ ပဲ"

"အဲဒါ ... သမီးက ဘယ်လိုလုပ်မလို့ လဲ"

"အခု ... ဖေဖေကိုယ်တိုင်မြင်ခဲ့လို့ သားရဲ့ Secretary အတော်လေး hot တယ်လို့ ပြောလာ ပြီ၊ သူ့ကို အလုပ်ထုတ်ဖို့ မောင်လေးကို ပြောမယ်၊ ဒါကိုမှ သူက လစာမက်လို့ အဆင်မပြေလို့ ဘာညာနဲ့ မောင်လေးကို သနားခံနေရင် ဒီလစာမျိုးနဲ့ ပဲ ဖေဖေ့ကုမ္ပဏီမှာ ပြောင်းထားလိုက်မယ်"

"သားက သူ့အပေါင်းအသင်းကို ထုတ်ပစ်ပါ့မလား"

"အပေါင်းအသင်းမှ မဟုတ်တာ မေမေရယ် ၊ တကိုကိုတည်း ကိုကိုနေတာကို ထုတ်မပစ်ဘူး ပြောကြည့်၊ မောင်လေးကိုပါ ချန်မထားဘူး"

ဒေါ်ယဉ်မင်းစံအသံက ရွှေ့လျားမှုနောက် ပါသွားသဖြင့် မတ်တတ်ရပ်လိုက်သည် မှန်း

သိလိုက်ရ၏။

“အဲဒါတွေဖြစ်လာတာ အမိကကတော့ သားလည်း လိုတယ်၊ မေ့မှုူးလည်း လိုတာပဲ”

“မေ့မှုူးက ဘာဆိုင်လို့ လဲ မေမေ၊ သူ့အလုပ် သူလုပ်နေတာပဲဟာ”

“သမီးမသိဘူးလား၊ မေ့မှုူးက သမီးမောင်ကို ကြင်ကြင်နာနာမရှိဘူးလေ”

“ဒါကတော့ နေတာထိုင်တာ အစကတည်းက တည်တာပါ၊ သူ့ကိုမချစ်မှန်းသိသိနဲ့ ယူထား တာပဲ၊ ချစ်လာအောင် သူသိမ်းသွင်းပေါ့၊ ဒီပြင် ကလက်တက်တက်မိန်းမတွေကို အခွင့်အရေးပေးစ ရာမလိုပါဘူး၊ မေ့မှုူးက အရင်တုန်းကတည်းက ဒီလိုပဲနေတတ်တာ၊ သူ့လိုရည်းစားသနာလည်း ရှိခဲ့ တာ မဟုတ်ဘူး ”

“သမီးက သိလို့ လား”

"သိတာပေါ့ မေမေရဲ့ ၊ ဒေါ်စပယ်တို့ ဟိုတလောက ဘုရားကိုးဆူလုပ်တော့ အဲဒီမှာ သွားရင်း စပ်မိလို့ ပြောဖြစ်ကြတာ၊ မေ့မှူးက ရည်းစားထားဖို့ နေနေသာသာ ဘယ်ယောက်ျားမှကို ကြည့်လို့ ရ တာ မဟုတ်ဘူး တဲ့ ၊ ဂဃဏန တော့ မပြောပါဘူး၊ ဒါပေမဲ့ မေ့မှူးမှာ ငယ်ငယ်လေးကတည်းက ခံစား ချက်ရှိခဲ့တဲ့ အကြောင်း၊ အင်ကြင်းက အနည်းအကျဉ်း တော့ ပြောတယ်၊ ဒါကို မေမေ့သားက ဇွတ်တရွတ် ရအောင်ယူထားတာဥစ္စာ"

"ထားပါတော့၊ အခု ... သမီးက မေ့မှူးကို ဘာပြောမှာ လဲ"

"မောင်လေးကို ပစ်မထားဖို့ လေ၊ ကုမ္ပဏီကိုလည်း လိုက်သွားခိုင်းရမယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ယောက်ျားပဲ၊ မဖြစ်သင့်တာမဖြစ်ရအောင်တော့ တားဆီးရမှာ ပဲ၊ မောင်လေးက သူတ

စ်ခွန်းပြောတာနဲ့ သမီးတို့ ပြောတာနဲ့ တူမလားမေမေရဲ့ ”

မေ့မှူး ခြံထဲဘက် ပြန်လျှောက်လာခဲ့မိသည် ။

လက်ထဲမှာ ဘုရားပန်းလဲဖို့ ခူးထားသည့် နှင်းဆီပန်းတွေကို ဖွဖွဆုပ်ကိုင်ရင်း သူတို့ပြောကြ သည့်စကားတွေကို နားထဲမှာ ကြားယောင်နေ၏။

မိန်းကလေးတစ်ယောက်က အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်အပေါ် ဤသို့ပြုမူရဲသည် မှာ ထိုယောကျ်ား၏ နေရာပေး အလေးထားမှုကြောင့်သာ ဖြစ်တန်ရာသည် ။

သို့ဆိုလျှင် အဘယ့်ကြောင့် တားဆီးဖို့ ကြိုးစားရမည်နည်း။

မေ့မှူး နှုတ်ခမ်းလေးစေ့လျက် ခပ်တွန့်တွန့် မဲ့သည် ။

ယောက်ျားများ ရဲ့ အချစ်ဟာ ဤသို့ဤနှယ်
ရှိမြဲ...

*

# အခန်း(၁၇)

"မေ့မှူးရေ ဖုန်းလာတယ်"

"ဟုတ်"

မေ့မှူး အော်ပရေးရှင်းခန်းထဲက ထွက်လာတယ်ဆို ဝတ်စုံပင်မချွတ်ရသေးဘဲ ဖုန်းတန်းကိုင်ရ သည် ။

"ဟယ်လို"

" 'မ' မောင်ပါ၊ မောင် ဒီနေ့ လာမကြိုအားတော့ဘူး၊ အရေးကြီးတဲ့ ဧည့်သည် တစ်ယောက် ကို စောင့်ရမှာ မို့လို့ ကားလွှတ်လိုက်မယ်နော်"

"အင်း"

"မ"

"ဟင်"

"မောင့်ကို စိတ်မဆိုးနဲ့ နော်"

"မဆိုးပါဘူး"

" 'မ' အသံက တစ်မျိုးကြီးပဲကွာ"

"ရတယ်လို့ ပြောနေတာပဲ၊ ဒါပဲမဟုတ်လား၊ ခုမှ အော်ပရေးရှင်းပြီးတာ၊ နားတော့မယ်"

သူ့ဆီက ဘာမှ ထပ်မပြောခင် ဖုန်းချပစ်လိုက်သည် ။ စိတ်ထဲမှာ ဘာအတွက်မှန်းမသိဘဲ အ နှောင့်အယှက်ဖြစ်သွားသဖြင့် မေ့မှုူးမျက်နှာလေး သုန်မှုန်နေ၏။

လူလာကြိုတာ မကြိုတာက ဂရုစိုက်ဖွယ် မဟုတ်လောက်ပေမယ့် ကြားထားခဲ့သော အ

ကြောင်းကြောင်းတွေကို သတိရကာ စိတ်ထဲမှာ ရှိသလိုလို မခံချင်သလို ...။

နှလုံးသားက ပို၍ အေးစက်ခဲ့တာတော့ အမှန်ပဲဖြစ်လေသည် ။

"ဒေါက်တာ"

"ဟင်"

အလုပ်သင် ဆရာဝန်လေးတစ်ယောက်ဆိုတာပဲ မေ့မှူး သိသည် ။

အသားလတ်လတ်၊ နှုတ်ခမ်းမွေးစစလေးနှင့် ဂျူတီကုတ် ဝတ်ထားသည့် လူရွယ်က နှစ်လို ဖွယ်ပြုံးပြလျက်။

"ဒေါက်တာ အော်ပရေးရှင်း လုပ်သွားတာ ကျွမ်းကျင်ပြီး အရမ်းစေ့စပ်တာပဲနော်၊ တကယ် လေးစားတယ်၊ ကျွန်တော့်နာမည် စိုင်းသက်ဇော်ပါ"

"ဪော်"

ထိုဆရာဝန်ပေါက်စလေး စရောက်ကတည်းက တကြည့်ကြည့်ဖြစ်နေတာကို မကြာခဏ

မျက်လုံးချင်းဆုံသည် မို့ မေ့မှူး သိသည်။

စိတ်ရှုပ်ထွေးနေချိန်မို့ ပြုံးပြချင်စိတ်ပင်မရှိဘဲ ဖုန်းနားမှ လှည့်ထွက်လာခဲ့သည်။

"ဒေါက်တာ"

စိုင်းသက်ဇော်က နံဘေးမှာ အသာလျှောက်လိုက်လာရင်း...

"ဒီမှာ ... လာမယ့်နှစ်ဆယ့်နှစ်ရက်နေ့ ကျွန်တော့်မွေးနေ့လေ၊ ဒေါက်တာကို ဖိတ်ပါရစေ"

ခုမှ စကားစပြောဖူးတာကို မွေးနေ့လာဖိတ်နေသဖြင့် မေ့မှူး မျက်နှာကို တစ်ချက်မှ မ

လျှော့ဘဲ ပြန်ကြည့်လိုက်၏။

"မွေးနေ့ပါတီတွေတက်တာ တို့ ဝါသနာ မပါဘူး စိုင်းသက်ဇော်၊ ဖိတ်တာကိုလက်ခံပြီးမှ မ လာဖြစ်ရင်မကောင်းဘူး၊ ရိုင်းတယ်လို့ တော့ မထင်နဲ့ "

"မထင်ပါဘူး၊ ဒေါက်တာက ကျွန်တော့်ကို ခုမှ သိပေမယ့် ကျွန်တော်က ဒေါက်တာ့ကို သိနေ တာကြာပါပြီ"

"ဟင်"

"ကျွန်တော်က ကိုကြီးမိုးစျာန်နဲ့ ဆို တူ တော်ပါတယ်၊ ကိုတာရာနဲ့ ဆို ညီအစ်ကိုဝမ်းကွဲပေါ့၊ မခင်ပေမယ့် 'လက်ရုံး' ဆိုတဲ့ ဒေါက်တာ့အမျိုးသားကိုလည်း သိပါတယ်"

မေ့မှုးမျက်နှာ အနည်းငယ် ပြေကျသွားသည်။

အားနာဟန်ရိပ်ရိပ်နှင့် ပြန်ကြည့်လိုက်၍ ခေါင်းညိတ်သည်။

"ဖိတ်တာကိုလက်ခံပါ ဒေါက်တာ၊ ကိုတာ ရာကလည်း 'လက်ရုံး' ကိုဖိတ်မှာ ပါ၊ ဘာဖြစ် လို့ လဲဆိုတော့ ကျွန်တော်က ကိုကြီးမိုးချာန်တို့ ဆီမှာ လာနေတာမို့လို့ ပါ၊ ဇာတိကတော့ မန္တ လေးကလေ"

"အင်း... အင်း"

"ဟို... လက်ရုံးလို့ ခေါ်လိုက်တာ ခွင့်လွှတ် ပါနော်၊ ဒီနာမည်က ဒီအတိုင်းခေါ်မှ ကောင်း တာ မို့လို့ ပါ"

စကားပြောရင်း ဖိတ်စာကိုချည်း ထိုးပေး နေသဖြင့် မေ့မှုး ယူလိုက်ရသည်။

ထိုအချိန်မှ စ၍ ပြန်ခါနီးတော့လည်း စိုင်း သက်ဇော် မေ့မှုးနားရောက်လာပြန်သည်။

“ဒေါက်တာ ဒီနေ့ ကားလာမကြိုဘူးလား”

“လာမှာ ပါ… ဘာဖြစ်လို့ လဲ”

“ဘာမှ မဖြစ်ပါဘူး၊ ဒီနားမှာ ရပ်နေလို့ မေးတာပါ”

“ဟိုမှာ လေ ဒေါက်တာ၊ နွေမိဦးကိုစောင့်နေတာ၊ ခဏနေပါဦးဆိုလို့ ”

“ လာပြီ… မေ့မှူးရေ … လာပြီ”

နွေမိဦးက ကံကော်ပန်းခိုင်လေးနှစ်ခက်ကို ပူးကိုင် လာပြီး ခပ်သုတ်သုတ်လျှောက်လာကာ …

“ဒါလေးပေးချင်လို့ မေ့မှူးရဲ့ ၊ စောစောက ပဲ ကိုယ့်ညီမ လာပို့သွားတာ၊ အားလုံး ဆယ့်လေး ပွင့်၊ တစ်ယောက်တစ်ပွင့်စီပဲ ပေးလို့ ရတယ်၊ မေ့မှူးကိုတော့ နှစ်ပွင့်၊ မေ့မှူးက တို့တွေထက် လှတဲ့ သူ လေ”

"တော်ပါကွာ"

ပြုံးလိုက်တော့ နီးမြန်းသောပါးမို့လေးတွေနဲ့ ထောင့်ချိုးညီသော နှုတ်ခမ်းရဲရဲလေးရဲ့ ညှို့ချက် က ပြင်းသွားသည် ။

ပန်းကို မြတ်နိုးစွာကိုင်၍ ငုံ့ကြည့်နေသော မျက်တောင်ကော့ကော့များကိုပါ စိုင်းသက်ဇော် ငေးမောနေမိသည် ။

"မိန်းမတွေ ဘယ်လောက်ပဲ လှလှ လှပါတယ်ဆိုတဲ့ မိန်းမကို ကိုကြီးက ကြည့်ချင်သေးတာ"

ဘယ်မိန်းမ ဘယ်လောက်လှလှ မိန့်မိန့်ကြီးပြုံး၍ နှုတ်ခမ်းမဲ့တတ်သော ကိုကြီးကို ပိုရန်ကောဟု ထင်ခဲ့ဖူးသည် ။

ကိုကြီးက သူ့ရင်ထဲက မိန်းမတစ်ယောက်တည်းသာ အလှဆုံးဟု တင်စားခဲ့ခြင်းဟာ ရယ်စ ရာတစ်ခုလိုပါပဲ။

ဒါပေမဲ့ လက်ရုံး ဆိုသည့်ယောကျာ်းနဲ့ သူ့ရင်ထဲက မိန်းမလှလေးတို့ ပေါင်းစည်းသွားခဲ့သည့် နောက်ပိုင်းမှာ ကိုကြီးရဲ့ မြတ်နိုးတင်စားခြင်းများက သနားစဖွယ် ဆိတ်သုဉ်းသွားခဲ့သည်။

ဒီအချိန်ထိ "ချစ်ရိပ်မေ့မှူး" ဆိုသည့် နာမည်ကို စိုင်းသက်ဇော် စိတ်မဝင်စားခဲ့မိသေးပါ။

ဒီဆေးရုံရောက်တော့မှ သူမြင်တွေ့လိုက်ရသည့် ချစ်ရိပ်မေ့မှူးသည် ...။

"လှလိုက်တာဗျာ"

"ဟင်...ဘာ"

"ဪ...ပန်း...ကံ့ကော်ပန်းကိုပြောတာ"

နွေမိဦး မသိမသာပြုံးလျက် နှုတ်ဆက်ပြီး လှည့်ထွက်သွားလေသည်။

စိုင်းသက်ဇော်က ရှက်ကိုးရှက်ကန်းနှင့် တ

စ်ဖက်လှည့်ရယ်ရင်း ဆံပင်တွေကို သပ်နေပြီး လက်ပြန်ချလိုက်တော့ ပန်းကိုင်ထားသည့် မေ့မှူးလက်ကို တိုက်ချပစ်လိုက်သလိုဖြစ်သွားကာ ပန်း တွေ ပြုတ်ကျကုန်လေသည်။

"ဟာ... ဒေါက်တာ ဆောရီးနော် ... ဆောရီး"

စိုင်းသက်ဇော်က ပန်းနှစ်ပွင့်ကိုတယုတယ ပြန်ကောက်ယူကာ ပါးစပ်နဲ့ တဖူးဖူးမှုတ်လိုက်ပြီး မှ မေ့မှူးကို ပြန်ပေး၏။

"ရတယ်... တို့ မယူတော့ဘူး"

"ဘာဖြစ်လို့ လဲ ဒေါက်တာ၊ ကျွန်တော် မတော်တဆ တိုက်မိသွားတာပါ၊ စိတ်မကောင်းအောင် မလုပ်ပါနဲ့ ဗျာ၊ ယူပါနော်၊ ဒါမှ မဟုတ်ရင် ကျွန်တော် အစားပြန်ဝယ်ပေးရမလားဟင်"

မေ့မှူး မယူချင်ပေမယ့် စကားဆက် အရစ်

ရှည်နေမှာ စိုးကာ ပန်းကိုယူလိုက်သည် ။

ထို့နောက် ကားစောင့်နေတတ်သည့်နေရာကို လှမ်းကြည့်လိုက်တော့ ကားရောက်နေတာတွေ့ သည် နှင့် လှည့်ထွက်လာခဲ့၏။

ကိုယ့်မှာ ကားရှိပေမယ့် လက်ရုံးက သူနဲ့ လက်ထပ်ပြီးကတည်းက ကိုယ်တိုင် ဘယ်မှ မောင်း ထွက်စေခြင်းမပြုတော့ဘဲ နေရာတကာကို သူပဲ လိုက်ပို့လိုက်ကြိုခဲ့တာ မပျက်ခဲ့ပါ ။

" 'မ'တစ်ယောက်တည်း ဘယ်မှ မသွားပါနဲ့ကွာ၊ ပြီးတော့ 'မ'ကားကြီးက မကောင်းပါဘူး၊ လမ်းမှာ ပျက်ပြုနေလို့ မောင့်လို ဇွတ်သမားနဲ့ တွေ့ရင် ရင်ကျိုးရချည်ရဲ့ "

လက်ရုံးက သူသာဆိုးချင်ပေမယ့် သူ့လိုဆိုးတဲ့ လူကိုတော့ ဗိုလ်မထားချင်တဲ့ သူ ဖြစ်သည် ။

မေ့မှူးကားနားရောက်တော့ တံခါးဖွင့်ဖို့ လက်လှမ်းလိုက်လျှင် လေထဲမှ စူးတောက်နေသော မျက်စုံတစ်စုံကြောင့် လက်တွန့်သွား၏။

လာမကြိုတော့ဘူးပြောထားပြီး ရောက်လာသဖြင့် အံ့သြသွားခြင်းဖြစ်သည် ။

လက်ရုံးက ကားတံခါးကို လှမ်းဖွင့်ပေးလျက် နှုတ်ခမ်းမဲ့ကာ...

"တက်လေ'မ'၊ မလာဘူးထင်ပြီး ပျော်နေတာလေးတွေ မောင့်ကြောင့် ပျောက်ကုန်ပြီလား "

မေ့မှူးက ကားထဲဝင်ထိုင်လိုက်ရင်း ခပ်စူးစူးပြန်ကြည့်သည် ။

"မင်း... ဘာပြောတာလဲ လက်ရုံး"

လက်ရုံးက မေ့မှူးကိုင်ထားသည့်ပန်းကို တစ်လှည့်၊ ရပ်နေဆဲရှိသေးသည့် ဆေးရုံကြီး

အဝင်ဝ က စိုင်းသက်ဇော်ကိုတစ်လှည့် ငွေခနဲကြည့်၍ ကားကို ဆောင့်ထွက်လိုက်၏။

"မောင့်အပေါ်ကျတော့ ပစ်ပစ်ခါခါနဲ့ ခုကျတော့လည်း မင်းတယ်နူးညံ့ပါလား 'မ'၊ ပန်းတွေ ဘာတွေတောင် ပေးကြ ယူကြလို့ "

ဒေါသကြောင့် လက်ရုံးအသံက မကျယ်ပေမယ့် တုန်ခါနေသည် ။ ကားကို လမ်းမပေါ်သို့ တ အားဆွဲကွေ့ပစ်လိုက်သဖြင့် မေ့မှူးကိုယ်လေးပင် ယိမ်းထိုးသွားလေသည် ။

ကိုင်ထားသည့်ပန်းတွေပါ ခြေထောက်ပေါ်သို့ လွတ်ကျကုန်လျက် မေ့မှူး စိတ်တိုသွား၏။

"မင်းတို့ ယောကျ်ားတွေ မိန်းမတွေအပေါ် သဝန်တိုအပြစ်ရှာပြီး ထင်ရာစိုင်းချင်တဲ့ စိတ်တွေ ကို မြောင်းထဲသွားလွှင့်ပစ်လိုက် လက်ရုံး၊ တို့ မှာ အောက်တန်းကျတဲ့ အကျင့်မရှိဘူး၊ အဆင့်အတန်း မရှိတဲ့ စကားမျိုးတွေကို ဖြေရှင်း

ဖို့ လည်း စိတ်မဝင်စားဘူး၊ မင်းနေချင်သလို နေတာကို ဖုံးဖိကာ ကွယ်ဖို့ ကြိုးစားတာ ဆိုရင်တော့ ကိုပြောထားမယ်၊ လုံးဝမလိုဘူး၊ ကြိုက်သလိုနေ ထင်တာလုပ်"

"မ"

လက်ရုံး ဒေါသဖြစ်ဖြစ်နှင့် တအားအော်သည်။

နှုတ်ခမ်းတင်းတင်းစေ့၍ စိန်ပွင့်တွေလို အရောင်လက်နေသည်။ မာနကြီးလွန်းသော မေ့မှူးရဲ့ မျက်နှာတစ်ပြင်လုံးကို စေ့စေ့ကြည့်၍ အံကြိတ်ထားမိသည်။

ခါယမ်းသွားသည့်ကားကို ပြန်ထိန်း၍ အိမ်အရောက် ဘာစကားမှ မပြောမိအောင် ကိုယ့်နှုတ် ခမ်းကို ဖိကိုက်ထားရသည်။

သို့မှ မဟုတ်လျှင် မေ့မှူးပါးစပ်က ထပ်မံထွက်ပေါ်လာမည့် စိမ်းကားရက်စက်သော စ

ကား များကြောင့် ကားကို သူ တစ်စုံတစ်ရာနဲ့ ပြေးဆောင့်မိနိုင်သည် ။

အိမ်ရောက်သည် နှင့် အပေါ်ထပ်ကို ပြေး တက်သွားသည့် လက်ရုံးကို ဧည့်ခန်းမှာ မိသားစုစုံ နေသည် မို့ အားလုံးက တအံ့တသြကြည့်ကြ၏။

မေ့မှူးကတော့ ပုံမှန်အတိုင်းပဲ မျက်လွှာချ လျှောက်ဝင်ခဲ့သည် ။

“မေ့မှူးရေ ကြာဆံချက်နဲ့ ရှောက်သီးသုပ် လုပ်ထားတယ်၊ စားကြရအောင် ရေမိုးချိုးပြီး သား နဲ့ ဆင်းခဲ့နော်”

“ဟုတ်ကဲ့ မေမေ”

ခေါင်းညိတ်၍ ပဲ အပေါ်ထပ်တက်လာခဲ့၏။

အခန်းထဲရောက်ဖို့ ကို ညာဘက်လသာ ဆောင်နားမှ ဖြတ်သန်းရသည် ။

လသာဆောင်မှာ သံတန်းကို လက်ထောက်၍ ကျောပေးရပ်နေသည့် လက်ရုံးကို တစ်ချက်သာ လှမ်းကြည့်ပြီး မေ့မှူး အခန်းထဲဝင်ခဲ့၏။

အခန်းထဲရောက်တော့ ဆံထုံးကိုဖြေချ၍ ခေါင်းဖြီး အင်္ကျီလဲ၍ ရေချိုးခန်းထဲဝင်ခဲ့သည် ။

ပြန်ထွက်လာတော့ မေ့မှူး အင်္ကျီဝတ်ပြီးသည့်အချိန်မှာ လက်ရုံး အခန်းထဲဝင်လာသည် ။

"အဲဒီကောင် ဘယ်ကကောင်လဲ 'မ'၊ 'မ'နဲ့ ဘယ်တုန်းက သိပြီး ဘယ်လိုပတ်သက်နေတာလဲ၊ ရိုးရိုးပဲဖြစ်ဖြစ် ဆန်းဆန်းပဲဖြစ်ဖြစ် မောင့်ကို 'မ' တစ်ခုခုတော့ ဖြေရှင်းသင့်တယ်"

"လုံးဝ မဖြေရှင်းဘူး၊ ဒီမှာ လက်ရုံး အထင်လွဲတာ သဝန်တိုတာကို ဒီပြင်မိန်းမက သဘော ကျချင်ကျမယ်၊ တို့ ကတော့ ဆောရီးပဲ၊ ချစ်လို့ သဝန်တိုတယ်ဆိုတာကို ဘဝနဲ့ ချိပြီး မု

န်းတယ်၊ အဲဒီလူ တို့ ရှေ့မှာ လဲသေပြတာ တောင် တို့ မသနားဘူး၊ ဘယ်သူဘယ်လိုထင် ထင် ဘယ်လိုပဲ ဝေဖန်ဝေဖန် အဲဒါ ဘယ်တော့မှ နောင်တမရတဲ့ တို့ ရဲ့ အတ္တပဲ"

"အတ္တကြီးနိုင်မှာ ပေါ့ 'မ'၊ မင်းကမှ မောင့်ကိုမချစ်ဘဲ၊ ဖုန်းဆက်ပြီးမှ ဘယ်လိုမှ နေလို့ မရလို့ ဟိုမှာ လူလွှဲထားခဲ့ပြီး မင်းကို မောင်ကိုယ်တိုင်လာကြိုတာ၊ မြင်လိုက်ရတာကြီးက အသည်းကို ကွဲ ခတ်သွားတာထက် ဆိုးတယ်၊ မောင် မြတ်မြတ်နိုးနိုး တယုတယချစ်နေတဲ့ မိန်းမကို ဘယ်ကောင် စေ့စေ့ကြည့်တာမှ မကြိုက်ဘူး၊ ဖြစ်နိုင်ရင် အိမ်ခန်းထဲမှာ ထည့်ပြီး သော့ခတ်ထားခဲ့ချင်တာ၊ မင်းနဲ့ သူ ဘာဖြစ်လို့ ဒီလောက် ရင်းနှီးနေတာလဲ၊ မင်းဘာဖြစ်လို့ မောင့်ကိုမပေးခဲ့တဲ့ အခွင့်အရေးမျိုး ပေးနေတာလဲ"

မေ့မှူးက နှုတ်ခမ်းတွန့်၍ အေးစက်စက်ပြုံးသည်။

"မင်းလိုချင်တဲ့ ဖြေရှင်းချက်မျိုး တို့ ဘယ်တော့မှ ပေးမှာ မဟုတ်ဘူး လက်ရှိ အဲဒါ ဘာဖြစ်လို့ လဲသိလား၊ ယောက်ျားတစ်ယောက်ရဲ့ ဥပေက္ခာကို ဂရုမစိုက်လို့ ပဲ၊ အစကတည်းက ယောက်ျားတွေရဲ့ အကျင့်ကို မုန်းလို့ တို့ ဘဝထဲကို ကျားဆို ဘယ်ကျားမှ အဝင်မခံခဲ့ဘူး၊ မင်းနဲ့ ကျုမှ တို့ ရှုံးနိမ့်ခဲ့ရတာ၊ ဒါပေမဲ့ တို့ အသည်းမာတတ်အောင် လေ့ကျင့်ထားပြီးသား၊ ဘာအတွက်နဲ့ မှ ကြေကွဲဖို့ မရှိဘူး"

"ဒီမှာ ကြေကွဲနေတာ ဘယ်လိုလုပ်ရမလဲ၊ မင်းကြောင့် မောင် ဘယ်လောက်ခံစားနေရသလဲ မင်းသိလား 'မ'၊မင်းအချစ်ကိုရဖို့ မောင် အရူးလို သူတောင်းစားလို အမျိုးမျိုးကြိုးစားခဲ့တယ်၊ မင်းဆီက အေးစက်စွာတုံ့ပြန်လာသမျှကို

အပြုံးမပျက် ဖယ်ထုတ်ပစ်ခဲ့တယ်၊ မိန်းမတစ်ယောက် ကြောင့် ဒီလောက်ထိ ရူးသွပ်မိလိမ့်မယ်လို့ မောင်ဘယ်တုန်းကမှ ကိုယ့်ကိုယ်ကို မတွေးမိခဲ့ဘူး၊ မင်း အတွက် မောင့်အချစ်တွေက အဲလောက်ထိ တန်ဖိုးမဲ့နေသလား၊ 'မ' ရယ် ပြောစမ်းပါ"

လက်ရုံး မေ့မူးပခုံးနှစ်ဖက်ကို ဆွဲလှုပ်လိုက်သည်။

"ဟုတ်တယ်၊ အချစ်ဆိုတာကို တို့အယုံအကြည်မရှိဘူး၊ ချစ်တယ်ဆိုတဲ့ သူ ဘယ်သူ့ကိုမှ မယုံ ဘူး၊ မင်း သိပ်ရင်နာနေရင် မင်းရဲ့ အချစ်တွေကို တန်ဖိုးထားနိုင်မယ့် တစ်ယောက်ယောက်ဆီ သွား ပေးလိုက်ပါ"

" 'မ'... မင်း..."

သူ မေ့မှူးကို ဆတ်ခနဲခွာလိုက်ပြီးမှ ကျွတ်ခနဲစုတ်သပ်၍ ခေါင်းယမ်းပစ်သည်။

ထို့နောက် လက်ကိုလွှတ်၍ ကုလားထိုင်ကို တအားလွှဲကန်ပစ်လိုက်သည် ။

ဖြူလွှသော ကုလားထိုင်လေးက နံရံနဲ့ ဒိုင်း ခနဲပြေးဆောင့်ကာ ခြေထောက်တစ်ဖက် ကျိုး ထွက်သွားလေသည် ။

"မင်း သိပ်ကိုရက်စက်တယ် 'မ'၊ လုံးဝမထ င်မှတ်လောက်အောင် ရက်စက်နိုင်တယ်၊ အ သည်းမာတယ်၊ မေ့မူးလောက်အောင်လုပ်ပြီး ရူး သွပ်ကုန်အောင် မင်းလုပ်ရက်တယ်"

လက်ရုံး ဘောင်းဘီထဲလက်နှိုက်ထားလျ က် စူးစူးစိုက်စိုက်ကြည့်ကာ ချာခနဲလှည့်ထွက် သွား လေသည် ။

မေ့မှူး ကျိုးပဲ့သွားသည့်ကုလားထိုင်ကို ငေးကြည့်ရင်း အံကြိတ်ထားသည့်ကြားမှ မျက် ရည် ကြည်တွေ ဝေ့တက်လာသည် ။

ဝေဝါးလာသည့် အမြင်အာရုံထဲမှာ တရှိုက်

ရှိက်ငိုကြွေးနေသော မေမေ့မျက်ရည်စက်တို့က ပိုပြင်းလာ၏။

"သူမချစ်တာကို မပြစ်မှားပါနဲ့ သမီးရယ်၊ အဲဒါ သမီးရဲ့ အဖေ၊ သမီး ကံကြီးထိုက်လိမ့်မယ်၊ မေမေ့ကို သူ သဝန်တွေတိုပြီး သမီးလေးကိုပါ အပြစ်ရှာတာပေ့၊ မေမေတို့ သားအမိဟာ ကံတူအ ကျိုးပေးပါလားကွယ်"

"ဖောက်ပြန်တယ်ဆိုတာ လူချင်းညားမှ ဖောက်ပြန်တာ မဟုတ်ဘူး ကွ၊ မင်းစိတ်ကိုက ငါ့ကို ကျော်ပြီး ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတာ၊ ဒါကြောင့် ဒီကလေးက ဒီလောက် လှနေတာ၊ ခုတော့ သားအဖချင်းတောင် တွဲမသွားဝံ့ဘူး၊ ငါကရုပ်ကြမ်းကြီးနဲ့ လူကြမ်းကိုး၊ မင်းသမီးက ငါနဲ့ တစ်စက်မှ မတူတဲ့ ရွှေရည်ပန်းစက်လေ"

မေ့မှူး နားနှစ်ဖက်ကိုပိတ်၍ အိပ်ရာပေါ်

လှဲချလိုက်သည် ။

မျက်ရည်ကျမလာအောင် မျက်နှာကိုမော့ထားကာ မျက်တောင်တို့ နှင့် ပုတ်ခတ်တားဆီးနေ သော်လည်း မျက်ဝန်းထောင့်မှ ရုန်းထွက်သွားသည့် မျက်ရည်ပူများက နားသယ်စပ်ဆံစများကြားသို့ တိုးဝင်ပုန်းခိုသွားကြ၏။

ငါနဲ့ မေမေနဲ့ ကံတူအကျိုးပေးတဲ့ လား။

မဟုတ်ဘူး ... ငါဘယ်တော့မှ မေမေ့လို အရှုံးမပေးဘူး

ဘယ်သူဘာဖြစ်ဖြစ် ဥပေက္ခာထားနိုင်ရမယ်။

မျက်ရည်နဲ့ အဖော်မလုပ်ဘူး။

ယောကျ်ားတွေကို အထင်မကြီး မုန်းတီးခဲ့သော ကိုယ့်ရဲ့ အေးစက်ခြင်းများက မေမေဆုံးပါးခဲ့ ရတဲ့ ခါးသီးမှုများက စခဲ့တာ ဖြစ်သည် ။

ခုတော့ သူမ အတန်တန် ရှောင်ရှားခဲ့ပါလျက်နှင့် ထိုယောကျ်ားမျိုးနဲ့ ပဲ ဆုံစည်းခဲ့ရသည်။

ချစ်၍ သဝန်တိုခြင်းကို လက်မခံနိုင်သော အတ္တစွဲဟာ လက်ရုံးအပေါ်ပို၍ မုန်းတီးခြင်းကို ဖြစ်လေသည်။

အိပ်ရာထက်မှာ လူးလူးလိမ့်လိမ့် တွေးနေရင်း တံခါးခေါက်သံကြားရကာ...

“မေ့မှူး... မေမှူး”

“ဒေါက်...ဒေါက်”

“ဟင်... မကေ မေ့မှူးရှိတယ်”

“ခုနစ်နာရီခွဲတော့မယ်လေ၊ ထမင်းစားရအောင်”

“မစားတော့ဘူး မကေ၊ မေမှူးရင်ပြည့်နေလို့”

"ရင်ပြည့်လည်း ကြာဆံချက်လေး နည်းန ည်းဖြစ်ဖြစ် ဆင်းသောက်ပါဦးဟယ်၊ တို့ တွေ ဘယ် သူမှ မစားကြသေးဘူး...လာပါ"

"မေ့မှူး ဘယ်လိုမှ စားလို့ ရမှာ မဟုတ်ဘူး ၊ ညလယ်လောက်ကျတော့ ဆာရင် ဆင်းစားပါ့မယ် နော် မကော"

ပန်ကေသီထံမှ အသံတိတ်ကျသွားပြီး...

"အေးလေ...ဒါဆို တို့ စားနှင့်တော့မယ်"

"ဟုတ်"

ပန်ကေသီ အသံပျောက်သွားသည် ။

မေ့မှူး စိတ်ပြေပျောက်စေရန် ဆေးကျမ်း စာအုပ်လှမ်းယူ၍ အိပ်ရာထဲမှာ ပဲ ဖတ်နေလို က်သည် ။

ထိုစဉ် ဂီတာသံသဲ့သဲ့နှင့်...

ငယ်သေးတဲ့ အချစ်မို့×××မလေးစားတာ

လား×××ပြောပါ×××ကျွန်တော်သိပ်ချစ်တတ်တာ×××ကျွန်တော်သာအသိပါ▯××လိမ်ပြီးမပြောတတ်တာ×××ကလေးလေးဘဝတည်းကပါ×××မမနားလည် ငွဲ့ညာပါ×××

ဆုတောင်းကောင်းခဲ့တဲ့ ×××မရဲ့အလှများ ထဲမှာ ×××ကျွန်တော်လဲလဲကျတာ×××ကျွန်တော်သာအသိပါ▯××ညတိုင်းပဲ'မ'ကို×××အိပ်ပျက်ခံပြီးလွမ်းတာ×××ကျွန်တော့်ရဲ့ အဖြစ်ကို×××သနားပါဗျာ×××

စားမရ×××အိပ်မရ×××အချိန်တွေထဲသွေးအားနည်းလို့ ×××ဝိန် လာပြီ 'မ'ရေ×××'မ' မချစ်လို့ တော့သေနိုင်တယ်×××အပိုတွေမဆိုဘူး×××ယုံလိုက်ကွယ်×××'မ'မှ မချစ်ရင်×××ဘဝပျက်သွားနိုင်တယ်×××ဟုတ်တယ်×××'မ'မှ
မချစ်ရင်×××ဘဝပျက်သွားနိုင်တယ်×

ခံစားချက်ပြင်းလို့ ×××ညညအော်တဲ့ သီချင်းသံ×××အိမ်နီးနားချင်းတွေ ငြိုငြင်လို့လား××× ဘာဖြစ်ဖြစ်အချစ်က×××တစ်စက်ကလေးမလျှော့ပါ။××သတ္တိရှိစွာ။××ချစ်မှာ ပါ×××

လက်ရုံးအသံကို ကြားနေရသည်။

မေ့မှူး စိတ်ကိုစာထဲမှာ နှစ်၍ အသံကို ဥပေက္ခာထားနိုင်အောင်ကြိုးစားရင်း

အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

*

"သူ့ကို ကျွန်တော် မစွပ်စွဲပါဘူး၊ ဒါပေမဲ့ သူဘာမှ မဖြေရှင်းတာကို ရင်နာတယ်"

"ဘယ်ဖြေရှင်းမလဲ၊ ဒီကိစ္စမှာ သူမမှားဘူးဆိုတာ မမ ရဲရဲကြီးပြောရဲတယ်၊ ဘာဖြစ်လို့လဲဆို တော့ ယောက်ျားတွေကို အထင်မကြီးတတ်တဲ့ ဝါဒ သူ့မှာ ငယ်ငယ်ကတည်းက အရိုးစွဲလာခဲ့တာ မင်းကိုတောင်မှ သူချစ်လို့ ရွေးချယ်ခဲ့တာမှ မဟုတ်တာ"

လက်ရုံးက အစ်မဖြစ်သူကို ခပ်ဖြည်းဖြည်းလှည့်ကြည့်သည်။

"သူ့ရဲ့ အတိတ်အကြောင်းကို အင်ကြင်းတို့ပြောပြလို့ မမ သိခဲ့ရတာ၊ သူတို့ ပြောပြတာကလည်း မေ့မှူးရဲ့ တစ်ဖက်စွန်းရောက်နေတဲ့ အတ္တကို တို့ တွေ နားလည်ပေးနိုင်အောင် ပြောပြတဲ့ သ ဘောပဲ၊ မေ့မှူးရဲ့ အမေဟာ သူ့ကိုမွေးပြီး ယောက်ျားက သဝန်တိုရက်စက်

ခဲ့တဲ့ ဥပေက္ခာဒဏ်ကြောင့် အသက်တိုခဲ့တယ်၊ မေ့မှူးကိုယ်တိုင် အဖေအရင်းဖြစ်ပြီး ဖအေ့ဆီက အကြင်နာကို မရခဲ့ဘူး"

ပန်ကေသီက မေ့မှူးအကြောင်းကို သူသိထားသမျှ ပြန်ပြောပြ၏။

"သူ့စိတ်ကိုက တစ်သက်လုံး အထီးကျန်ခဲ့တဲ့ မာကျောအေးစက်မှုတွေနဲ့ အချစ်ကို ခါးသီးခဲ့ တာ၊ ခုတော့...သူမုန်းတီးခဲ့တဲ့ အဖြစ်မျိုးကို မှ မင်းက သွားဖန်တီးတော့ သူ ဒီလိုပဲတုံ့ပြန်မှာ ပဲ၊ ဒီအ ဖြစ်ကြောင့် သူ့ဆီက အချစ်ကိုရဖို့ မောင်လေး ပိုဝေးသွားနိုင်တယ်"

လက်ရုံး မျက်နှာပျက်လျက် ခါးမတ်မတ် ဖြစ်သွားသည် ။

"မေ့မှူးလို ဣန္ဒြေသိက္ခာ ကြီးတဲ့ ဒီလိုနာကြည်းချက်တွေလည်း ရှိခဲ့တဲ့ မိန်းမမျိုးကို မင်းခုလိုမျိုး အပြစ်ရှာဖို့ နောက်ထပ် ဘယ်

တော့မှ မကြိုးစားပါနဲ့ မောင်လေးရယ်”

လက်ရုံး မျက်နှာကို လက်ဝါးနဲ့ ပွတ်သပ်၍ ဆိုဖာမှာ အိခနဲမှီချလိုက်သည်။

“သူ ကျွန်တော့်ကို ပိုမုန်းသွားပြီ”

ဟု တိုးတိတ်စွာရေရွတ်လျက် မျက်လုံးတွေကို မှိတ်ချ လိုက်လေသည်။

*

# အခန်း(၁၉)

သူ အခန်းထဲဝင်လာတော့ အိပ်ရာပေါ်မှာ ထူထဲသောစာအုပ်ကြီးကို ရင်ဘတ်ပေါ်တင်လျက် အိပ်ပျော်နေသည့် မေ့မှူးကို တွေ့လိုက်ရသည်။

ပန်းနုရောင် ပိုးပျော့ညဝတ်အင်္ကျီ ဖားဖားလေးနှင့် ခေါင်းအုံးထက်မှာ ဆံနွယ်ရှည်တွေ ခွေ ပိုက်ပုံကျကာ နှစ်ခြိုက်စွာ အိပ်မောကျနေပုံလေးက စူးရဲပြတ်သားနေတတ်သော မာန်မာနများ လည်း ရှိမနေဘဲ အပြစ်ကင်းစင်စွာ ဝင်းဖပ်အိစက်နေသည်။

လက်ရုံး မေ့မှူးလက်ထဲကစာအုပ်ကို သာ

သာလေးဆွဲယူ၍ စားပွဲပေါ် လှမ်းတင်ထားလိုက် သည်။

ပြီးတော့ ပြာလဲ့လဲ့မီးလုံးလေးသာထား၍ မီးချောင်းကို ပိတ်ပစ်လိုက်၏။

အပြာရောင်မီးရောင် မှိန်မှိန်ထဲမှာ ကျတော့လည်း မေ့မှူးမျက်နှာလေးက အပြာရောင်ဗီးနပ် စက်လေးပဲ ဖြစ်လေသည်။

တစ်ဖက်မှ ပြန်လှော့ကာလာကာ မေ့မှူးဘေးမှာ အသာဝင်လှဲရင်း လက်ရုံး အိပ်ပျော်ဖို့ ကြိုး စားသည်။

ခံစားချက်ကြောင့် ရင်ထဲမှာ ပူနေသည်။

တစ်ညနေလုံး ဘာမှ မစားရသေးသည့် ဗိုက်က ဟာနေ၏။

မေ့မှူးလည်း လုံးဝဆင်းမလာဘူးဟု မမပြောသည်။

လက်ရုံး ဘယ်လိုမှ အိပ်မရဘဲ ရေခဲသေတ္တာထဲက ရေပုလင်းထယူ၍ မော့သောက်လိုက်သည် ။

မေ့မှူးကို မနှောင့်ယှက်မိအောင် စိတ်ကို ဘယ်လိုမှ ချုပ်ထိန်းလို့ မရသည့်အဆုံး စီးကရက်ကို ပြာခွက်ထဲလှမ်းထည့်ကာ မေ့မှူးဘက်ကို လှည့်သည် ။

အိအိနွဲ့နွဲ့လေးအိပ်နေသည့် မေ့မှူးကိုယ်လေးကို ဖွဖွလေးထွေးဖက်၍ ပိတ်ယှက်ထားသည့် မျက်တောင်ကော့ကော့လေးတွေကို မြတ်နိုးစွာ နမ်းမိ၏။

ထို့နောက် အနမ်းသူခိုးက ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိဘဲ မျက်နှာလေးကို တိုးတိတ်နမ်းရှိုက်ရင်း ဆံစများ ထဲကို မျက်နှာကပ်၍ အနမ်းမှာ စိုစွတ်နေခြင်းကို ထိတွေ့မိသည် ။

လက်ရုံး ဆံစထဲကိုလက်ထိုး၍

သေချာကိုင်ကြည့်နေမိရင်း
စိုစွတ်နေခြင်းအကြောင်းကို သ ဘောပေါက်သွား၏။

မေ့မှူး ငိုထားခဲ့သည် ပဲ။

ခံစားချက်ကြီးခဲ့ရှာသော မေ့မှူးကို ရင်နာအောင် သူပြုခဲ့မိသည် ။ ညဦးကအဖြစ်အတွက် ယောကျ်ားတွေကို ပို၍ မုန်းတီးနာကြည်းကာ နောင်တတွေလည်း ရနေခဲ့လိမ့်မည်။

မေ့မှူးကိုပွေ့ဖက်ရင်း လက်ရုံး ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည် ။ သူ ဒီလောက်ထိ ပေါက် ကွဲခဲ့မိဖို့ မကောင်းပါ။

မေ့မှူးကိုကျေနပ်အောင် တောင်းပန်ပြောဆိုချင်သော စကားလုံးတို့ က ရင်ထဲမှာ ပြည့်ကျပ် တွန်းထိုးနေသည် ။

ဒါပေမဲ့ မေ့မှူးနိုးလာမှာ လည်း စိုးနေမိသည် ။

သူတောင်းပန်လိုက်၍ လွယ်ကူစွာကျေအေးသွားမည် မဟုတ်သော မေ့မှူးပါးစပ်က ရင့်သီး ရက်စက်သည့် စကားလုံးတွေကို မကြားရဲဘဲ ဖြစ်နေသည်။

ဘုန်းလက်ရုံးဟာ ပန်းတို့ ရဲ့ အလယ်မှာ တစ်သက်လုံး မင်းမူကြီးစိုးခဲ့သမျှ တစ်ပွင့်သောပန်း ကလေးရဲ့ ရှေ့မှာ ဒိုက်ဆင်းကြွေကျခဲ့ရသည်။

သို့သော် ထိုကဲ့သို့ သူ၏ ကျဆုံးမှုကိုလည်း သနားမည့်သူမရှိခဲ့သော်...။

*

## အခန်း(၂၀)

ခေါင်းမထူချင်လောက်အောင် ကိုက်ခဲမူး ဝေနေသဖြင့် မေ့မှူးအားလုံးကိုပြင်ဆင်၍ ဆင်းလာခဲ့ပြီးမှ မသွားတော့ဖို့ ဆုံးဖြတ်ကာ နွေမိဦးဆီ ဖုန်းလှမ်းဆက်သည်။

သူမရဲ့ တာဝန်အတွက် ခွင့်လုပ်ပေးဖို့။

"တီ"

ဖုန်းဆက်ရင်း ပေါ်တီကို အောက်ကိုဝင်လာသည့် ကားဟွန်းသံကြောင့် လှမ်းကြည့်လိုက်မိ သည်။

ဆံပင်တိုတို အပြာရောင်နားကွင်းဝိုင်းလေးတွေ ခါလျက် မျက်ခွံလေးတွေပါ ပြာလဲ့တော

က်ပကာ တစ်ကိုယ်လုံး ကြည်ပြာရောင်လွှမ်း နေသော လွန်စွာလှပသည့် မိန်းကလေးတစ် ယောက်က ကားပေါ်က ဆင်းကာ အိမ်ပေါ်ကို သူမဘာသာ တံခါးတွန်းဖွင့်၍ ဝင်လာသည်။

မေ့မှူးဖုန်းချ၍ သူမကို ကြည့်နေလိုက်၏။

"မမ...ကိုကိုရောဟင်"

"ဘယ်သူ့ကို မေးတာလဲ"

"ကိုကို...အဲ့ဘုန်းလက်ရုံးလေ"

မေ့မှူး မျက်ခုံးလေး ဆတ်ခနဲတွန့်သွားကာ ကိုကိုခေါ်သည့်မိန်းကလေးကို ခပ်စူးစူးကြည့် မိ ၏။

"သူ အပေါ်မှာ ရှိတယ်"

ဒါပဲဖြေကာ ကျောခိုင်းလိုက်သည်။

"မမက ချစ်ရိပ်မေ့မှူးဆိုတာ ထင်တယ်"

နာမည်ကို တည့်တည့်ခေါ်မေးနေသဖြင့်

ဒေါသက ထောင်းခနဲဖြစ်သွား၏။

"ဟုတ်တော့ မင်းဘာလုပ်မလို့ လဲ ဖူး"

မေ့မှူး ဘာမှ မပြောမိသေးခင် အခန်းထဲက ထွက်လာသည့် ပန်ကေသီနှင့်ဖူး မျက်နှာချင်းဆိုင် မိသွား၏။

"ဘာမှ မလုပ်ပါဘူး၊ ဖူးက ကိုယ့်ရဲ့ ဘော့စ်မို့ မေးကြည့်တာ"

"မင်း...ကိစ္စရှိသလား"

"ကိုကိုနဲ့ ညှိသည် သွားကြိုစရာရှိလို့ လာတာလေ၊ ရုံးမှာ ထိုင်စောင့်နေရမှာ ပျင်းလို့ "

ပန်ကေသီက ခပ်မဲ့မဲ့ပြုံး၍ အနားလျှောက်လာသည် ။

"မင်းက Secretary လုပ်နေပြီး လုပ်ငန်းမှ စီမံခန့်ခွဲဖို့ လုပ်ငန်းနဲ့ ပတ်သက်သူတွေနဲ့ သင့်တင့်အောင် ဆက်ဆံဖို့ တွေကို စိတ်မဝင်စား

ဘဲ Boss ရဲ့ အထာကို နားလည်ဖို့ ပဲ ကြိုးစား နေပုံရတယ်"

"ဘာဖြစ်လို့ လဲ မမ"

မေးပုံက ရက်စွဲ့ ဒေါ်ပွဟန်မရှိဘဲ ခပ်ရဲရဲပဲ ဖြစ်သည် ။

"ပျင်းတယ်ဆိုလို့ လေ၊ ပျင်းရင် Secretary မဖြစ်ဘူးကွ၊ Secretary ဆိုတာ Boss နောက် ကို တကောက်ကောက်လျှောက်လိုက်နေဖို့ တ စ်ခုတည်း မဟုတ်ဘူး ၊ သူမရှိတဲ့ အချိန်မှာ လု ပ်ငန်းဆက် သွယ်မှုတွေ ပြတ်တောက်မှုမရှိရ အောင် လက်ခံရမယ်၊ မှတ်ထားရမယ်၊ အင်ဂေ့ ရှ်လုပ်သင့်တာတွေ လုပ်ထားရမယ်"

"အခုလိုအပ်လို့ ဖူးလိုက်ရမှာ ပဲ၊ အဲဒါ ကို ကိုခေါ်တာလေ"

"သူက ဒီကိုလာဖို့ ခေါ်ထားသလား"

ဖူးမဖြေနိုင်။

"မင်း…ဒီကိုလာနေတဲ့ အချိန်မှာ အရေးကြီးတဲ့ ဖုန်းဝင်နေရင် ဘယ်လိုလုပ်မလဲ"

မေ့မှူးနောက်ကိုပြန်မကြည့်တော့ဘဲ ခြံထဲ ဆင်းလာခဲ့သည် ။

ခေါင်းထဲမှာ မူးဝေနောက်ကျိနေသမျှ ပန်းရနံ့တို့ ၏ ချော့သိပ်မှုကြောင့် အနည်းငယ် ကြည် လင်လန်းဆန်းသွားသလို ရှိလေသည် ။

ကျောက်ခုံဖြူဖြူလေးမှာ ထိုင်ရင်း မေ့မှူး နောက်ကို ခပ်စောင်းစောင်းလေးမှီကာ မျက်လုံးတွေကို မှိတ်ထားလိုက်၏။

"မ"

ယဉ်ပါးနေသော ရေမွှေးရနံ့တစ်ချက်နဲ့ အတူ လက်ရုံး အနားရောက်လာသည် ။

“ ‘မ’ နေမကောင်းဘူးလား”

နဖူးပြေပြေလေးကို စမ်းကြည့်ပြီး အနားမှာ ထိုင်လိုက်၏။

“မ”

လက်ရုံးက မေ့မှူးရဲ့ လက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်ကာ...

“မောင့်ကို စိတ်ဆိုးနေတုန်းပဲလားဟင်၊ မောင်တောင်းပန်ပါတယ် ‘မ’ရယ်၊ ‘မ’ကို စော်ကားသလိုပြောမိခဲ့တာ မောင်မှားပါတယ်၊ မောင့်ကို ခွင့်လွှတ်ပါ”

မေမှူးက လက်ကိုရုန်းပစ်၍ မတ်မတ်ထိုင်လိုက်သည် ။

ထို့နောက် မျက်နှာလွှဲထားလိုက်၏။

“ ‘မ’... ‘မ’မောင့်ကို အဲသလို မပြောမဆိုဘဲ မနေနဲ့ ကွာ၊ မောင်မနေတတ်ဘူး၊ ‘မ’ကျေ နပ်

အောင် မောင် ဘယ်လိုတောင်းပန်ရမလဲ၊ နောက် ဒီလိုပြဿနာမျိုးမဖြစ်ရအောင် မောင် ထိန်း သိမ်းပါ့မယ် ကျေနပ်ပါ"

"တို့ တစ်ယောက်တည်းနေချင်တယ် လက်ရုံး၊ မင်း...ထွက်သွားပေးပါ"

"မသွားနိုင်သေးဘူး 'မ'၊ ခုနကရောက်လာတဲ့ ကောင်မလေးနဲ့ မောင့်ကိုလည်း 'မ' တစ်မျိုးထင်သွားမှာ ပဲ၊ 'မ'က မောင့်ကို သဝန်မတိုပေမယ့် အထင်မြင်သေးသွားမှာ ပဲ၊ အဲဒါ မောင်လုံးဝမ ဟုတ်ဘူး...တကယ်၊ အခု သူ့ကို အလုပ်ကထုတ်ဖို့ တောင် စီစဉ်ပြီးပြီ၊ မောင့်ရင်ထဲမှာ 'မ'ကိုတွေ့ပြီး တဲ့ အချိန်ကစပြီး ဘယ်မိန်းမမှ မရှိခဲ့ဘူး၊ စိတ်ကူးထဲလည်း မထည့်ခဲ့ဘူး၊ အဲဒါ....ယုံပါ"

"ဒါတွေ လုံးဝမလိုအပ်ဘူးလို့ ပြောပြီးသားပဲ၊ တို့ နေမကောင်းဖြစ်လို့

အလုပ်တောင်မသွား ဘူး၊ မနှောင့်ယှက်ပါနဲ့ လက်ရုံး မင်းသွားပါ”

ခိုပြာရောင်ဘောင်းဘီရှည် ခဲပုတ်ရောင်ဖောရိန်းရှပ်နှင့် ကုတ်အင်္ကျီကို အနက်ဝတ်ထားသည့် လက်ရုံး အ လုပ်သွားဖို့ ဆင်းလာတာဖြစ်သည် ။

သို့သော် သူ နေရာမှ မရွေ့။

မေ့မှူးမျက်နှာပေါ်က စိတ်ပျက်ရှုပ်ထွေးခြင်းဟာ ဖြစ်ခဲ့တဲ့ ပြဿနာကြောင့်လား ဖူးရောက် လာခဲ့သည့် အဖြစ်ကြောင့်လား ဘာမှန်းမသိရဘဲ သူ ဘာကို ချေဖျက်ရမှန်းမသိ။

တစ်ခု ခံစားနေမိသည် က သူဟာ မေ့မှူးနဲ့ အဝေးကြီးကို ရောက်သွားနေခြင်းပဲ ဖြစ်လေသည် ။

*

# အခန်း(၂၁)

မှန်ရာကို×××သစ္စာဆိုပါမည်××ဘုရား သခင်ထံ×××တိုင်တည်ဖူးပါသည် ×××ရင်မှာ တစ် ယောက်တည်း×××ချစ်ခဲ့ဖူးပါသည် ×××မင်းကလွဲ၍ ×××ဘယ်သူမှ ×××ကိုယ်မချစ်ပြီ×××

မင်းကလွဲ၍ ×××ဘယ်သူမှ ×××ကိုယ်မချစ်ပြီ×××ကြင်နာသူ×××သိစေချင်ပါသည် ××× ကိုယ့်စေတနာ×××ဖြူစင်ခဲ့ပါသည် ×××အမှန်တကယ်မြတ်နိုး×××မိတဲ့ ×××အဖြစ်တွေ သည် ×××အရိပ်တကြည့်ကြည့်နဲ့ ×××မပြောရက်

×××မဆိုရက်ပြီ×××

အကြင်နာတွေ×××မထွေးနိုင်×××မအန်နိုင်ပြီ×××မျက်နှာတော်×××မော်ကာဖူးချင်သည်  ×××မရေရာလှသော×××ဘဝမို့အားငယ်သည် ×××ဆင်းရဲတွင်းထဲ×××ဆွဲလို့ ×××မခေါ်ရက်ပြီ××မုန်ရာကို×××သစ္စာဆိုပါမည်×××

"မောင်လေး"

တစ်ရေးနိုး ကြားရတဲ့ ဂီတာသံမို့ ပန်ကေသီ ဘယ်လိုမှ မစောင့်နိုင်တော့ဘဲ တီးနေသည့် ဂီ

တာကို ဆုပ်ကိုင်ပစ်လိုက်၏။

ဂီတာသံ တိခနဲရပ်ကျသွားသည် ။

"နေ့လယ်ကတည်းက နေမကောင်းလို့ ပြန်လာတာမဟုတ်လား မောင်လေးရယ်၊ ညဥ့်န

က်လှပြီ…သွားအိပ်ပါတော့”

“ကျွန်တော် မအိပ်ချင်ဘူး မမ၊ မမ… သွားပါ”

“သွားနိုင်ပါ့မလား မောင်လေးရယ်၊ မေမေလည်း နိုးနေတယ်၊ မိဘကို စိတ်ဆင်းရဲအောင် မ

လုပ်ပါနဲ့ ကွယ်၊ ထ…ထ…သွားအိပ်တော့”

ညဥ့်က တိတ်ဆိတ်နေပြီ။

မီးလင်းနေသည့် အိပ်ခန်းဆီကိုမော့ကြည့်ကာလက်ရုံး အံကိုတင်းခနဲကြိတ်မိ၏။ မေ့မှုးရှိတဲ့ နေရာကို သူမသွားရဲပါ။

ချစ်လို့ ဇွတ်ပွေ့ ဇွတ်နမ်းတာမျိုးလည်း မလုပ်ချင်တော့။

သူ့ဆီက ကြည်ဖြူစွာပေးဆပ်လာသည့် နူးညံ့မှုကိုသာ တမ်းတမိလာတာ လေးလေးနက်

နက် ချစ်လာခဲ့၍ ပဲ ဖြစ်လေသည် ။

အစကတော့ အချစ်ဟာ သူနဲ့ လက်တစ်ကမ်းမှာ ဟု ထင်ခဲ့သည် ။

တစ်ခုသောကာလအတွင်းမှာ အချစ်ကို သူသိမ်းပိုက်နိုင်မည်ဟု ယုံကြည်ခဲ့၏။

ခုတော့...ဤသို့မဟုတ်ခဲ့

ဒါဟာ အသည်းမာသောမိန်းမကိုမှ ချစ်ခဲ့မိသည့် သူ့အပြစ်လား။

ရက်စက်နိုင်လွန်းသည့် ကျောက်သားလိုနှလုံးသားရှိသော မိန်းမတစ်ယောက်ရဲ့ တုံ့ပြန်မှုများ ကို အပြစ်တင်ရမည်လား။

သူ့ရင်ထဲမှာ တငွေ့ငွေ့လောင်မြိုက်၍ တဖွဲ့ဖွဲ့ကြွေကျနေသော နှလုံးသားကတော့ တစ်ခြမ်းပဲ့ နေပြီ ဖြစ်၏။

သူ အခန်းထဲပြန်ရောက်တော့ စာကြည့်စား

ပွဲမှာ မေ့မှူးထိုင်နေဆဲမို့ အံ့ဩသွားသည်။

ဒါပေမဲ့ ဘာမှ မမေးဖြစ်ဘဲ အိပ်ရာပေါ်လှဲချကာ နဖူးပေါ်လက်တင်၍ မျက်လုံးတွေကို မှိတ် ထားလိုက်မိသည်။

သို့သော် နှစ်နာရီထိုးသံလေး အော်တိုနာရီလေးထဲက မြည်လာတော့ သူမနေနိုင်။

“ ‘မ’ မအိပ်သေးဘူးလား၊ ညဉ့်နက်လှပြီ”

“ဟင့်အင်း”

မေ့မှူး နှုတ်ခမ်းလေးကို လက်ဖဝါးလေးနဲ့ ကပ်၍ သမ်းလိုက်ပြီး စာတွေဖတ်လိုက် ရေးလိုက်

ဆက်လုပ်နေသည်။

သုံးနာရီထိုးမှ မေ့မှူး အိပ်ရာဝင်လာ၏။

“ မ”

လက်ရှိး မေ့မှူးဘက်ကို တစောင်းလှည့်၍

မေ့မှူးလက်ဖဝါးလေးကို လှမ်းဆုပ်ထားလိုက်သည် ။

" 'မ' မောင်တို့ ကလေးယူရအောင်"

"အို... ဘာလို့ ယူရမှာ လဲ"

မေ့မှူး ခါးခါးသီးသီးငြင်းပစ်တော့ သူ့ရင်ထဲမှာ စူးခနဲ အောင့်သွားသည် ။

မေ့မှူးရဲ့ ကိုယ်လုံးလေးကို သူ့ဘက်ကို ဆွဲယူပွေ့ဖက်ထားလိုက်ပြီး...

" 'မ' နဲ့ မောင်တို့ ရဲ့ အေးစက်မှုတွေကို တစ်ခုခုနဲ့ နွေးသွားအောင် ချည်နှောင်ချင်တယ်'မ'၊

မောင်တို့ ကလေးယူမယ်ကွာ၊ အဲဒါ တစ်ခု မောင့်ကို လိုက်လျောပေးပါ"

"ဘာချည်နှောင်မှာ လဲ၊ တို့ ဘာနဲ့ မှ ချည်နှောင်မခံနိုင်ဘူး၊ ဒီကလေးကြောင့်လည်း ဘ

ယ်သူ့ကို

မှ မရှုံးနိမ့်ချင်ဘူး၊ ဘဝမှာ ချည်နှောင်ခံလိုက်မိတဲ့ မှားယွင်းမှုတစ်ခုကြောင့် မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ရဲ့ ခြေဖဝါးအောက်မှာ ပက်ပက်စက်စက် ကျဆုံးသွားခဲ့ရတယ်၊ အဲဒီမိန်းမမျိုး တို့ ဘယ်တော့မှ မဖြစ်စေရဘူး"

"မောင် အဲဒီလိုယောကျ်ားမျိုး မဟုတ်ဘူး 'မ'၊ လူတိုင်းလူတိုင်းမှာ ဒီစိတ်ဒီသဘောမျိုး ချည်းရှိကြတာ မဟုတ်ဘူး 'မ'၊ ပညာတွေတတ်ရဲ့ သားနဲ့ ဘာဖြစ်လို့ ဒီလောက်ထိ အတ္တကြီးပြီး အစွဲအလမ်းထားနေတာလဲ"

မေ့မှုးက သူ့ရင်ခွင်ထဲကရုန်းထွက်၍ ထထိုင်လိုက်သည်။

"တို့ ပြောခဲ့သားပဲ၊ တို့ မှာ အဲဒီလိုအတ္တ ရှိနေတယ်ဆိုတာအခု ပိုပြီး ကြီးမားသွားပြီ၊

တွေပဲဖြစ်ဖြစ် မောင် အားလုံးယူမယ်"

မေ့မှုးကို သူအတင်းဆွဲလှည့်ကာ မျက်လုံးချင်းဆုံ၍ စူးစိုက်ကြည့်သည် ၊ လက်ရုံးမျက်ဝန်းမှာ မျက်ရည်ရောင်လဲ့နေတာကို မေ့မှုးငေးကြည့်မိ၏။

ထိုစဉ် မိုးစက်တို့ ကျလာသံ တဖြောက်ဖြောက်ကို ကြားလာရသည် ။ သူသည် အတန်ကြာ စိုက်ကြည့်နေပြီး မေ့မှုးကို တင်းကျပ်စွာ ပွေ့ဖက်၍ မက်မောစွာနမ်းသည် ။

ထို့နောက် မေ့မှုးကိုလွှတ်ကာ အိပ်ရာပေါ်မှ ဆင်းလာခဲ့မိသည် ။

ရင်ထဲမှာ ကြေကွဲနေသည် ။

ဝရန်တာဘက် ထွက်လိုက်သည် နှင့် သုတ်ခနဲတိုးဝှေ့လာသော မိုးသက်တင်လေနှင့်အတူ မစဲဘဲ တဖွဲဖွဲကျနေသော မိုးစက်တို့ က နူးနူးညံ့ညံ့လေး ပုတ်ခတ်လာ၏။

ခြံ ထဲ မှာ ထွန်းထားသောမီးပွင့်များ နှင့် ကျောက်ခုံဖွေးဖွေးလေးတွေကို ငုံ့ငေးကြည့်ရင်း နာကျင်နေသည့်စိတ်ကို ဖြေရာရှာနေမိသည် ။

အချစ်ကြောင့် ရူးတဲ့ သူကို ဘယ်သူမှ သနားကြမည်မဟုတ်။

ဒါပေမဲ့ ရူးလောက်အောင် ခံစားခဲ့ဖူးသည့် အချစ်ရှုံးသမား တစ်ယောက်တလေ လောက်တော့ စာနာစိတ်နဲ့ သက်ပြင်းချပေးရှာလိမ့်မည်။

ထိုတစ်ယောက်တလေကို တမ်းတ၍ ရူးချင်နေသည့်စိတ်ကို သူ လွှတ်ပေးလိုက်ချင်သည် ။

သက်ပြင်းချပေးဖော်ရမည်ဆိုလည်း မနည်းပါ။

ဖွဲ့ဖွဲ့လေးကျနေသည့် မိုးစက်တို့ က သူ့ကို စိ

တ်မရှည်နိုင် ဖြစ်ခဲ့လေသလားမသိ...။

ဖွဲဖွဲမှ ခပ်စိပ်စိပ်လေး သွန်းဖြိုးလာသည် ။

ဆံပင်ကြိုကြားမှ စီးလာသော မိုးစက်တို့က နှာခေါင်းဖျားနဲ့ ပါးပြင် နှုတ်ခမ်းဖျားပေါ်သို့ တ တောက်တောက်ကျလာ၏။

လေက ဟူးခနဲအဝေ့မှာ မိုးက ပိုသည်းလာသည် ။

ကျောထဲမှာ စိမ့်ခနဲဖြစ်သွားခြင်းအတွက် လက်ရုံး ကျေနပ်သွား၏။

တစ်ကိုယ်လုံး ပြာကျမတက် ပူလောင်နေခြင်းများ လျော့ပါးသွားသလို ခံစားရကာ ဝရန်တာသံတန်းကို ကျောမှီ၍ ထိုင်ချလိုက်မိ၏။

ခုချိန်မှာ သူ့ရင်ထဲကသောကများကို ခဏလေးဖြစ်ဖြစ် အေးချမ်းမှုပေးစွမ်းနိုင်မည့် တစ်

စုံ တစ်ရာကိုသာ သူ အမက်မောဆုံး…။

*

# အခန်း(၂၂)

"နေမကောင်းဘဲလည်း ဘာလို့ အလုပ်ဆင်းနေလဲ မေ့မှုးရယ်၊ မင်းမျက်နှာညှိုးနေတာ အရမ်း သိသာတာပဲ"

"လူနေမကောင်းတာထက် စိတ်နေမကောင်းတာက ပိုဆိုးတယ် နွေမီ၊ အိမ်ထောင်ဆိုတဲ့ ဒုက္ခ ကို တို့ သိပ်မုန်းတာပဲ၊ ကြောက်လည်း ကြောက်တယ်"

"ဘာဖြစ်လို့ လဲ၊ သူက မင်းကို မချစ်လို့ လား၊ မဖြစ်နိုင်ပါဘူးဟယ်၊ သူ့ပုံစံက မင်းကို အရမ်း ချစ်ပြီး အလိုလိုက်တဲ့ ပုံပါ"

"ယောကျ်ားတွေ ချစ်တယ်ဆိုတာကို တို့ မ

ယုံဘူးနွေမိ၊ သူတို့ ရဲ့ ချစ်ခြင်းကို ခံနေရတာ ဆူးခြံ ထဲမှာ ဝတ်လစ်စလစ်နဲ့ နေရသလိုပဲ၊ လှုပ်တာနဲ့ စူးတာပဲ”

“ထူးထူးဆန်းဆန်း မေ့မှူးရယ်၊ ဘယ်မိန်းမမဆို ကိုယ့်ယောကျ်ားက ကိုယ့်ကို ချစ်ခင်နှစ်သက်လာအောင် ကြိုးစားကြတာချည်းပဲ၊ ကိုယ်မချစ်တဲ့ သူကို ယူထားရင်တောင်မှ ကိုယ့်ကိုချစ်တာ ကိုတော့ သဘောကျကြတာပဲ”

“ဟုတ်တယ်... တို့ ကတော့ အဲဒီလို အချစ်ခံရတာကို ဂုဏ်မယူဘူး၊ သူတို့ ပေးနေတာတွေကို လည်း အချစ်လို့ မမြင်ဘူး၊ လောဘကြီးကြီးနဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝကို ချုပ်ကိုင်ကြိုးဆွဲချင်တာ၊ အဆိပ်ရေလောင်းပြီး အဆိပ်ပန်းပွင့်ဖို့ ကြိုးစားကြတာ”

မေ့မှူးရဲ့ ခံစားချက်တို့ ကို သိမထားခဲ့သော နွေမိဦးက မေ့မှူးစကားလုံးတွေကို နားထောင်

ရင်း မျက်လုံးလေးပြူးနေသည်။

မသိခဲ့ပေမယ့် မေ့မှုးမှာ တစ်စုံတစ်ရာသော ခံစားချက်ရှိနေမှန်းတော့ ခန့်မှန်းလိုက်မိလေ သည်။

"ဖြစ်မှ ဖြစ်ရလေ မေ့မှုးရယ်၊ တို့ ကဖြင့် မေ့မှုးတို့ စုံတွဲကို အားကျပြီး ဒီတစ်သက် ယောကျ်ား ယူဖို့ တောင် မစဉ်းစားချင်တော့ဘူး"

"ဘယ်လိုကြီးလဲ နွေဦးရဲ့"

"ဟုတ်တယ် မေ့မှုးကအရမ်းလှတော့ အရမ်းချောတဲ့ ယောကျ်ားနဲ့ ရတယ်လေ၊ ဘုန်းလက်ရုံး မင်းကိုလာကြိုပြီဆို ဘယ်သူမှ လိုက်မကြည့်ဘဲမနေနိုင်ဘူး၊ အနည်းဆုံး ပြောလက်စ,စကားတော့ ပြတ်တောက်ရပ်တန့်ကုန်တာပဲ၊ အဲဒီတော့ တို့ အားကျတာပေါ့၊ ဒါပေမဲ့ တို့ က မလှဘူးလေ၊ ချောတဲ့ ယောကျ်ားကိုရဖို့

ကလည်း မသေချာဘူး၊ ကိုယ့်နားမှာ ရှိတာ တွေကျတော့ မလိုချင်ပါဘူး၊ ဒါကြောင့် အား ကျပေမယ့် မလိုချင်တော့ဘူးပေါ့"

"မလိုချင်တာ ကောင်းတာပေါ့နွေမီ၊ ဘယ် တော့မှ မယူဖြစ်လည်း ကောင်းတာပဲ၊ ယော က်ျား ဆိုတဲ့ သတ္တဝါကို အထင်မကြီးလေကော င်းလေ၊ ရှောင်နိုင်လေ စိတ်ချမ်းသာလေပဲ၊ အ ခု သူနဲ့ တို့ အဆင်မပြေဘူး၊ ဘယ်လောက် စိ တ်ညစ်ဖို့ ကောင်းလဲ"

"ဘာဖြစ်လို့ လဲ မေ့မှုးရယ်၊ နည်းနည်း လောက် ပြောပြစမ်းပါ အံ့သြလွန်းလို့ "

ထိုစဉ် ဖုန်းသံမြည်လာကာ တစ်ယောက် က ကောက်ကိုင်လိုက်သော်လည်း မေ့မှုးကို လှမ်း၍ ပြုံးပြကာ...

"ရော့...မေ့မှုးဖုန်း"

မေ့မှုး နေရာမှ ထ၍ ဖုန်းကိုင်လိုက်သည်။

ကလည်း မသေချာဘူး၊ ကိုယ့်နားမှာ ရှိတာ တွေကျတော့ မလိုချင်ပါဘူး၊ ဒါကြောင့် အား ကျပေမယ့် မလိုချင်တော့ဘူးပေါ့”

“မလိုချင်တာ ကောင်းတာပေါ့နွေမီ၊ ဘယ် တော့မှ မယူဖြစ်လည်း ကောင်းတာပဲ၊ ယော က်ျား ဆိုတဲ့ သတ္တဝါကို အထင်မကြီးလေကော င်းလေ၊ ရှောင်နိုင်လေ စိတ်ချမ်းသာလေပဲ၊ အ ခု သူနဲ့ တို့ အဆင်မပြေဘူး၊ ဘယ်လောက် စိ တ်ညစ်ဖို့ ကောင်းလဲ”

“ဘာဖြစ်လို့ လဲ မေ့မှူးရယ်၊ နည်းနည်း လောက် ပြောပြစမ်းပါ အံ့သြလွန်းလို့ ”

ထိုစဉ် ဖုန်းသံမြည်လာကာ တစ်ယောက် က ကောက်ကိုင်လိုက်သော်လည်း မေ့မှူးကို လှမ်း၍ ပြုံးပြကာ…

“ရော့…မေ့မှူးဖုန်း”

မေ့မှူး နေရာမှ ထ၍ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို...မေမှူးပါ"

"သမီး...မေမေပါကွယ်၊ သမီး အမြန်ဆုံးပြန်ခဲ့စမ်းပါ၊ သားလေး ကိုယ်ပူတွေကြီးပြီး သတိ မရလို့ "

"ဟင်"

မေမှူး ဖုန်းကိုင်ထားသည့်လက် တင်းခနဲဖြစ်သွားသည် ။

"သမီး...မေမှူး..."

"ရှင်"

"ကြားလား...ဖြစ်နိုင်ရင် ခုပြန်လာခဲ့ပါ"

"ဟုတ်ကဲ့"

မေမှူး ဖုန်းချပြီးသည် နှင့် ဂျူတီကုတ်ကို ကောက်ယူလိုက်သည် ။

"ညက သူဘယ်တုန်းက အိပ်ရာထဲ ပြန်ရောက်နေမှန်းမသိ စောင်ကို တင်းနေအောင်

ဆွဲခြိုကာ မျက်နှာကွက်ကွက်ကလေးပဲပေါ်၍ အိပ်နေခဲ့သည် ”

ခါတိုင်းလိုပဲ ကိုယ့်အလုပ်ကိုယ်လုပ်၍ ပြီးစီးတော့ သူဆင်းလာတော့ မတွေ့သည် မို့ ကိုယ့် ကားကိုပဲ မောင်းထွက်လာခဲ့သည်။

လင်မယားချင်း အဆင်မပြေဖြစ်နေကြတာကို သိ၍ မေ့မှူးတစ်ယောက်တည်း ထွက်လာတာ ကို ဘယ်သူမှ လည်း ဘာမှ မပြောကြပါ။

တကယ်တော့ ပန်ကေသီတို့ အားလုံးက မေ့မှူးကို ရင်းနှီးချစ်ခင်ကြသည် ။ မေ့မှူးကိုယ်တိုင်က ဘယ်သူ့ကိုမှ ဂရုမစိုက်စွာနေခဲ့တာဖြစ်သည် ။

လိုအပ်တာထက်ပို၍ ဘယ်သူ့မှ အရောမဝင်။

ယောက္ခမ၊ ယောက်မရဲ့ ချစ်ခင် အရေးပေးမှုကို အားလုံးသောမိန်းမများ လိုလားကြမှာ ဖြ

စ်ပေမယ့် မေ့မှုးကတော့ အဆင်မပြေဖြစ်လာ
လည်း ဂရုမစိုက်သည့်စိတ် အပြည့်အဝရှိသည်
။

သူမဘဝမှာ ပိုူခြင်း၊ အိုခြင်း၊ တစ်လင်ကွာ
တစ်ခုလပ်ဟူသော နာမည်ဆိုးများ ထက်
ယောကျ်ား တစ်ယောက်၏ ဖိစီးနှိပ်စက်မှုကို
ဆန့်ကျင်နိုင်ရန်သာ အဓိကထားသည် ။

မေမေကျခဲ့သော မျက်ရည်စက်များကို ခါး
သီးစွာ မမေ့ခဲ့သလို အဖေတစ်ယောက်လုံး၏
ရက်စက်စွာ စွန့်ပစ်ခံခဲ့ရသော
အထီးကျန်ကြီးပြင်းခဲ့ရသည့် သူမရဲ့ ဘဝတစ်
လျှောက်လုံးကို မမေ့နိုင်။

ဒါတွေဟာ ယောကျ်ားများ ရဲ့ ရက်စက်တ
တ်မှုဖြစ်သည် ။

ကိုယ်က သူတို့ ထက်ပို၍ ရက်စက်နိုင်ရမ
ည်။

ဒါကိုပဲ ခိုင်မာစွာ စွဲမှတ်ထား၏။

ကျေးဇူးရှင်တို့ ရဲ့ မျက်နှာကို ထောက်ထား၍ ဤယောကျ်ားကို ယူခဲ့ပြီးသည့်နောက်ပိုင်းမှာ ကိုယ့်ဘက်က တာဝန်ကျေခဲ့ပြီးတဲ့ အတိုင်း သဘောပိုက်သည်။

ယောကျ်ားတစ်ယောက်၏ ထိန်းချုပ်မှု အေ ၁က ်မ ၂၁ အားလုံးကို ဂရုမစိုက်စွာနေခြင်းကြောင့် အရာရာကို ဥပေက္ခာထားနိုင်ဖို့ ကြိုးစားခဲ့တာ ဖြစ်၏။

ဖြစ်ပြီးခဲ့ပြီမို့ မထူးစိတ်ပိုင်းကာ ထိုယောကျ်ား၏ ခြေသုတ်ပုဆိုးသဖွယ် ကိုယ့်ကိုယ်ကို လျှော့ချအညံ့ခံလိုက်ဖို့ ဘယ်တော့မှ စိတ်မကူးပေ။

ထိုအတွေး ထိုခံယူချက်များ နှင့် နေတတ်သလိုနေသော မေ့မှူးနဲ့ အားလုံးရဲ့ ဆက်ဆံ

ရေးတို့ ဤသို့ အေးစက်ခဲ့ရခြင်းက ဆန်းတော့ မဆန်းပါ။

သို့သော် လောလောဆယ် နာမကျန်းဖြစ်နေသည့် ကိစ္စအတွက်တော့ ပူပန်မိတာ အမှန်ပင်။

ဒါဟာ ငါ့ယောက်ျားဆိုသောအသိနဲ့ မဟုတ်ဘူး ဆိုတာ ခိုင်မာစွာ စွဲထားသည် ။

ကိုယ်ကဆရာဝန်၊ အသက်အန္တရာယ်ရှိနေသည့် လူနာတိုင်းအပေါ် ကယ်တင်ဖို့ စိတ်စောတတ်ကြတာ သဘာဝ။

အိမ်ရောက်လာတော့ ဒေါက်တာမိုးဇော် ရောက်နေသည် ။

"လာ...သမီး"

"မေ့မှူးရယ်...မောင်လေးကို ကြည့်ပါဦး"

ဒေါက်တာမိုးဇော် စကားတစ်လုံးမှ မပြော

နိုင်ဘဲ အလုပ်ရှုပ်နေ၏။

မေ့မှူးနဲ့ ဒေါက်တာမိုးဇော် အချင်းချင်း အင်္ဂလိပ်လိုတွေ ပြောဆိုလုပ်ကိုင်နေကြသမျှ ဒေါ်ယဉ်မင်းစံနဲ့ ပန်ကေသီတို့ ရင်တမမနဲ့ ကြည့်နေခဲ့ကြ၏။

နီရဲပုပ်ချစ်နေသော လက်ရုံးမျက်နှာက တဖြည်းဖြည်း အပုကျ၍ ပန်းရောင်ပြောင်းလဲသွားသည်။

"အင်း"

ညည်းသံသဲ့သဲ့နှင့် လက်ရုံးမျက်နှာမှာ လှုပ်ရှားမှုတွေ ဖြစ်လာသည်။

ချွေးပြန်နေကြသော ဒေါက်တာမိုးဇော်နှင့် မေ့မှူးတို့ ခုမှ သက်ပြင်းချနိုင်ကြ၏။

"ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး၊ မဟုတ်ရင်တော့ ဆေးရုံကို အချိန်မီရောက်ဖို့ တောင်

တော် တော်ကြိုးစားရမှာ ”

“သားလေးရယ်”

ဒေါ်ယဉ်မင်းစံ မျက်ရည်ကျ၍ သားရဲ့ နဖူးလေးကို တယုတယ ပွတ်သပ်နေသည် ။

ပန်ကေသီက လက်ရုံးလက်ဖဝါးကို ဆုပ်ကိုင်ရင်းငိုသည် ။

“မောင်လေး တကယ်စိတ်ချရပြီလား...ဟင်...မေ့မှူး၊ ဒေါက်တာ ကေသီ့မောင်လေး စိတ်ချရ ပြီလားဟင်”

“ဘာမှ မပူပါနဲ့ တော့၊ အနားမှာ ဒေါက်တာလည်း ရှိနေတာပဲ၊ ကိုယ်ပူအတက်အကျ ကြည့် မယ်၊ အဲဒီအခါ ဂရုစိုက်ဖို့ ပဲ လိုတာပါ”

“အင်း...ကျွတ်...ကျွတ်...‘မ’... ‘မ’ရယ်...မောင်...ချစ်တယ်၊‘မ’ရက်စက်တယ်ကွာ ”

လက်ရုံး မျက်လုံးမဖွင့်ဘဲ

ကယောင်ကတမ်းတွေ ပြောနေသည် ။

ဒေါ်ယဉ်မင်းစံက ပန်ကေသီကို လှမ်းကြည့်သည် ။

ပန်ကေသီက မေ့မှူးကိုကြည့်၏။

ဒေါက်တာမိုးဇော်ပြန်သွားတော့ မေ့မှူးက လက်ရုံးဘေးမှာ တင်ပါးလွှဲထိုင်ကာ ရင်ဘတ်က ကြယ်သီးတွေကို ဖွင့်၍ ပဝါပါးလေးနဲ့ ချွေးတွေ လိုက်သုတ်ပေးသည် ။

“ ‘မ’မင်းကို မောင် ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး နော်၊ မောင်ချစ်တာကို ယုံစမ်းပါ ‘မ’ရယ်”

လက်ရုံး ပြောဆိုနေသမျှ မေ့မှူးက သူမနဲ့ ဘာမှ မဆိုင်တဲ့ အတိုင်း မျက်နှာပူအနေခက်ပုံမျိုး လည်း မရှိ။

ဤမျှ သွေးအေးတည်ငြိမ်လွန်းသည့် မျက်

နှာမှိုးကို ပန်ကေသီ ထူးဆန်းအံ့သြစွာ ကြည့်မိလေသည်။

"သားကို အကျီလဲပေးလို့ မရဘူလား သမီး
"

"မဖြစ်သေးဘူး မေမေ၊ သူ သတိပြန်ရလာပေမယ့် အဲသလောက် လုပ်ပေးလို့ မရသေးဘူး"

မေ့မှူးက လက်ရုံးလည်တိုင် လည်ကုပ်များ ထဲအထိ ပဝါနဲ့ ဂရုတစိုက်သုတ်ပေးပြီး အကျီ ကြယ်သီး ပြန်တပ်သည်။

" 'မ'ရယ်"

လက်ရုံးလက်တစ်ဖက်က မေ့မှူးလက်ကောက်ဝတ်လေးကို ဆုပ်ကိုင်ထားလိုက်ပြီး...

"မောင့်ကို မရက်စက်ပါနဲ့ 'မ'ရယ်၊ 'မ'ကို မောင် သိပ်ချစ်တယ်"

လူးလွန့်ညည်းညူရင်း ဘယ်သူဘယ်ဝါမသိဘဲနှင့် ပြန်လည်ငြိမ်သက်သွား၏။

သို့သော် မေ့မှူးလက်ကလေးကိုတော့ ဆုပ်ကိုင်ထားဆဲ ဖြစ်သည်။

စားဖို့ နားဖို့ ပင် သတိမရဘဲ မေ့မှူး လက်ရုံးနံဘေးမှာ ပဲ ပြုစုနေရင်း အစကတည်းက မကြည်မ သာရှိခဲ့သော ခေါင်းတွေ မူးနောက်ရီဝေလာသည်။

စိုးရိမ်စိတ်တို့ ဆုတ်လျော့သွားသောအခါ ကိုယ့်ဝေဒနာကို သတိရလာ၏။

နာရီကိုကြည့်၍ သူ့ကိုဆေးတိုက်ဖို့ အင်္ကျီအဝတ်အစားလဲဖို့ အားလုံး အသင့်ပြင်ထားရင်း သူ့ နှုတ်ခမ်းဖျားလေးမှာ စို့တက်လာသည့် ချွေးစလေးတွေကို ပဝါနဲ့ ဖွဖွ သုတ်ပေးသည်။

ထို့နောက် ထူထဲစိမ်းညို့နေသော မျက်ခုံး

တန်းများ နှင့် စင်းဖြောင့်သည့် နှာတံချွန်ချွန်ကို မေ့မှူး ငေးကြည့်နေမိသည်။

ပြီးတော့ ပိရိကျနသည့် နီမြန်းသော နှုတ်ခမ်း။

မေ့မှူး ငေးနေမိသည့်မျက်ဝန်းလေးတွေ အေးစက်စက်ဖြစ်သွားသည် ။ သတိလက်လွတ် ပွပန်နေခဲ့၍ ပြေပြေလေးဖူးငုံနေခဲ့သည့် နှုတ်ခမ်းလေးက တင်းတင်းစေ့သွား၏။

ဘယ်သူမှ မသိသာနိုင်အောင် ဖုံးဖိဟန်ဆောင်နေခဲ့ပေမယ့် ခုချိန်ထိလည်း ဘယ်သူမှ မရိပ်မိခဲ့ကြပေမယ့် သူတို့ သိကြတော့မည်သာ ။

မေ့မှူးမှာ လက်ရုံးရင်သွေးလေးကို လွယ်ထားနေရပြီဖြစ်သည်။

တားဆီးဖို့ ပြင်ဆင်ဖို့ လုံးဝအချိန်မရလိုက်ဘဲ မြန်မြန်ဆန်ဆန်ကြီး မှီတွယ်လာခဲ့သော

ကိုယ် ဝန်ကို လွန်စွာ မလိုလားခဲ့ပေမယ့် မေ့မှုးလွယ်ထားခဲ့ရသည် ။

မွေးဖွားရဦးမည်။

ထိုအတွေးများ နှင့် မွန်းကျပ်ပူလောင်နေဆဲ ကလေးလိုချင်ကြောင်း သူပြောလာတော့ သူ့ဆန္ဒ အတိုင်း ဖြစ်ခွင့်ပေးလိုက်ရတော့မှာ မို့ ရင်ထဲမှာ တနုံ့နုံ့ ခံစားနေရသည် ။

ကိုယ်ဝန်ရှိနေပါပြီဟု ပြောလိုက်၍ ရယ်မောပျော်ရွှင်သွားမည့် သူ့ရဲ့ ဝမ်းမြောက်မှုကို လက်မခံချင်ဘဲဖြစ်နေသည် ။

ဒါဟာ ရှုံးနိမ့်ခြင်းရဲ့ အစလား။

သမီးတစ်ယောက်နဲ့ မျက်ရည်ကို အဖော်ပြုရင်း ဘဝဆုံးခဲ့ရသော မေမေ့အဖြစ် နမူနာဟာ သူမ ဘဝအတွက် နိမိတ်ပုံလား။

"မေမေ့မှာ ချစ်သူရှိခဲ့တာ မှန်ပါတယ် သမီး

ရယ်၊ ဒါပေမဲ့ မေမေ သူ့ကို လေးစားတယ်၊ အား ကိုးတယ်၊ သူကတောင်းခံလာရင် မြတ်မြတ်နိုးနိုး ချစ်နိုင်ဖို့ ထိ မေမေ သူ့အပေါ်မှာ ပဲ စိတ်ရောကိုယ်ပါ ပုံခဲ့တာပါ"

မေမေဟာ ထိုယောကျ်ားတစ်ယောက်အပေါ်မှာ အားလုံးကို ပုံအပ်၍ အရှုံးပေးခဲ့သည် ။

အရှုံးပေးနေတဲ့ သူကို ထပ်မံ၍ ကြိုးတုပ်ရိုက်နှက်သူဟာ ဖေဖေဖြစ်နေသည် ။

ဖေဖေ့ရဲ့ သံသယစိတ် ကြီးမားခဲ့တဲ့ သဝန်တိုမှုဟာ မေ့မှူးတစ်ဘဝလုံး မိဘမဲ့ခဲ့ရတဲ့ အထိ။

အတွေးများ နှင့် ချာချာလည်ကာ မေ့မှူး မိုက်ခနဲ မိုက်ခနဲ မူးဝေလာသည် ။

သူ့ရဲ့ နံဘေးမှာ ဘယ်လိုဘယ်ပုံ အိပ်ပျော်သွားခဲ့မှန်းပင် မသိ။

*

# အခန်း(၂၃)

ဘယ်လောက်ထိ အိပ်ပျော်သွားခဲ့မှန်းမသိ။

နားထဲမှာ အသံဗလံတွေ အဆက်မပြတ်ကြားလာသလိုဖြစ်ကာ မေ့မှူး လန့်နိုးသွားသည် ။

မိုးစက်တို့ တဖျောဖျောကျနေလျက် လေတွေလည်း တိုက်နေသည် ။

မိုးမသည်းပေမယ့် လေပြင်း တစ်ချက်တစ်ချက် ဆွဲမွှေ့သလိုရှိကာ ဖျန်းခနဲ ဖျောခနဲ မိုးသံက ကျယ်လောင်သွားတတ်၏။

မေ့မှူး တစ်ကိုယ်လုံး နွေးထွေးနေသည် ကသူဖက်ထား၍ ဖြစ်၏။ အနည်းငယ် လူးလွန့်

လိုက် တော့မှ …

" 'မ'နိုး လာပြီလား"

"ဟင် မင်းနိုးနေတာ တို့ ကို ဘာလို့ မနှိုး တာလဲ"

"'မ'အိပ်ရေးပျက်သွားမှာ စိုးလို့ ပေါ့၊ မောင့်ကြောင့် 'မ'ပင်ပန်းသွားလိုက်တာ မျက်နှာလေးကို ချောင်ကျသွားတာပဲ"

ကိုယ့်ဝေဒနာနဲ့ ကိုယ် မှိုသိပ်ခံစားနေရခြင်းကို လက်ရုံးက သူ့အတွက်လို့ ထင်နေသည် ။

မေ့မှုးက သူ့လက်တွေကိုဖယ်ချ၍ အိပ်ရာပေါ်က ဆင်း၏။

"စောင်တွေလည်း ဖယ်ချထားတယ် ကြည့်စမ်း၊ မင်းကိုယ်မင်း လူကောင်းမှတ်နေသလား လက်ရုံး၊ လေတွေ ဒီလောက်တိုက်နေတာ

ရောဂါပြန်ဖြစ်ရင် ဘယ့်နှယ်လုပ်မလဲ"

မေ့မှုးက ပြောရင်း စောင်ကို ပြန်ဆွဲခြုံပေးကာ ပြတင်းပေါက် ထပိတ်၏။

"မောင်...မနေတတ်လို့ ပါကွာ၊ 'မ'ကိုဖက်ထားရင် နွေးနေတာပဲ၊ စောင်တွေ မခြုံချင်ဘူး"

"ကလေးမဟုတ်ဘဲနဲ့ ဆိုးမနေနဲ့ ၊ မင်းအတွက် အားလုံးပူပန်ခဲ့ကြရတာ၊ ပြဇာတ်တစ်ပုဒ်အ တွက် သရုပ်ဆောင်နေကြတာ မဟုတ်ဘူး ၊ နည်းနည်းပါးပါး နားလည်..."

မေ့မှုးက လက်ရုံးကို အဝတ်စားလဲပေး၍ ဆေးတစ်လုံးထိုးပေးသည် ။

လက်ရုံးက မေ့မှုးမျက်နှာကို ငေးကြည့်နေရင်း ငြိမ်သက်နေလေသည် ။

"နိုးကုန်ကြပြီလား၊ စောစောကတည်းက

တို့ ရောက်လာသေးတာ၊ နှစ်ယောက်လုံး အိပ်ပျော် နေကြတာနဲ့ ပြန်ထွက်သွားတာ၊ ဒီမှာ စွပ်ပြုတ်ပူပူလေး ရပြီ၊ မေ့မှူးအတွက် ဒီမှာ ကြက်ဥပေါင်မုန့် ကြော်နဲ့ နွားနို့"

မောင်ဖြစ်သူ ထူထူထောင်ထောင်ဖြစ်နေတာ တွေ့တော့ ပန်ကေသီ ဝမ်းသာကျေနပ်ကာ စားစရာတွေလာပို့ပြီး နဖူးစမ်း လက်ဖဝါး ကိုင်နှင့် ပြန်ထွက်သွားသည် ။

ကိုယ်ကသာ မောင်ဆုံးရှုံးလို့ မောင်အစား ပြန်မရနိုင်တော့သည့်သောကနဲ့ ပူပန်နေရပေမယ့် သူကတော့ သူ့မိန်းမပြုစုတာကိုသာ လိုလားပေမည်။

ဒါဟာ ငါးရာနှစ်ဆယ့်ရှစ် မေတ္တာတိုင်းရဲ့ ပေးဆပ်မှုပဲ ဖြစ်လေသည် ။

"ရော့… အစားတစ်ခုခုကို ဝင်အောင်စားဦး ၊ ပြီးမှ ဆေးသောက်"

မေ့မှူး စွပ်ပြုတ်တိုက်တော့ သူက ကြည်လဲ့သောမျက်ဝန်းများ နှင့် ငေးကြည့်ကာ...

“ ‘မ’မောင့်ကို စိတ်ပူတယ်နော်”

မေ့မှူးမျက်နှာလေး တည်သွားသည် ။

“မေခင့်ဘေးမှာ ‘မ’အိပ်ပျော်နေတာ တွေ့တော့လေ မောင်ကြည်နူးလိုက်တာ၊ ဘာပဲဖြစ်ဖြစ် မောင့်ကိုကြင်နာနိုင်တဲ့ လက်ခံမှုမျိုးတော့ ရှိနေတာပဲဆိုတာ သိလို့ ဝမ်းသာတယ်”

“ကြင်နာတာ လက်ခံတာတွေ ကိုယ်လိုရာဆွဲမတွေးနဲ့ လက်ရုံး၊ တို့ က ဆရာဝန်၊ မင်းက လူနာ၊ တို့ ကုတဲ့ လူနာကို ဝေဒနာသက်သာစေချင်တဲ့ စေတနာမျိုးထက် ဘာမှ မပိုခဲ့ဘူး”

“ဘယ်လို ‘မ’”

လက်ရုံးမျက်ဝန်းတွေ

ချောက်ချောက်ချားချား ဖြစ်သွားသည် ။

နှုတ်ခမ်းဝမှာ ရောက်နေပြီးသည့် ဖွန်းကို အသာတွန်းဖယ်၍ ...

" 'မ'တကယ်ပဲ မောင့်ကို 'မ'ရဲ့ လူနာတစ်ယောက်လို သဘောထားခဲ့တာပေါ့"

"ခုချိန်မှာ ဒါတွေဆွေးနွေးဖို့ မဟုတ်ဘူး လက်ရှိ၊ ဝေဒနာသက်သာဖို့ ပဲ စဉ်းစား"

"အချိန်တိုင်း စက္ကန့်တိုင်း မောင့်ရင်ထဲမှာ အရေးကြီးနေတာ 'မ'ပဲ၊ 'မ'ထက် ဘာမှ အရေး မကြီးဘူး၊ မောင့်အပေါ် 'မ'ဘာဖြစ်လို့ ဒီလောက်ထိ စိမ်းကားနေတာလဲ၊ 'မ'မုန်းတီးနာကြည်း လောက်အောင် မောင်ဘာလုပ်ခဲ့ဖူးလို့ လဲ၊ 'မ'မချစ်ဘဲ ရအောင်ယူထားမိတဲ့ မောင့်အပြစ်က ဒီ လောက်ထိ ပြင်းထန်သွားသလား "

"ပြင်းထန်တယ်၊ မင်းကြောင့်...တို့ ဘဝ တို့

ဆုံးဖြတ်ချက်တစ်သက်လုံး လက်မထောင်ခဲ့တဲ့ တို့ ရဲ့ မာန အားလုံးအရည်ပျော်ခဲ့ရတာ မင်း အစမဖော်ဘဲ ဒီအတိုင်း အေးအေးဆေးဆေး နေသွားတာ ကောင်းမယ် လက်ရုံး၊ တို့ က ဆေးကုတတ်ပေမယ့် သူများ နားဝင်ချိုစေတဲ့ စကားမျိုး မပြော တတ်ဘူး”

မေ့မှူးက စွပ်ပြုတ်ပန်းကန်ကို ချထားလိုက်ပြီး အသင့်ပြင်ထားသည့်ဆေးနဲ့ ရေကို ယူလာ ၏။

“ရော့ ...ဆေးသောက်လိုက်”

ဘုန်းလက်ရုံးက မေ့မှူးကို စူးစူးစိမ့်စိမ့်စိုက်ကြည့်၍ နာကျင်စွာ စေ့ပိတ်နေသော နှုတ်ခမ်းအစုံ က လွန့်ခနဲမဲ့သည် ။

“ထားလိုက်ပါ ‘မ’၊ တာဝန်တွေထမ်းဆောင်နေရတာ ‘မ’ပင်ပန်းပါတယ်၊ မောင် ဘာမှ မဖြစ်ဘူး”

"တို့ ကို ရွဲ့တာလား"

"မရွဲ့ပါဘူး၊ 'မ'လို ဟန်ဆောင်အကြင်နာ မပေးတတ်တာပါ၊ မောင့်အတွက် အပင်ပန်းမခံပါနဲ့ 'မ'ရယ်၊ မောင်လိုချင်တာ မင်းဆီက ဆေးတွေ မဟုတ်ဘူး ၊ ဘာလက်နက်မှ မရှိတဲ့ မောင့်ကို မင်း ကြိုက်သလို ထိုးနှက်ရက်စက်လို့ ရနေသားနဲ့ ၊ ပန်းပေးတော့မလိုလို အနမ်းပေးတော့မလိုလိုနဲ့ ဓားနဲ့ ကပ်ထိုးလိုက်ပြီပဲ၊ နောက်ထပ် ဟန်ဆောင်မနေပါနဲ့ တော့ "

မေ့မှုး ရေရှိနေသည့်ဖန်ခွက်ကို ဖျစ်ကိုင်ရင်း နှုတ်ခမ်းလေးကိုက်သည် ။

ကိုယ့်မှာ ဘယ်လိုဟန်ဆောင်မှုမှ မရှိခဲ့ပါ။

ဟန်ဆောင်လှည့်ဖြားယူတတ်ခြင်းများ နှင့်ပြီးတော့မှ ချုပ်ကိုင်ဖိစီးတတ်ကြသော ယောက်ျားများကိုသာ မုန်းတီးခဲ့တာဖြစ်သည် ။

မချစ်လို့ မချစ်ဘူးပြောပြန်တော့ ဟန်ဆော

င်သည် တဲ့ ။

ရောဂါဖြစ်နေလျှင် ပျောက်ဖို့ သာ အဓိကဖြစ်သည် ။

ပျောက်စေချင်လို့ ကုပေးနေတဲ့ အထဲမှာ ဘယ်လိုဟန်ဆောင်မှု ရှိနေလို့ လဲ။

"ရတယ်...မင်း...ကလေးလေးမဟုတ်တော့ဘူး၊ နှာခေါင်းပိတ် လက်ချုပ်တိုက်ဖို့ မလိုဘူး၊ စိတ်ပါမှ သောက်"

မေ့မှုးက ဆေးကိုပြန်ချ၍ နေရာမှ လှည့်ထွက်တော့ လက်ရုံးက လက်ကိုဆွဲထားသည် ။

"မ"

နှစ်ယောက်သား မျက်လုံးချင်းဆုံမိကြတော့ အေးစက်ခြင်းရဲ့ တောင်းခံခြင်း။

"မောင့်အတွက် 'မ'ရဲ့ စိတ်ထဲက ပူပန်စိတ်

နဲ့ ဆိုရင် အဲဒီဆေးက အဆိပ်ပဲဖြစ်ဖြစ် မောင် မျို့ ချမယ်”

“တို့ က ပူပန်ပါတယ်ဆိုလည်း အဲဒီပူပန်မှု ရဲ့ အရင်းအမြစ်ကို မင်း ရှာဖွေဦးမှာ ပဲမဟုတ် လား ဟန်ဆောင်တာ မကြိုက်ဘူးဆိုပြီး ဘာဖြ စ်လို့ ဟန်ဆောင်ခိုင်းချင်တာလဲ လက်ရုံး၊ တို့ ဆီက မင်း ကြားချင်တဲ့ စကားမျိုး ဘယ်တော့ မှ ကြားရမှာ မဟုတ်ဘူး ၊ အဲဒါ သေချာတယ်”

“မောင်... နေမကောင်းဖြစ်နေတဲ့ အချိန်မှ ခဏလေးဖြစ်ဖြစ် စိတ်ချမ်းသာခွင့်ရချင်တယ် ဆိုရင်ရော”

“တို့ က လူနာကိုညာပြီး ဆေးကုတဲ့ ဆရာ ဝန် မဟုတ်ဘူး ”

“ရက်စက်တယ် ‘မ’ရယ်”

လက်ရုံး ခေါင်းငိုက်စိုက်ကျသွားသည် ။

နဲ့ ဆိုရင် အဲဒီဆေးက အဆိပ်ပဲဖြစ်ဖြစ် မောင် မျို ချမယ်”

“တို့ က ပူပန်ပါတယ်ဆိုလည်း အဲဒီပူပန်မှု ရဲ့ အရင်းအမြစ်ကို မင်း ရှာဖွေဦးမှာ ပဲမဟုတ်လား ဟန်ဆောင်တာ မကြိုက်ဘူးဆိုပြီး ဘာဖြစ်လို့ ဟန်ဆောင်ခိုင်းချင်တာလဲ လက်ရုံး၊ တို့ဆီက မင်း ကြားချင်တဲ့ စကားမျိုး ဘယ်တော့မှ ကြားရမှာ မဟုတ်ဘူး ၊ အဲဒါ သေချာတယ်”

“မောင်… နေမကောင်းဖြစ်နေတဲ့ အချိန်မှ ခဏလေးဖြစ်ဖြစ် စိတ်ချမ်းသာခွင့်ရချင်တယ် ဆိုရင်ရော”

“တို့ က လူနာကိုညာပြီး ဆေးကုတဲ့ ဆရာဝန် မဟုတ်ဘူး ”

“ရက်စက်တယ် ‘မ’ရယ်”

လက်ရုံး ခေါင်းငိုက်စိုက်ကျသွားသည် ။

ထိုစဉ် မိုးစက်သံတို့ ရပ်တန့်နေပါလျက်နှင့် ဝင်းတောက်သွားသော လျှပ်ရောင်တစ်ချက်နှင့်အတူ ဂျိမ်းခနဲ မိုးကြိုးပစ်ချ လိုက်လေသည် ။

မေ့မှူး လန့်ပြီး လက်ကိုအရပ်မှာ ရေဖန်ခွက်နဲ့ တိုက်မိကာ ခွမ်းခနဲ ကျကွဲသွား၏။

*

# အခန်း(၂၄)

စာဖတ်နေရင်း သူ့ကို မကြာခဏ လှမ်းကြည့်မိသည် ။

လက်ရုံးက အိပ်ရာထက်မှာ လက်ဖဝါးနှစ်ဖက်ကို ခေါင်းအောက်မှာ ခု၍ မျက်လုံးတွေကို မှိတ်ထားသည် ။

ဆေးသောက်ဖို့ ကို ထပ်မံ တိုက်တွန်းလိုသည့်စိတ်က တားမရ ဆီးမရဖြစ်နေသဖြင့် စာဖတ် နေသည် ကိုပင် စိတ်မဝင်စားတော့ပါ။

စာဖတ်လိုက် နာရီကိုကြည့်လိုက်နှင့် အချိန်က တရွေ့ရွေ့ကုန်သွား၏။

သူ့ကို အဖျားပြန်တက်မှာ စိုးရိမ်သည့်စိတ်

က ရင်ထဲမှာ ကျပ်သိပ်နေပေမယ့် ရောဂါအဖြစ်ခံ၍ တမင်ဆေးမသောက်ဘဲနေသည့် သူ့ကိုလည်း ခံပြင်းနေမိပြန်သည် ။

သူ့အသက် သူမနှမြောလို့ သူကိုယ်တိုင်တောင် ဝေဒနာကို ခံစားနေရဲသေးတာ ကိုယ်က ဆေးသောက်ဖို့ ကို ချော့မော့သင့်သလား၊ နေပစေ...။

ပူပန်စိတ်ကို မာနနဲ့ တားဆီးကာ စာထဲမှာ စိတ်ကိုနှစ်ထားမိသည် ။ သို့သော် မေ့မှူး ဘာစာမှ မရခဲ့ပါ။

စိတ်ပင်ပန်းဆင်းရဲစွာ ကုန်ခဲ့သောညတာရဲ့ အချိန်များကို ကျော်ဖြတ်ရင်း စာကြည့်စားပွဲမှာ မျက်နှာလေး တစောင်းတင်လျက် မေးခနဲ အိပ်ပျော်သွား၏။

"အင်း"

သူ့ဆီက ညည်းသံကြောင့် သတိနဲ့ နေခဲ့

တာမို့ မေ့မှူး ဖျက်ခနဲ နိုးလာသည်။

သွားစမ်းကြည့်တော့ ကိုယ်တွေက ပူချစ်နေ၏။

"အို"

သူမ ဘာမှ ဟန်ဆောင်မနေနိုင်တော့ဘဲ ဆေးနဲ့ ရေကို သူ့လက်ထဲ ဇွတ်ထည့်ပေးကာ...

"သောက်လိုက် လက်ရုံး၊ မင်း ကလေးဆိုးကြီးလို လုပ်မနေနဲ့ ၊ ကိုယ်ပူတွေကြီးနေပြီ"

"ကြီးပစေ 'မ'၊မောင် သေသွားတော့လည်း 'မ'တစ်မျိုးတော့ စိတ်ချမ်းသာမှာ ပါ"

"မင်း ဘာဖြစ်လို့ ဒါကိုပဲ ကလေးမုန့်တောင်းသလို ဇွတ်တောင်းနေတာလဲ"

"ကလေးကမှ တောင်းလို့ မရရင် ခြေဆင်းအော်ငိုပစ်လိုက်လို့ ရဦးမှာ ပါ၊ မောင် အဲဒီလိုမ

ငို တတ်ဘူး၊ ငိုတတ်ခဲ့ရင်လည်း မောင့်မျက်ရည်တွေကို 'မ'က ပြက်ရယ်ပြုဦးမှာ ပဲ၊ နေတတ်သလိုပဲ နေပါ 'မ'ရယ်"

"အို... နေလို့ မရဘူး၊ ရော့...ဆေးသောက်"

"မောင်...မသောက်ချင်ဘူး"

"မင်း...ပြောနေတာမရဘူးလား"

လက်ရုံးက သူမလက်ထဲကဆေးကို ပုတ်ချကာ လသာဆောင်အလင်းကို ထွက်သွားသည်။

"လက်ရုံး...မင်း....အဲဒီကို မသွားရဘူး"

မိုးနံ့က သင်းသင်း၊ လေတဖြူးဖြူးနှင့် လသာဆောင် စိုစိုစွတ်စွတ်ကို ထွက်သွားလျှင် သူ ဒုက္ခရောက်တော့မည်။

မေ့မှူး...ဟန်မဆောင်နိုင်တော့ဘဲ သူ့လက်ကို ဆွဲထားလိုက်၏။

"မသွားရဘူး"

"မောင့်ကို ဖယ်ပါ 'မ'ရယ်"

"အို...မသွားရဘူး"

"မသွားနဲ့ လက်ရုံး...မသွားနဲ့ "

မေ့မှူးဖျတ်ခနဲခေါင်းထောင်လျက် ဘာတွေ အော်မိမှန်းမသိ

သူမ အိပ်မက် မက်နေခြင်းပါလား။

အရှုံးမပေးနိုင်သော မာနများ နှင့် ချုပ်တည်းမျိုသိပ်နေခဲ့မိသမျှ အိပ်မက်ထဲမှာ တော့ လက်ရုံးကို မေ့မှူး လွတ်လပ်စွာ ပူပန်ခဲ့မိသည် ။

စိုစွတ်နေသောမျက်ဝန်းကို စမ်းကိုင်လိုက်မိတော့ မျက်တောင်ကော့ကော့မှာ မျက်ရည်တွေ။

မေ့မှူး သူ့အပေါ် ဒီလောက်ထိ ပူပန်ခဲ့မိသလား။

"ဟင်"

မေ့မှူး ဖျတ်ခနဲ ထရပ်လိုက်မိ၏။

ခေါင်းထဲမှာ ဒိန်းခနဲ ထိုးဆောင့်သွားသဖြင့် စားပွဲစွန်းကို ကိုင်ထားလိုက်ရသည် ။

အိပ်ရာထက်မှာ လက်ရုံးမရှိပါချေ။

မေ့မှူး ဝရန်တာဘက်ကို ပြေးထွက်လာခဲ့မိသည် ။

မဟုတ်ပါစေနဲ့ ...မရှိပါစေနဲ့ ။

ဝရန်တာတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်၏။

"လက်ရုံး"

ဝရန်တာထောင့် သံတန်းတွေနားမှာ ပက်လက်လဲကျနေသော သဏ္ဌာန်တစ်ခုဟာ လက်ရုံးမှ လွဲ၍ မည်သူဖြစ်မည်နည်း။

"လက်ရုံး"

မေ့မှူး လက်ရုံးကို ပြေးပွေ့လိုက်သည် ။

လက်ရုံးတစ်ကိုယ်လုံးမှာ ပူတစ်ကွက် အေးတချို့နှင့်။

သူ့ကို တတွတ်တွတ်ခေါ်ရင်း လက်ကောက်ဝတ်ကို စမ်းကိုင်လိုက်မိသည် ။

"အို...သူ..."

မျက်လုံးထဲမှာ ပြာသွားသည် ။

တစ်ကိုယ်လုံး သွေးတို့ စီးမျောခြင်းမှ ရပ်တန့်ကုန်ကာ နှလုံးသားတစ်ခုလုံးက တစ်စစီ လွင့်ထွက်ပေါက်ကွဲသွားသည့် အတိုင်း...

မေ့မှူး လက်ရုံးကို ဖက်ထားလျက်နှင့် လဲကျမေ့မြောသွားလေသည် ။

လှသောမိန်းမများ ထဲမှာ

မေ့မေ့ မှူးမှူး

ရူးသွပ်လောက်အောင်လှသော

မိန်းမတစ်ယောက်ကို ကျွန်တော် တွေ့ခဲ့သ
ည်

တမ်းတမ်းစွဲခဲ့တဲ့ ကျွန်တော်ဟာ

သူမရဲ့ အလှ ခြေတော်ရင်းမှာ

အလဲလဲ အကွဲကွဲ မူးမူးမိုက်မိုက်ခံစားရင်း

ကျွန်တော်ပေးခဲ့သမျှကို တုံ့ပြန်ခဲ့သော

သူမထံမှ တစ်စုံတစ်ရာကြောင့်...

*

## အခန်း(၂၅)

လှသောမိန်းမများ ထဲမှာ

မေ့မေ့ မူးမူး

ရှုးသွပ်လောက်အောင်လှသော

မိန်းမတစ်ယောက်ကို ကျွန်တော် တွေ့ခဲ့သ
ည်

တမ်းတမ်းစွဲခဲ့တဲ့ ကျွန်တော်ဟာ

သူမရဲ့ အလှ ခြေတော်ရင်းမှာ

အလဲလဲ အကွဲကွဲ မူးမူးမိုက်မိုက်ခံစားရင်း

ကျွန်တော်ပေးခဲ့သမျှကို တုံ့ပြန်ခဲ့သော

သူမထံမှ တစ်စုံတစ်ရာကြောင့်...

"သူသေဆုံးသွားခဲ့တယ်နော်၊ သိပ်ကို ရင်နာစရာကောင်းတာပဲ မေ့မှူးရယ်"

မေ့မှူးက အိပ်ပျော်နေသည့် သားရဲ့ နဖူးလေးကို ငုံ့နမ်း၍ ဖျတ်ခနဲလှည့်လာသည်။

"စာကိုပဲဖတ်ပါ၊ မဝေဖန်ပါနဲ့ နွေမီ၊ မောင့်ရဲ့ ဒြပ်ရုပ်ကို သေဆုံးသွားပြီလို့ သတ်မှတ်ခဲ့ပေမယ့်

တို့ ဘဝထဲမှာ မောင်အမြဲရှိတယ်၊ တို့ ရဲ့ ရင်ထဲ အသည်းထဲမှာ မောင်ဘယ်တော့မှ မသေဘူး၊ မောင့်ရဲ့ နောက်ဆုံးထွက်သက်အထိ မာနကြီးနေခဲ့တဲ့ တို့ ရဲ့ မေတ္တာတရားကို မောင့်ကို မပေးဖြစ်ခဲ့ပေမယ့် အဲဒီ ချစ်ခြင်းမေတ္တာတွေအားလုံး တို့ ရင်ထဲမှာ ထာဝရရှိနေတယ်"

မေ့မှူး ဝေ့ဝဲလာသည့်မျက်ရည်စတွေကို မျက်နှာလေးမော့ပစ်၍ သိမ်းဆည်းလိုက်သည်။

“မောင်နဲ့ မောင့်အတွက်အချစ်တွေကို တို့ ဒီနေ့ထိ သိမ်းဆည်းထားတုန်းပဲ၊ တကယ်တော့ မောင် မက်မောခဲ့တဲ့ အချစ်ဟာ အသက်ထက် တန်ဖိုးကြီးမှန်း အချစ်ကို ဥပေက္ခာထားခဲ့မိတဲ့ တို့ အသိ နောက်ကျခဲ့တယ်၊ တို့ မုန်းတီးခဲ့တဲ့ ယောကျ်ားမျိုး မောင် မဟုတ်ဘူး ဆိုတာ မောင်အနားမှာ မရှိ တော့မှ တို့ ခံစားနားလည်ခဲ့တာ၊ အချစ်သေခြင်းဟာ ဘဝသေခြင်းပါလား ဆိုတာကို တို့ ဘဝ တကယ် သေဆုံးခဲ့ရမှ သိခဲ့ရတယ်”

“ဒါကို တမြေ့မြေ့တွေးပြီး ခံစားနေတာဟာလည်း စိတ္တဇတစ်မျိုးပဲ သူငယ်ချင်း၊ သားလေးတောင် လေးနှစ်ပြည့်တော့မယ်၊ မေ့နိုင်ဖို့ ကြိုးစားပါဟယ်”

“တို့ က လွမ်းလွမ်းဆွေးဆွေး ငိုကြွေးနေတာမှ မဟုတ်တာ၊ မောင်နဲ့ ချုတ်စွပ်တူနေတဲ့

မောင် ရဲ့ ကိုယ်ပွား တို့ သားလေး အနားမှာ ရှိ နေသရွေ့တို့ ဘဝမှာ လိုအပ်ချက်ဆိုတာ ဘယ် တော့မှ ရှိမှာ မ ဟုတ်ဘူး၊ မောင်ရော သား ရော တို့ အနားမှာ ရှိတယ်"

ဖြူဝင်းအိစက်ကာ မျက်တောင်ရှည်များ လ ည်း ရှိသော သားလေးရဲ့ မျက်နှာနုနုလေးကို ခ ပ်ဖွဖွ ပွတ်သပ်ရင်း မေ့မှူး မျက်ရည်လည်နေ သည် ။

ကျေနပ်စွာပြုံးနေသည့် နှုတ်ခမ်းလေးတစ် စုံက တဖြည်းဖြည်း မဲ့ကျလာ၏။

နွေမိဦး ရင်နင့်စွာ ငေးကြည့်နေမိသည် ။

အတ္တများ နှင့် ပြည့်နှက်ခြင်းဖြင့် မှားယွင်း ခဲ့ဖူးသော မေ့မှူးရဲ့ သွေးသားခံစားမှုများ ထ `မ ၂၁ ထို အတ္တများကို မက်မောစွာ သိမ်းဆည်းထားဆဲပါလား။

“မေ့မှူးရယ်…မင်းက အရာရာကို အသည်း

မာမာခံစားပြီး ပြည့်စုံနိုင်ပေမယ့် နုနယ်တဲ့ က လေးက မင်းလို ခံစားနိုင်ပါ့မလားဟင်”

“မင်း…ဘာကိုပြောချင်တာလဲ နွေမိဦး”

“ဒေါက်တာမိုးထက်ကောင်းရဲ့ ကမ်းလှမ်းချက်ကို မင်းလက်ခံသင့်တယ်လို့ တို့ ထင်တယ်၊ သားလေးကိုလည်း သူသိပ်ချစ်တာ၊ အလိုလိုက်တယ်၊ သည်းခံတယ်၊ မင်းကိုကမ်း လှမ်းပြီး စောင့်စားခဲ့တာလည်း နှစ်နှစ်ကျော်ပြီ လေ၊ ပြီးတော့ မင်းဘက်က ယောက္ခမ၊ ယော က်မတွေကအစ ခွင့်ပြုကြတယ်၊ ကြည်ဖြူကြ တယ်၊ သားလေးအတွက် ဖခင်ဆိုတဲ့ အရိပ်တ စ်ခု လိုတယ် မဟုတ်ဘူး လား”

“မလိုပါဘူး နွေမိ၊ သားလေး တမ်းတနေ, နေတာက သူ့အဖေကိုပါ၊ သူ့အဖေ ဓာတ်ပုံကိုမြင် တိုင်း ဖေဖေပြန်လာမှာ လားဟ င်လို့ မေးနေတာဟာ ယောကျ်ားတစ်ယောက်

ကို အဖေတော်ချင်လို့ မဟုတ်ပါဘူး၊ အရိပ်ဆို တာဘာလဲ၊ သားမှာ သူ့အဖေရဲ့ အုပ်ထိန်းမှုလို တဲ့ အတွက် အရိပ်မဲ့သွားပြီဆို ပြီး တို့ ကိုယ်ကို နှစ်ခြမ်းခွဲပြီး မိုးပေးလိုက်မယ်၊ မောင့်အစား မောင့်နေရာမှာ ဘယ်ယောကျ်ားမှ မဝင်ရဘူး"

မေ့မှူးက တင်းတင်းမာမာပြောသည် ။

"မင်းရဲ့ စေတနာကို တို့ နားလည်တယ်၊ ဒါ ပေမဲ့ မလေးစားဘူးနွေမီ၊ တို့ ရဲ့ တစ်သက်မှာ တို့ ပထမဆုံး ယုံကြည်မြတ်နိုးခဲ့တဲ့ ယောကျ်ား ဟာ တစ်ယောက်ပဲရှိတယ်"

"သူ့လောက်မဟုတ်ရင်တောင် သူ့လို ယုံကြ ည်သင့်တဲ့ ယောကျ်ားတွေ ရှိပါသေးတယ် မေ့ မှူး ရယ်၊ နောက်ထပ်တစ်ခါမှားဖို့ မွေးဖွားနေ တဲ့ မင်းရဲ့ အတွေ့တွေက သိပ်များ နေပြီ၊ အား လုံးလည်း မင်း ကို ပြောမရဆိုမရကြလို့ မပြောရဲ မဆိုရဲဖြစ်ကုန်ကြပြီ၊ တို့ ကတော့ အ

မုန်းခံပြီး ပြောရမှာ ပဲ၊ သားလေးနဲ့ မင်းရဲ့ ဘဝကို နွေးထွေးတဲ့ မေတ္တာရိပ်တစ်ခုမှာ အေးချမ်းစွာ နေစေချင်တယ်၊ အရင်းအချာမဟုတ်ပေမယ့် သူ့ကို ယုယထွေးပွေ့ထားမယ့် အဖေဆိုတဲ့ မေတ္တာကို ပေးစွမ်းနိုင်သူလက်ထဲမှာ သားလေး ဘဝ ပြည့်စုံစေချင်တယ်”

“လူက လူ၊ အရိပ်က အရိပ်ပဲ နွေမီ၊ သားလေးစိတ်ထဲမှာ သူ့အဖေကို တမ်းတနေတာ သိပ်ကို သဘာဝကျပါတယ်၊ ဟန်ဆောင်အကြင်နာတွေ တို့ မလိုချင်ဘူး”

ဘယ်သူ့ကိုမှ ယုံကြည်ဖို့ မကြိုးစားသော မေ့မှုးမျက်နှာလှလှလေးကို ငေးကြည့်ကာ ရင်ထဲက မာကျောသောနှလုံးသားကို လက်ဖျားလေးနဲ့ သာ တောက်ကြည့်ချင်သည် ။

ထန်ခနဲ ထန်ခနဲလို့ များ မြည်လေမလား။

ဖြူဆွတ်သော တီရှပ် လည်ဟိုက်လက်ပြ

တ်လေးနှင့် ပိတောက်ခြောက်ရောင်ထဘီ စိုလက် လက်လေးကို ဝတ်ထားသော မေ့မှုုးသည် အိပ်ရာရဲ့ အစွန်းမှာ ခြေချင်းချိတ်ထိုင်နေသည် မို့ ရှည်လျား ဝဲဖြာနေသော ဆံနွယ်ဖျားက အိပ်ရာထက်မှာ ခွေခေါက်ပုံကျနေသည် ။

မို့မောက်ဝိုက်ဝန်းသော ကိုယ်လုံးလေးက လက်ရာကျနစွာ ထုဆစ်ထားသည့် ပန်းပုသူဇာ လေးလို လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်ကာလများက အတိုင်း အပြောင်းအလဲမရှိ။

လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည် ။

ဆံဖြူသွားကျိုးတဲ့ အထိ စိတ်ရှည်သည်းခံဖို့ ဆုံးဖြတ်မျှော်လင့်နေကြသူတွေက ဒုနဲ့ ဒေး။

သားတစ်မျက်နှာကိုသာ ငုံ့ကြည့်ကျေနပ်နေသော မေ့မှုုးနှုတ်ခမ်းများ ၏ အပြုံးထဲတွင် သားမှ လွဲ၍ ကျန်တာအားလုံးအတွက် ဥပေက္ခာများ သာ ပြည့်နှက်နေခဲ့သည် ။

# အခန်း(၂၆)

"ဘွားဘွား"

"ဟော...မြေးလေး"

"တီကေ"

"ရှင်"

"ဖေဖေက အရမ်းလှတာပဲနော်"

"သားလေးလိုပဲပေါ့ သားရဲ့ ၊ သားက သား ဖေဖေနဲ့ ချွတ်စွပ်တူတာ"

ဒေါ်ယဉ်မင်းစံရဲ့ အသံက အဖျားခတ်တုန် ယင်သွား၏။

သားရဲ့ ဓာတ်ပုံကို မြေးလေးမော့ကြည့်တို

င်း သူမ မျက်ရည်ကျမြဲဖြစ်သည် ။

အိပ်ရာဝင်တိုင်းလည်း သူ့အဖေဓာတ်ပုံကို ရင်ဘတ်ပေါ်တင်အိပ်တတ်တဲ့ မြေးလေး။

ဒီမြေးလေးဟာ စကာပြောတတ်ပြီဆိုကတည်းက အဖေကိုတမ်းတခဲ့တဲ့ ကလေး။

"ကျောင်းမှာ ဆို နေမျိုးဆက်တို့ က သူတို့ ဖေဖေလာကြိုရင် ဖေဖေကြီး လာပြီဆိုပြီး တအား ပြေးဖက်ကြတာပဲ၊ သူတို့ ဖေဖေကို သူတို့ ချစ်လို့ လားဟင်"

"ဒါပေါ့ မြေးလေးရယ်၊ ဖေဖေပဲ ချစ်တာပေါ့"

"ဟင်...သူတို့ ဖေဖေက သားသားဖေဖေ လောက်လည်း မလှဘဲနဲ့ "

"ဒါပေမဲ့ ဖေဖေဆိုတော့ ချစ်တာပေါ့သားရဲ့ "

ပြောရင်း ပန်ကေသီ မျက်ရည်ပေါက်ခနဲကျသည်။

ဒေါ်ယဉ်မင်းစံ တစ်ဖက်လှည့်၍ မျက်ရည်သုတ်သည်။

မူကြိုဝတ်စုံလေးနှင့် ကျောပိုးအိတ်လေးလွယ်ထားသည့် သားလေးက 'ဘုန်းလက်ရှုံး'ဟု နာမည်ထိုးထားသည့် လက်ပိုက်ရယ်နေသော အဖေဓာတ်ပုံကို မော့ငေးရင်း မျက်ခုံးလေးတွေ စုကျုံ့နေအောင် စိတ်ဝင်စားနေ၏။

"သားသားဖေဖေဆို သားသားကို သိပ်ချစ်မှာ ပဲ တီကေ"

"သား"

"မေမေကပြောတယ် ဖေဖေက ဒီမှာ ပဲရှိတယ်တဲ့၊ သေပြီဆိုတာ မဟုတ်ဘူး တဲ့၊ ည...ညဆို ဖေဖေက သားသားကို လာနမ်းတယ်တဲ့ ဟုတ်လား...တီကေ"

"သားလေးရယ်"

"သားသား ဖေဖေနဲ့ စကားပြောချင်တယ်၊ ဖေဖေ့ကို စောင့်နေတယ်ဆိုပြီး မအိပ်ဘဲနေတယ်၊ အိပ်ပျော်ပျော်သွားတယ် တီကေရ၊ တီကေ ဖေဖေ့ကို ဖမ်းထားပေးပါလားဟင်...နော်... တီကေ"

"သား"

ပန်ကေသီ သားကိုဆွဲဖက်၍ တအင့်အင့်ရှိုက်ငိုမိလေသည်။

ထိုစဉ် အခန်းတံခါးဝမှာ မေ့မှူးရပ်လာသည်။

ကြားလိုက်တာလည်း ရှိကာ မြင်လည်း မြင်သည်။

"သားဝမ်းနည်းတတ်အောင် အဲလောက်မငိုပါနဲ့ မကေ၊ အဖေကို တမ်းတခွင့် ပေးထားပေ

မယ့် သားကို အားမငယ်တတ်အောင် မေ့မှုူး အမျိုးမျိုး ပြုစုပျိုးထောင်ခဲ့ရတာ”

“မေမေ”

“လာ…သား…သွားမယ်”

သားက ပန်ကေသီ့လက်ထဲကနေ မေ့မှုူးဆီကို ပြေးသွားသည်။

ပန်ကေသီ မျက်ရည်သုတ်၍ မေ့မှုူးဘက်ကို လှည့်သည်။

ကျေနပ်တာလည်း ရှိ၊ မကျေနပ်ခြင်းလည်း ဖြစ်ခဲ့ဖူးပေမယ့် သားလေးကို မျက်စိအောက်က အပျောက်မခံနိုင်တာမို့ မေ့မှုူးကို သူမတို့နားလည်ခွင့်လွှတ်ပေးခဲ့သည်။

ခွဲထွက်…ကွဲကွာမသွားအောင် စည်းရုံးခဲ့ရသည်။

ဒါတွေဟာ တကယ်တမ်းတော့ သားလေး

ကိုချစ်လွန်း၍ ပါ။

မောင်လေးနဲ့ ချွတ်စွပ်တူနေတဲ့ သားလေး ကို သူမ ဘယ်လောက်ထိချစ်သလဲဆိုပါလျှင် အား လုံး စီစဉ်ပြီးစီးထားခဲ့သော ချစ်သူနဲ့ လ က်ထပ်ဖို့ ကိုတောင် ဖျက်သိမ်းပစ်ခဲ့တဲ့ အထိ။

အဖမဲ့သားလေးကို ရာသက်ပန် စောင့်ရှော က်သွားဖို့ စိတ်ကူးခဲ့သည် ။ ဘယ်လိုကိစ္စ ဘယ် လို အကြောင်းကြောင့်မှ သားလေးအပေါ်မှာ အချစ်မလျော့စေချင်။

ဒါဟာ သူမ အိမ်ထောင်မပြုခဲ့သည့် အဓိက အချက်။

ပြီးတော့ မေ့မှူး၊ တစ်နေ့ အိမ်ထောင်သစ် ထူခဲ့မည်ဆိုလျှင် လက်ရှိ သူမလက်ပေါ်မှာ သာ သားလေးကို မွေးမြူနိုင်ဖို့ ။

“သားလေး သိပ်နေမကောင်းဘူးဆိုလျှင် နေ့လယ် တို့ တစ်ခေါက်သွားလိုက်မယ်လေ”

မေ့မှုးက သားကို မူကြိုမှာ ဝင်ထားခဲ့ပြီး ဆေးရုံကို ဆက်သွားမှာ ဖြစ်သည် ။

မေ့မှုးက ခေါင်းခါ၍

“ဒီနေ့ မေ့မှုးနေ့တစ်ဝက်အားတယ်၊ သား ကိုခေါ်ပြီး စိတ်ပြေလက်ပျောက် ကစားကွင်း တွေ ကိုလိုက်ပြဖို့ စိတ်ကူးထားတယ်၊ မကေ လိုက်ချင်လိုက်ခဲ့လေ၊ နေ့လယ်နှစ်နာရီ သားရဲ့ မူကြိုက စောင့်”

“ဟင်…အင်း…လိုက်မယ်…လိုက်မယ်၊ သားလေးနဲ့ လျှောက်လည်ရမှာ ပေ့ါ၊ ဒါမှ သား လေး ပျော်မှာ ”

“မေမေ ဒါဆို သားသား တိုက်ကားမောင်း ရမှာ ပေ့ါ”

“မောင်းရမှာ ပေ့ါ သားရဲ့ ”

“မိကျောင်းကြီးလည်း စီးရမှာ ပေ့ါ”

"စီးရမှာ "

"တီကေလည်း လိုက်မှာ ..."

"လိုက်မှာ ပေါ့ သားရယ်"

"ဟေး"

သားလေးရယ်နေတော့ သူတို့ ပြုံးဖြစ်ကြသည် က ငိုမဲ့မဲ့။

*

# အခန်း(၂၇)

"သားလေး အရမ်းမပြေးနဲ့ နော်"

"ဟုတ်ကဲ့"

သားလေးက ကစားနည်းမျိုးစုံထဲမှာ ဟိုပေါ်ပြေးတက်၊ ဒီပေါ်ပြေးတက်၊ သားပြေးတဲ့နောက် မမီတမီပြေးလိုက်ရင်း မောရပန်းရမှန်း မသိသည့်သူက အပျိုကြီး ပန်ကေသီဖြစ်သည် ။

ကြာတော့ သားက ပြေးကစားလိုက် ပန်ကေသီကို စ၍ စိန်ခေါ်လိုက်...။ ရှေ့မှာ မကစားတော့ အဒေါ်ဖြစ်သူနဲ့ ပဲ ကစားနေတဲ့ အဖြစ်။ ပန်ကေသီခမျာ သားခိုင်းသမျှလုပ်

ပြေးဆိုပြေးရ၊ အပေါ်တက်ဆို တက်ရ၊ လျှော စီးချိုင်းတော့ ပန်ကေသီ လက်ခါခါခြေခါခါ ဖြစ်သွား၏။

မေ့မှူးပြုံးနေမိရင်းမှ ကြည့်မနေနိုင်တော့ ဘဲ သားကို လှမ်းခေါ်ရသည် ။

"သားရေ တိုက်ကားသွားစီးရမှာ ဆို၊ တော်ပြီပေါ့နော်၊ လာ...လာ...သွားရအောင်"

"ဟုတ်"

သားလေးက လှေကားကြီးပေါ်ကနေ ဆင်း လာသည် ။

ညနေခင်းရဲ့ လေပြည်ထဲမှာ ရွှေအိုရောင် ပေါ်မှ၁ အနက်ပွင့် အခက်လေးတွေပါသော ပြောင်အိနေသည့် ထဘီရိုးရိုးလေးနှင့် ခါးတို ရင်စေ့လက်ပြတ်လေးဝတ်ထားသည့် မေ့မှူးရဲ့ ဆံနွယ်ရှည်များက အဖျားလေးတွေ လွင့်လူးဝဲဖြာနေသည် ။

ရွှေရောင်ကြိုးသိုင်း ဒေါက်ချွန်ဖိနပ်နှင့် ရွှေကြိုးတပ်ထားသော အနက်ရောင် ဆလင်းဘတ် အိတ်လေးကို လွယ်ထားသည် ။

ပြုံးနေသည့်

နှုတ်ခမ်းလှလှလေးအထက်မှာ ပါးမို့လေးတွေ နီထွေးနေ၏။ ကော့ရွှန်းယှက်ဖြာ နေသော မျက်တောင်ရှည်တို့ က ခပ်လှမ်းလှမ်းမှ ပင် ထင်းနေအောင်မြင်ရ၏။

ပြာလွင်သော ခုံတန်းရှည်လေးပေါ်မှာ ထိုင်ရင်း ရုတ်တရက်ဘယ်သူမှ သတိမထားမိနိုင်သော အသေးစားကင်မရာလေးကို ထုတ်ယူလိုက်သည် ။

တစ်ကိုယ်လုံး ရွှေရောင်တောက်လက်နေသော မေမှုးက ပတ်ဝန်းကျင်ကို မေ့နေသည် ။

သူမကို ကင်မရာနှင့်ချိန်၍ စူးစူးစိုက်စိုက် ကျကျနနကြည့်နေသည့် တစ်စုံတစ်ယောက်၏

စိတ်ဝင်စားမှုကိုလည်း မသိ။

သူ ကင်မရာကို မျက်လုံးရှေ့ကပြန်ခွာကာ ဘောင်းဘီအိတ်ထဲက ပီကေအိတ်ခွံလေးတစ်ခု ထုတ်၍ ခဲလုံးသေးသေးနဲ့ လုံးပတ်လိုက်သည် ။

ပြီးတော့ ရွှေရောင်မင်းသမီးရဲ့ ခြေထောက်နားကို ချိန်၍ လွှဲပစ်လိုက်၏။

ပီကေလုံးလေးက ပြောင်အိနေသော ရွှေရောင်ထဘီအနားစလေးကို ထိခတ်ပြီးမှ ခြေထောက် ရှေ့နားကို လိမ့်ထွက်သွားကာ လိုချင်သည့်အတိုင်းအတာ ကွက်တိ။

သူ ကင်မရာကို မျက်လုံးရှေ့မှာ ပြန်ကပ်လိုက်သည် ။ ခဲလုံးကိုငုံ့ကြည့်လိုက်ပြီး ဖျတ်ခနဲလှည့် လာသည့် မျက်နှာလေးဆီမှ မျက်တောင်ရှည်တို့ လှုပ်ခတ်ပင့်တက်သွားလျှင် အဆင်သင့်ပြင်ထားသော ခလုတ်ပေါ်မှ လက်

ကို လှုပ်ရှားလိုက်၏။

"ချပ်"

"ဟင်...ရှင်..."

အစက ခဲလုံးလာရာလမ်းကြောင်းကို လှည့်ကြည့်လိုက်တာပေမယ့် ကင်မရာကို ရုတ်ဖယ်လိုက်သည့် နေဝက်မျှ မြင်လိုက်ရသော မျက်နှာတစ်ခုကြောင့် မေ့မှူးတစ်ကိုယ်လုံး တုန်ခါသွားမတတ် ခံစားသွားရ၏။

သူက ကင်မရာကို ခပ်ပွပွ သူ့ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ပြီး ထိုင်ခုံပေါ်က ထသည်။

ခပ်ရဲရဲအပြုံးနှင့် သူမဆီ တည့်တည့်လျှောက်လာ၏။

အနည်းငယ် ပို၍ အရပ်မြင့်သလိုရှိကာ စိမ်းမြမြအရာထင်နေသည် ထက်

ပိုကဲရစ်သိုင်းနေ သော ပါးမြိုင်းမွေးတို့ ကြောင့် ရင့်ကျက်ခန့်ညားသည့် အသွင်သာ ကွဲလွဲမှုရှိသည် ။

သူမရှိရာသို့ တစ်လှမ်းချင်းလျှောက်လာပုံကအစ မောင်မှ မောင်။

နှုတ်ခမ်းစေ့၍ ပြုံးနေလိုက်တာ ဟိုအရင်မောင့်ကိုတွေ့စက မေ့မှုး မုန်တီးခဲ့တဲ့ မထိတထိအ ပြုံးမျိုးနဲ့ တစ်ထပ်တည်း။

သွေးမတော် သားမစပ်ဘဲနှင့် ဤမျှ တူနိုင်လွန်းသည့် သူ့ကို မေ့မှုး ဓာတ်ပုံခိုးရိုက်ခြင်းအတွက် ရန်တွေ့ဖို့ မေ့လျော့သွားခဲ့မိတဲ့ အထိ မျက်လုံးလေးပြူး၍ ငေးနေဆဲ။

"ဆောရီးနော်…မင်းက သိပ်လှတော့ မရည်ရွယ်ရသေးဘဲ လက်က အလိုလိုရောက်သွားတာ အနူးအညွတ် တောင်းပန်ပါတယ်"

အံ့သြစွာ ပွင့်ဟသွားမိသည့် မေ့မှူးနှုတ်ခမ်းလေးကို တင်းခနဲပိတ်ပစ်သည် ။

လူတူရှိပေမယ့် မေ့မှူးရင်ထဲက မောင်က နှစ်ယောက်မရှိနိုင်။

သို့သော် မေ့မှူး လုံးဝမထင်မှတ် မတားဆီးနိုင်မီ…

"ဟာ…ဖေဖေ…မေမေ…ဒါသားသားဖေဖေ မဟုတ်လားဟင်"

"ဟင်"

အပြေးရောက်လာသည့် ပန်ကေသီ မျက်လုံးပြူးရပ်တန့်ရင်း ကြက်သေ,သေသွားသည် ။

သားလေးက သူ့ခြေထောက်ကို သိမ်းကျုံးပြေးဖက်လျှင် သူ့နှုတ်ခမ်းမှာ အံ့သြ

ဟန်တစ်ချက် ရိပ်ခနဲ ဖြတ်ပြေးသွားသော်လည်း ချက်ချင်း ဒူးတစ်ဖက်ထောက်၍ သားကို သူက ပွေ့ဖက်လိုက်သည်။

"သားသားက ချောလိုက်တာကွာ၊ အရမ်းချစ်ဖို့ ကောင်းတာပဲ၊ သားသားနာမည် ဘယ်လိုခေါ်လဲကွ"

"ဘုန်းသခင်"

"ဟား...တယ်လှပါလား၊ သားဖေဖေက ဘယ်သွားလို့ လဲ"

"ဖေဖေက...ဖေဖေပေါ့...ဒီမှာ လေ"

"သား"

မေ့မှူး ဖျတ်ခနဲရှေ့တက်ကာ သားလက်မောင်းလေးကို ဆွဲထုတ်သည်။

"ဟင့်အင်း...ဟင့်အင်း...ဖေဖေနဲ့ သားသားနေမယ်၊ တီကေဖေဖေ့ကို ဖမ်းထားပေး၊

ဖေဖေ သားသားကိုခေါ်ပါ၊ ဟီး…ဟီး…ဟီး"

သားက ပန်းခြံထဲမှာ ဟီးခနဲငိုချလိုက်တော့ မနီးမဝေးက လူတချို့ လှည့်ကြည့်ကြ၏။

သူက ရုတ်တရက် ရှုပ်ထွေးစွာဖြစ်ပေါ်လာသည့် အခြေအနေကို နားလည်သလို မျက်မှောင် ကုတ်ထားလျက် သားလက်ကို လှမ်းဆွဲသည် ။

မေ့မှုးက အထိမခံဘဲ နောက်ဆုတ်ရှောင်ပစ်၍ …

"ဒါ…သားဖေဖေ မဟုတ်ဘူး သား၊ ဖေဖေက အိမ်မှာ "

" မဟုတ်ဘူး … မဟုတ်ဘူး ၊ အိမ်မှာ ဖေဖေမရှိဘူး၊ တီကော ဖေဖေ့ကို ဆွဲထားပေး၊ ဖေဖေ့ကို ဖမ်းထားပေး…ဖေဖေကြီး"

သားက မေ့မှုးကိုယ်ပေါ်မှာ တစ်ကိုယ်လုံး

တွန့်လိမ်ရုန်းကန်နေသဖြင့် မေ့မှုး မနိုင်မနင်းဖြစ် နေသည် ။

"ကလေးကို မင်း အဲသလောက် ချုပ်မထားပါနဲ့ ၊ ကိုယ့်ကို ခဏလောက် ချီခွင့်ပြုပါ၊ ကိုယ် ခေါ်ပါရစေ"

"အို…မလိုပါဘူး…လာ မကေ…"

မေ့မှုးက သားကို အတင်းချုပ်ဖက်၍ ကားဆီပြေးထွက်သည် ။

မျက်နှာပျက်ပျက်နှင့် ပန်ကေသီ ထိုသူ့ကို တစ်ချက်ငေးကြည့်ကာ မေ့မှုးနောက် ပြေးလိုက်ရ သည် ။

"ဖေဖေကြီးကို ခေါ်ပေး၊ ဖေဖေကြီးကို ချစ်တယ်၊ ဖေဖေနဲ့ နေမယ်…ဖေဖေရေ…"

သားသည် တစ်သက်လုံး အမေ့အပေါ် အမေ့အပေါ် နူးညံ့လိမ္မာစွာ နေခဲ့သမျှ ဘယ်လိုမှ

ချော့ မရတော့ဘဲ ကားနောက်မြီးကို အတင်းရုန်းထွက်သွားကာ မှန်တွေကို ပုတ်ရိုက်၍ နောက်လမ်းကို လှမ်းကြည့်၍ ငိုသည်။

"တောက်"

မေ့မှူး စတီယာရင်ကို တင်းကျပ်စွာဆုပ်ကိုင်လျက် တက်ခေါက်မိ၏။

"ဖေဖေကြီးရေ သားသားကိုခေါ်ပါ၊ ဟီး... ဟီး...ဟီး"

"သားရယ် အဲလိုကြီး အော်မငိုရဘူးလေ၊ တိတ်တိတ်၊ အဲဒါ သားဖေဖေကြီးမှ မဟုတ်တာ"

"ဟုတ်တယ်...အဲဒါ သားသားဖေဖေ၊ ဟိုမှာ ဖေဖေကြီးလိုက် လာပြီ၊ မေမေ ကားရပ်ပေး... ကားရပ်ပေး"

"အို"

သားပြနေတဲ့ နောက် လှည့်ကြည့်လိုက်တော့ စတီးရောင် ဖိတ်ဖိတ်လက်နေသည့် အမိုးဖွင့် ပါဂျဲရိုးကားလေးပေါ်မှာ တစ်ယောက်တည်း မောင်းနှင်လာသူမှာ ...

"မေ့မှူး...သူလိုက်လာတယ်၊ သိလား"

"မေ့မှူး တွေ့တယ်"

နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်၍ မေ့မှူး မျက်နှာလေး နီရဲတင်းမာနေသည် ။ ကားကို ခြံထဲ သို့ ဝေါခနဲမောင်းဝင်လိုက်ပြီး ပေါ်တီကို အောက်ထိမသွားဘဲ ကားကို ရပ်ပစ်လိုက်သည် ။

ပြီးတော့ နေ့ဘက်ဆို အမြဲဖွင့်ထားတတ်သည့် ခြံတံခါးကို ကိုယ်တိုင်သွားဆွဲပိတ်၏။

ထိုစဉ်မှာ အသံတိတ်ပြေးဝင်လာသော ကားလေးက ခြံတံခါးနဲ့ တစ်ထွာခန့်ထိ တိုးဝင်လာ ကာ သိမ့်ခနဲ ထိုးရပ်သွားလေသည် ။

ပြာလဲ့လဲ့ အညိုရောင်သမ်းသော မျက်မှန်ကို ဆွဲချွတ်၍ သူက မေ့မှူးကိုကျော်၍ တအားငိုနေ သည့် သားဆီကို လှမ်းကြည့်သည်။

ပြီးမှ မေ့မှူးမျက်လုံးထဲက စူးလက်နေသော ရောင်စဉ်များကို ခပ်ထေ့ထေ့စိုက်ကြည့်ကာ...

“မင်းပုံစံက တော်တော် အတွက်အဆိပ်ပြင်းမယ့်ပုံပဲ၊ ထားပါ၊ အဲဒါ ကိုယ်နဲ့ မဆိုင်ဘူး၊ ရော့... ဒါကိုယ့်လိပ်စာ၊ လိုအပ်တဲ့ အခါ မင်းကောက်ကြည့်ဖြစ်မှာ ပါ”

သူက အေးဆေးစွာဆင်းလျှောက် လာပြီး အဖြူရောင်ကတ်လေးတစ်ခုကို တံခါးကြားထဲမှာ ညှပ်ထားလိုက်သည်။

ပြီးတော့ ချာခနဲပြန်လှည့်ကာ ကားပေါ်တက်သည်။

“ယူသွား...ရှင့်လိပ်စာ ဘာလုပ်ဖို့ လဲ၊ ပြန်

ယူသွား...”

သူက မေ့မှူးကို လုံးဝဂရုမစိုက်တော့ဘဲ ကားကို နောက်ဆုတ်ထွက်ခွာသွားသည် ။

လိပ်စာကတ်လေးကို နှစ်ပိုင်းသုံးပိုင်းဖြစ်အောင် ဆွဲဆုတ် ပစ်ရင်း မေ့မှူးလက်ဖျားတွေက ဆတ်ဆတ်တုန်နေသည် ။

နှုတ်ခမ်းကို ဖိကိုက်ထားခဲ့ရင်း နာကျင်လာ၏။

နောက်ပါးမှ သားလေးရဲ့ ငိုသံကြောင့် အသည်းက ဆတ်ဆတ်ခါနာနေသည် ။

အေးချမ်းနေခဲ့သော သားလေးနဲ့ သူမဘဝထဲကို မီးပွင့်တစ်စ ပစ်ထည့်သွားသည့်သူ။

ထိုအဖြစ်ကို မည်သို့ ဖုံးကွယ်ဖျောက်ဖျက်ပစ်ရမည်နည်း။

သူမ မည်သို့ပင်

ဥပေက္ခာထားခဲ့သော်လည်း တစ်စစီပြန့်ကျဲနေ
သော လိပ်စာကတ် အပိုင်းအစလေးများကို ပ
န်ကေသီ တိတ်ဆိတ်စွာ စုစည်းဖတ်ကြည့်နေခဲ့
သော အဖြစ်ကိုတော့ ဘယ်သူမှ မသိ လိုက်ပါ။

H.V.G

Construction Company Limited

လိပ်စာအပြည့်အစုံရေးမထား၊ နာမည်မပါ
။

မောင်လေးနဲ့ ချုတ်စွပ်တူလွန်းနေသော ထို
တစ်ယောက်ကို ပန်ကေသီ မျက်လုံးထဲက
ဖျောက်မရနိုင်။

ဖြတ်သန်းခဲ့သော
ငါးနှစ်တာကာလအတွင်းမှာ မောင်လေးသည်
လည်း ထိုသို့ တည်ငြိမ်ရင့် ကျက်သော သွင်ပြ
င်မျိုး ပြောင်းလဲသွားနိုင်သည် ပဲ။

သံစဥ် သစ္စာ shared your album.

ကိုယ့်မောင်လေး တကယ်ပဲ ပြန်လည်ရှင်သန် လာလေသလားဟု မဖြစ်နိုင်ပေမယ့် တောင့်တမိသည် ။

ကျန်ခဲ့ပြီးသောသောကများ အသစ်ပြန်လည်ဖြစ်ထွန်းလျက် မျက်ရည်စက်တွေ ပိုးပိုးပေါက် ပေါက် ကျလာကြသည် ။

တူနေတာတွေ ရှိတတ်သည် ပဲထားပါဦး။

လွန်စွာ ရှားပါးပါလိမ့်မည်။

ခုတော့ အနှီကဲ့သို့ ရှားပါးစွာတူနေခဲ့သော ထိုသူတစ်ယောက်သည် လည်း သူမတို့ နဲ့ ထိပ်တိုက် ပတ်သက်လာပေခဲ့တဲ့ အဖြစ်။

သားကို ပွေ့ပိုက်၍ အံ့တကြိတ်ကြိတ်ဖြစ်နေသော မေ့မှူးနှလုံးသားမှာ ရော သူမ ထိုကဲ့သို့ လွမ်းဆွတ်တမ်းတခြင်းများ ရှိမနေဘူးလား။

သေဆုံးသွားခဲ့ပြီးမှ မောင်လေးအတွက် အချစ်တွေ မွေးဖွားခဲ့ပါသည် ဆိုသော သူမနှလုံးသား က စိုးစဉ်းငယ်မျှ လှုပ်ခတ်မသွားခဲ့ဘူးလား။

"သားရဲ့ ဖေဖေ မသေပါဘူး"ဟု တစ်ယူသန် နားသွင်းထားခဲ့ပြီးသော သားရဲ့ အသိအာရုံထဲမှာ လည်း ရှိနေသည် အမှတ်နှင့် အမြဲတမ်းတနေခဲ့သော ဖေဖေဆိုတာကို မေ့မှူး ဘယ်လိုပြန်ဆွဲထုတ်ယူမလဲ။

ဖေဖေရယ်လို့ အကောင်အထည်ကြီးမြင်နေရပြီးမှ သားလေးမေ့ပျောက်သွားအောင် ဘယ်လို ကြိုးစားမလဲ။

ကိုယ့်အတတ်နဲ့ ကိုယ် စူးခဲ့လေသော ဆုတ်မရ ရှေ့မတိုးနိုင်ဖြစ်ခဲ့ရသော မေ့မှူးအဖြစ်ဟာ...။

*

# အခန်း(၂၈)

"ကိုယ်က မပတ်သက်ဘူးဆိုရင် ဘာမှ ပတ်သက်စရာမရှိပါဘူး မေ့မှူးရယ်၊ ဒီလောက်ထိ ရှောင်ဖို့ မလိုပါဘူး"

" မဟုတ်ဘူး ...မကေ၊ ဒီပြဿနာ ဘယ်ထိရှည်လာနိုင်တယ်ဆိုတာ မေ့မှူးသိတယ်၊ ခုတောင် သားလေး ဒီလောက်ဖြစ်နေခဲ့တာ၊ ဒီလူနဲ့ နောက်ထပ်တစ်ခါဆုံဖြစ်လိုက်ရင် မေ့မှူးဘယ်လိုမှ တား ဆီးလို့ ရမှာ မဟုတ်တော့ဘူး"

"သူက ဘယ်သူလဲသမီး၊ သားနဲ့ တော်တော်တူနေလို့ လား"

ဒီမေးခွန်းကို မေ့မှူး ဖြေစရာမလိုပါ။

"တူတာကိုတော့ မမေးပါနဲ့ မေမေရယ်၊ သမီး သူ့ကိုမြင်လိုက်တော့ စကားကို မပြောနိုင်ဘူး၊ တကယ့်ကို မောင်လေးကိုယ်တိုင်ရှေ့မှာရပ်နေတဲ့ အတိုင်းပဲ၊ နှုတာနဲ့ ရင့်တာ ဒါလောက်ပဲကွာတယ်၊ သူက အရပ်နည်းနည်းပိုရှည်တယ်၊ မောင်လေးလို ဖြူဖြူသွယ်သွယ် မဟုတ်ဘူး ၊ ကိုယ်လုံးတောင့် တယ်၊ ဆံပင်အလယ်ခွဲတာ ကုပ်ထောက်ရှည်တာကအစ အားလုံးတူတယ်၊ စကားသံ နည်းနည်းလွဲ တာတော့ရှိတယ်၊ ဒါပေမဲ့ ခပ်ဆင်ဆင်ပဲ"

"မေမေ့သားလေးနဲ့ ဒီလောက်ထိတူတယ်ဆိုတော့ မေမေမြင်ချင်လိုက်တာ သမီးရယ်၊ ဒါကြောင့်လည်း အဖေ့ဓာတ်ပုံကိုကြည့်ပြီး အမြဲတမ်းတနေခဲ့တဲ့ မြေးလေးက အဖေပါပဲဆိုပြီး ဖွတ်ကို ဖက်တွယ်ချင်နေရှာတာဖြစ်မယ်"

"သူ့လိပ်စာ သမီးကောက်ထားလိုက်တယ်

မေမေ၊ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုရဲ့ လိပ်စာပဲ နာမည် မပါဘူး”

“ဒါဆို သမီးအဖေသိမှာ ပေါ့၊ မေးကြည့်ပါလား”

“မေးကြည့်ပြီးပြီ မေမေ၊ အဲဒီဆောက်လုပ်ရေးကုမ္ပဏီက သားအဖနှစ်ယောက်ကို ဖေဖေက သိတယ်တဲ့ ၊ အဖေရော သားရောထဲမှာ မောင်လေးနဲ့ ဒီလောက်တူတာ မရှိဘူးတဲ့ ၊ နာမည်မသိတော့ ဘယ်လိုလုပ် စုံစမ်းမလဲတဲ့ ၊ ဖေဖေကလည်း သူ့သားနဲ့ တူတယ်ဆိုလို့ မျက်နှာမကောင်းရှာဘူး”

သားအမိနှစ်ယောက် မျက်နှာမကောင်းဖြစ်သွားကြရင်း ဖက်တုံးလေးကိုခွဖက်၍ ဖြူနေသော မွေ့ရာကြီးပေါ်မှာ ခွေခွေလေးအိပ်ပျော်နေသည့် သားလေးဆီကို လှမ်းကြည့်မိကြသည်။

ထို့နောက် ကြီးမားသော သားရေသေတ္တာကြီးထဲကို အဝတ်တွေ ခေါက်ထည့်နေသည့် မေ့မှုးကိုပြန်ကြည့်ကာ...

"မြေးလေးက တခွေခွေနဲ့ သမီးရယ်၊ ခရီးဝေးကြီးသွားလို့ တော်ပ့ါမလား၊ ပြီးတော့ မေမေတို့ မြေးလေးကို ကြာကြာမခွဲနိုင်ဘူးကွယ်"

"မကြာပါဘူးမေမေ၊ အလွန်ဆုံး တစ်လ၊ နှစ်လပါပဲ၊ အခုသားလေးက ဘာကျွေးကျွေး မစား ဘဲနေတယ်၊ ဘာပေးပေး မယူဘူး၊ မဆော့ဘူး၊ ဒါကိုပဲ တမ်းတမ်းတတဖြစ်နေတယ်၊ ဒီအာရုံတွေ ပျောက်သွားအောင် ခရီးထွက်မှ ကိုဖြစ်မှာ ပါ၊ ဒါမှ ဒီလူနဲ့ မဆုံဖြစ်အောင် ကာကွယ်ပြီးသားလည်း ဖြစ်မှာ "

"ဆုံစည်းထိုက်ကြတဲ့ ရေးရေစက်တွေများလား သမီးရယ်၊ ရုပ်ချင်း ဒီလောက်ချွတ်စွပ်တူပြီး သမီးနဲ့ ဆိုက်ဆိုက်မြို

က်မြိုက် လာဆုံတယ်၊ မြေးလေးကလည်း သမီးကို လက်ထပ်ချင်ကြလို့ အမျိုး မျိုး သိမ်းသွင်းကြတဲ့ အထဲမှာ ဘယ်သူ့ကိုမှ ခင်ခင်မင်မင် မဖြစ်ခဲ့ဖူးဘူး၊ သူ့ကိုကျမှ ..."

"ဒါကတော့ သူ့အဖေနဲ့ ရုပ်တူနေလို့ ပါ မေမေ၊ သားက ကလေးမို့ နားမလည်ပေမယ့် မေ့မှူးသိတယ်၊ ရုပ်ဘယ်လောက်ပဲ တူတူ မောင်ဟာ မောင်တစ်ယောက်ပဲရှိတယ်၊ ဘယ်တော့မှ နှစ်ယောက်ဖြစ် လာနိုင်မှာ မဟုတ်ဘူး ၊ သားရဲ့ အဖေဟာ ဘုန်းလက်ရုံး"

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည် ။

သူတို့ လည်း ပဲ သားလေးကို စွဲလမ်းတမ်းတနေကြသည် သာ။

သို့သော် ဘာမှ ပြန်လည်ရရှိလာမှာ မဟုတ်တော့သည့် အဖြစ်တစ်ခုကို တမ်းတ၍ ဘာမှ

ဖြစ်မလာနိုင်တော့ပြီကိုလည်း သိထားသည် ။ သားလေး ပြန်ရောက်မလာနိုင်တော့သည့် အဖြစ်မှာ ရောက်လာနိုင်ခဲ့သူကိုသာ စိတ်ဝင်စားနေကြသည် ။

သို့သော် ယခု ပြန်လည်ပေါ်ပေါက်လာခဲ့သူက ကိုယ့်သားအဖြစ် မဟုတ်ခဲ့ပြီမို့ မေ့မှုးဆုံးဖြတ်ရ မည့်ကိစ္စမှာ ဟန့်တားဖို့ မလိုသလို တိုက်တွန်းကောင်းတဲ့ အရာလည်း မဟုတ်။

သူတို့ အတွေးအမြင်အရတော့ဖြင့် မြေးလေးကို စိတ်ချမ်းသာစေချင်သည် ။

အရှည်သဖြင့် စိတ်ကူးစဉ်းစားဖို့ စိတ်မဝင်စားလျှင်တောင်မှ လောလောဆယ် ဆွေးနွေးပြော ဆိုနိုင်သည် ။

အကောင်းဆုံးကို ရွေးချယ်နိုင်မည်။

အမိကက သားလေးစိတ်ချမ်းသာဖို့ မဟုတ်

လား။

"မေမေ ပြောပါရစေဦးသမီးရယ်၊ သားအ ပေါ်မှာ မေမေ့ချွေးမက မေတ္တာထားတာကို မေ မေ တို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ လောလောဆ ယ် ဒီစိတ်နဲ့ မြေးလေးသာ တစ်စုံတစ်ရာ ထိခို က်သွားတော့မယ်ဆိုရင် သမီးတို့ မေမေတို့ ရဲ့ ဆန္ဒတွေ၊ ဝမ်းသာတာတွေဟာ ဘယ်သူ့မှာ အ ကျိုးဖြစ်သွားနိုင်မလဲ၊ သမီးက မြေးလေးကိုပါ ဥပေက္ခာထားပြီး ဆုံးဖြတ်တဲ့ အတိုင်း လုပ်မှာ ပဲလား"

"မေမေက ဘာကိုပြောတာလဲ"

"မြေးလေးအတွက် သမီးရဲ့ တင်းပြတ်နေ တဲ့ ဆုံးဖြတ်ချက်ကို နည်းနည်းတော့ပြင်လိုက် ပါ၊ သူ့အဖေနဲ့ သိပ်တူနေတဲ့ သူငယ်နဲ့ ပြောဆို ဆွေးနွေးပြီး..."

"ဝမ်းနည်းပါတယ် မေမေ၊ မေ့မှုးကိုခွင့်လွှ

တ်ပါ၊ သားကို ဒီလူနဲ့ နောက်ထပ် လုံးဝထပ်မ တွေ့စေရဘူး၊ သားလေး ဘာမှ မဖြစ်အောင် မေ့မှူး အတတ်နိုင်ဆုံးဆောင်ရွက်မယ်”

“ခုပဲ သမီးမတတ်နိုင်လို့ ထွက်ရတော့မယ် မဟုတ်လား၊ တကယ်လို့ ဒီခရီးက အကြောင်း မ ထူးခဲ့ရင် သမီးဘယ်လိုလုပ်မလဲ”

“မေ့မှူး ငေးခနဲဖြစ်သွားသည် ။”

နှုတ်ခမ်းပါးလေးအစုံက တင်းတင်းစေ့လျ က်သား...။

“မေမေက ဘာလုပ်ပါ ဘာကိုင်ပါလို့ မတို က်တွန်းပါဘူး၊ ဒါပေမဲ့ မေမေကိုယ်တိုင်က တော့ မြေးလေးအတွက်ဆိုရင် ဘာမဆို လိုက် လျောဖို့ အဆင်သင့်ပဲ၊ သမီးက ဝမ်းနဲ့ လွယ်မွေးခဲ့ရတဲ့ မိခင်ပဲကွယ်”

ဒေါ်ယဉ်မင်းစံ ဘာကိုဆိုလိုမှန်းသိပေမယ့် တိတိကျကျမရှိဘဲ ကွေ့ပိုက်ချည်တုပ်နေသည်

ကို မေ့မှုး မျက်မှောင်လေးကုတ်၍ နားထောင်နေမိ၏။

ဒါပေမဲ့ သားလေးကိုခေါ်၍ ဝေးရာလွင့်တော့ဖို့ အစီအစဉ်ကတော့ ခိုင်မာပြီးဖြစ်လေသည် ။

ထိုယောကျ်ားကို မြင်လိုက်သည် နှင့် ကတိမ်းကပါး လုပ်ခါသွားခဲ့သော တုန်လှုပ်မှုမျိုးကို နောက်တစ်ခါထပ်၍ မခံစားချင်တော့ပါ။

ပြီးတော့ သားလေး နောက်ထပ်တစ်ခါ ခံစားသွားစေနိုင်မည့် အဖြစ်မျိုးအားလုံးထပ်မဖြစ်ရ အောင် သူမ ကာကွယ်ရမည်။

သူမ၏ လုံးသားမှာ မောင်တစ်ယောက်ကိုသာ နေရာပေးထားပြီးသား...။

*

# အခန်း(၂၉)

"သားလေး ပြင်ဦးလွင်ကိုရောက်ပြီ သားရဲ့ ...ထကြည့်စမ်း သားလေး၊ ဟိုမှာ အရမ်းလှတာ ပဲ"

"သားသား အိပ်ချင်လို့ မေမေ"

သားကပေါင်ပေါ်မှာ ခေါင်းတင်မှေးမှိန်ရင်း လုံးဝမထဘဲနေ၏။

မေ့မှူး သားရဲ့ ပါးပြင်နုနုလေးကို တယုတယပွတ်သပ်ရင်း ကားဖြတ်သန်းလာခဲ့သော ပြင်ဦးလွင်ရဲ့ ရှုခင်းရှုကွက်များကို စိတ်မဝင်စားနိုင်တော့ပါ။

ဒါတွေဟာ 'သားဖေဖေ မသေပါဘူး' ဟု

ပြောခဲ့မိသော သူမအမှားပဲ ဖြစ်လေသည်။

တကယ်တော့ သားလေး အရွယ်ရောက်လာတဲ့ အခါ မောင့်အပေါ် တန်ဖိုးထား မြတ်နိုးခဲ့သည့် အကြောင်း နားလည်အောင် ပြောပြဖို့ဖြစ်သည်။

ခုတော့ သားလေးကို ပြောချိန်မတန်သေးဘဲ ရုတ်တရက်ဆိုးဝါးစွာ ပြောင်းလဲသွားသည့် အကြောင်းများကြောင့် အားလုံး ရှုပ်ထွေးကုန်ခဲ့ပြီ၊ ခဏလေးသာ မြင်လိုက်ခဲ့ရသော သူတစ်ယောက် အပေါ်မှာ သားဟာ အဖေဟု တပ်အပ်စွပ်စွဲလျက် ဒါကိုပဲ စားစရာထက် မက်နေသည်။

ကစားစရာထက် ပို၍ တမ်းတနေသည်။

ချစ်လှပါသည် ဆိုသော အမေကိုပါ ခပ်စိမ်းစိမ်း ခပ်မာမာဖြစ်လာခဲ့၏။

သူနဲ့ ဆုံခဲ့သည့် ထိုပန်းခြံကိုသာ သွားမည်ဖွ

တ်ပြော၍ ပို့ခိုင်းနေသည် ။

'ဖေဖေ့ကို ခေါ်ပေးပါ' ဆိုတာ အိပ်နေရင်း ကယောင်ကတမ်း ထအော်ငိုတဲ့ အထိ။

"လာ...သား...ပြီးကျရင် မေမေရယ် သားသားရယ် ဘုံပြတ်လေးငှားပြီး မြို့နဲ့ လျှောက်လည် မယ်၊ အခု ခရီးပန်းလာတယ်ဆိုတော့ ခဏနား ရေချိုးပြီး လှလှလေးတွေ ရွေးဝတ်မယ် ၊ ဟုတ်ပြီ လား"

ပြင်ဦးလွင်က အကြီးဆုံးဟိုတယ်ကြီးတစ်ခုမှာ တည်းဖို့ စီစဉ်၏။

သားကတော့ မေ့မှူးဘယ်ခေါ်ခေါ် လိုက်ပါလာ၍ နှုတ်ခမ်းလေးစူနေသည် ။ ဟိုတယ်မှာ မှတ်ပုံတင်နဲ့ စာရင်းပေး၍ အခန်းတစ်ခန်းယူပြီးတော့ ဝန်ထမ်းကောင်လေးက မေ့မှူးကို အခန်းသို့လိုက်ပို့ သည် ။

သို့သော် မှတ်ပုံတင်ကို ရေးမှတ်နေကြ

သော ကောင်တာနေရာမှ စာရေးမလေးသုံး ယောက်၏ ခပ်ဝိုင်းဝိုင်းငေးကြည့်နေကြသော အံ့သြသည့် မျက်လုံးလေးများက လက်ကရေး ချပေမယ့် မေ့မှူးမျက်နှာဆီက မခွာ။

လှလို့ ကြည့်တာမျိုးထက် ပို၍ အံ့သြနေဟ န်များကို မသက်ာဖြစ်မိရင်း ကျောခိုင်းခဲ့ပြီးမှ ဖျတ်ခနဲပြန်ကြည့်မိကြတော့ သူတို့ က မေ့မှူး ကျောပြင်ကို ကြည့်ကာ ခေါင်းချင်းရိုက်နေကြ သည် ။

သူခိုး လူမိသွားသလို အိုးတိုးအမ်းတန်း တွေဖြစ်ကာ လူချင်းခွဲကြတာကို ပြန်၍ ကျော ခိုင်းထားခဲ့ရင်း မေ့မှူး မကျေမနပ်ဖြစ်လာခဲ့၏ ။

ထိုစဉ် အပေါ်ထပ်ရောက်လို့ မှန်တစ်ဝက် ကန့်ထားသည့် အခန်းကျယ်ကြီးရှေ့မှ အဖြတ်

. . .

"ဟင်...ဟိုမှာ ...မေမေ့ ...မေမေ့ခါတ်ပုံ"

မှန်ချပ်ရဲ့ အတွင်းမှ နို့နှစ်ရောင် ကန့်လန့်ကာခန်းဆီးတွေ ကာထားတာပေမယ့် အတွင်းက လေအေးစက်ဖွင့်ထားတာကြောင့် လွန့်လူးနေသော ခပ်ဟဟ ခန်းဆီးစ အနားနှစ်ခုကြားမှ အထဲကို လှမ်းမြင်နေရသည် ။

တည့်တည့်က အတွင်းဘက်နံရံမှာ ဝေါလ်ရှိဆိုက်ခန့်ရှိသော ဓာတ်ပုံကြီးတစ်ပုံ။

ကျောပေး၍ ခပ်စောင်းစောင်းအနေအထားမှ ပခုံးစွန်းမှာ မေးဖျားလေးထိကပ်တော့မတက် မျက်လွှာပင့်၍ နောက်ကို လှည့်ကြည့်နေပုံ ဖြစ်၏။

မေ့မှူးတစ်ကိုယ်လုံး ရှိန်းဖိန်းသွားသည် ။

ဒါ...သူမရဲ့ ဓာတ်ပုံ။

ဝတ်ထားသည့်အဝတ်အစားနဲ့ ဖြစ်ခဲ့သည့်

နေ့က ပူပူနွေးနွေးကြီးမို့ မမှတ်မိစရာလည်း မရှိပေ။

"မေမေ...အဲဒါမေမေ့ပုံ မဟုတ်လားဟင်"

"တူတာပေါ့ သားရယ်၊ မေမေ့ပုံက ဒီကိုဘယ်လိုလုပ်ရောက်မှာ လဲ သားရဲ့ "

သားလက်ကလေးကို ဆွဲခေါ်လာရင်း မေ့မှူး မတွေးတတ်အောင် ဖြစ်နေမိသည် ။

ဒီပုံဟာ ကိုယ့်ဓာတ်ပုံမှန်းသိလျက်နဲ့ မယုံနိုင်အောင် ဖြစ်နေမိတာ ဘယ်လိုမှ ဖြစ်နိုင်ဖွယ် မရှိ၍ ဖြစ်သည် ။

ဒါဆို ပန်းခြံထဲက ဓာတ်ပုံရိုက်သွားသည့်လူ ဒီကိုရောက်နေသည် လား။

အို...မဖြစ်နိုင်တာ၊ ဘယ်လောက်ကြာသေးလို့ လဲ။

သူက ရန်ကုန်မှာ ပဲဟာ။

"ဒီ…ဒီမှာ မောင်လေး"

"ဗျာ…မမ…ဘာအလိုရှိပါသလဲ၊ လိုအပ်တာ ပြောနိုင်ပါတယ်"

ဝန်ထမ်းလေးက အခန်းကို သော့ဖွင့်ပေးနေရင်း တလေတစား လှည့်မေးသည်။

"ဟိုးထိပ်က မှန်တွေကာထားတဲ့ အခန်းက…"

မေ့မှူး ဆုံးအောင်ပင်မပြောရသေးမီ…

"အဲဒါ ကျွန်တော်တို့ သူဌေးရဲ့ အခန်းပါ၊ သူရောက်လာရင် အဲဒီမှာ နေပါတယ်"

"သူ…သူ…အခုရှိလားဟင်"

"ဟုတ်ကဲ့ ရှိပါတယ်၊ ဒါပေမဲ့ ခုမရှိပါဘူး၊ လုပ်ငန်းကိစ္စနဲ့ အပြင်ထွက်သွားပါတယ်"

"ဪ"

မေ့မှူးရင်ထဲမှာ လေးကျသွားလေသည်။

ဒီမာတင်ပုံ ဒီကို ဘယ်လိုပဲရောက်နေနေ သူ မဟုတ်ပါစေနဲ့ လို့ ဆုတောင်းရုံအပြင် ဘာမှ မ တတ်နိုင်တော့ပါ။

တကယ်လို့ သူဖြစ်နေခဲ့ရင် ဘယ်လိုလုပ်မ လဲ။

သူမ ဘယ်လိုမှ နေလို့ မရတော့။

သားလေးကို စမ်းသပ်၍ ရေချိုးလို့ ရလော က်မည် သေချာမှ ရေချိုး အင်္ကျီလဲပေးကာ စား သောက်ဖို့ ကို ခေါ်မရတော့ဘဲ အိပ်ရာပေါ်မှာ ဖွတ်ခွေနေသည် မို့ စောင်ပါးပါးလေးတစ်ထ ည် ထုတ်ခြုံ ပေးလိုက်သည် ။

"မေမေ"

"ဟင်...ဘာလဲ သား"

"မေမေ ဒီကို ဘာလာလုပ်တာလဲဟင်"

"သားသားနဲ့ မေမေနဲ့ လျှောက်လည်ဖို့ လေ

၊ ပန်းပင်လှလှလေးတွေ ရေတံခွန်ကြီးတွေ သား သား မကြည့်ချင်ဘူးလား”

“မကြည့်ချင်ဘူး၊ သားသား ဖေဖေနဲ့ ပဲ တွေ့ချင်တယ်”

“သားသားရယ်…အဲဒါ…သားဖေဖေမှ မဟုတ်တာ”

“ဒါဆို သားဖေဖေက ဘယ်မှာ လဲ၊ မေမေပဲ ဖေဖေက မသေဘူးဆို”

“ဟုတ်တယ်၊ ဒါပေမဲ့ သူက သားသားကြီး လာတော့မှ ပြန်လာမှာ သားသားရဲ့ ”

“ မဟုတ်ဘူး ၊ မေမေညာတာ၊ ဖေဖေက သားသားကိုချစ်လို့ အခုပြန်လာတာကို မေမေ က မခေါ်နိုင်းတာ၊ ဖေဖေလိုက်လာတာကို ပြန် လွှတ်လိုက်တာ၊ ဖေဖေနဲ့ ပဲ သားသားတွေ့ချင် တယ်၊ ဖေဖေနဲ့ လျှောက်လည်ချင်တယ်၊ ဖေ ဖေ့ကိုခေါ်ပေး”

"ဒါဖြင့် သားသားက မေမေ့ကို မလိုချင်ဘူး ပေါ့ ဟုတ်လား"

" မဟုတ်ဘူး ၊ သားသား ဖေဖေ့ကို မေမေ့ နားမှာ ခေါ်ထားမှာ သားသားနဲ့ လည်း တူတူ နေမယ်၊ မေမေနဲ့ လည်း တူတူနေမယ်၊ ဖေဖေ ရယ် မေမေရယ် သားသားရယ် တီကေရယ်၊ ဘွားဘွားရယ် အာလုံး တူတူနေချင်တယ်"

သားလေးက ဘာမှ မစား ပေးလို့ မယူပေမ ယ့် အဖေအကြောင်းပြောရမည်ဆို အားရပါးရ ပြောနေတတ်သည် ။

မေ့မှူး ရင်နင့်ကြေကွဲမိရတာက သပ်သပ်။

ဆိုးဝါးသည့် ကိုယ့်ရဲ့ ကံကြမ္မာကိုပဲ ဒေါသဖြစ် နာကြည်းခဲ့တာက သပ်သပ်။

သားလေး ဖခင်မဲ့ခဲ့ရသည့် အတိတ်ကြောင်းကို ဘယ်တုန်းကမှ ပြန်လှန် တွေးတော၍ နောင်တ မရခဲ့ဖူးပေမယ့် ခုလိုဖြ

စ်လာတော့ သူ့သားနဲ့ သူ့အဖေသာဆို ဘယ်လောက်ကောင်းမလဲဆို သည့် တမ်းတမှုတွေပါလာသည် ။ မောင့်ကိုသာ တမ်းတမိခြင်းပါ။

မောင့်အတွက် အချစ်တွေကို ပွေ့ပိုက်မိပြီးမှ ပေးခွင့်မရခဲ့လိုက်တာ မေ့မှုးရဲ့ အတ္တတွေပါ မောင်။

လူ့လောကထဲမှာ မောင့်ရင်သွေးလေး ကျန်ရစ်ခဲ့တယ်ဆိုတာတောင်မှ သိမသွားခဲ့ရှာတဲ့ မောင့်အပေါ်မှာ မေ့မှုး အတ္တကြီးခဲ့တာပါ။

ခုတော့ မောင့်သားလေးက အဖေကိုတမ်းတနေပြီ မောင်ရယ်။

*

## အခန်း(၃၀)

သားလေး အိပ်ပျော်သွားသည် မို့ မေ့မှူး အခန်းထဲက ထွက်လာခဲ့သည် ။

နံရံရဲ့ တစ်ဖက်မှာ အခန်းတွေချည်း နံပါတ်တွေနဲ့ ရှိနေတာမို့ ထိုအခန်းများကို ကျော်ဖြတ်ကာ ပတ်ဝန်းကျင်ကို ကြည့်မိ၏။

ညနေစောင်း ထမင်းစားချိန်မို့ အားလုံးနီးပါးက စားသောက်ခန်းသို့ ဆင်းနေကြပြီဖြစ်ကာ အခန်းတချို့မှာ သာ စကားပြောသံသဲ့သဲ့ ကြားရလျက် လှေကားထိပ်မှ ဆင်းသွားကြသည့် စုံတွဲတစ် တွဲရဲ့ ကျောပြင်ကိုသာ လှမ်းမြင်လိုက်ရသည် ။

စကြိုလမ်းတစ်လျှောက်မှာ လူသူကင်းရှင်း နေ၏။

မေ့မှူး စိတ်စောနေခဲ့သော မှန်လုံခန်းကြီး ဆီကိုသာ ဦးတည်လျှောက်လာခဲ့မိသည် ။

စောစောက ဓာတ်ပိတ်ထားသော်လည်း ခုကျ တော့ တံခါးရွက်က ပိတ်ထားပေမယ့် အတွင်း ခန်းဆီးတွေ သိမ်းဖယ်ထားတာတွေ့၏။

အထဲမှာ ကွန်ပျူတာတစ်လုံး တီဗွီ အောက် စက်များ နှင့် ရေခဲသေတ္တာအားလုံး သူ့နေရာနဲ့ သူ အကျအနရှိနေသည် ။

အထဲမှာ ဧည့်ခန်းသပ်သပ်ရှိနေကာ တစ် ယောက်ထိုင် ဆိုဖာတပ် ကျွန်းကုလားထိုင်လုံး ချော ကြီးတွေ ခြေထောက်ဖျားမှာ သာ လှပ သော ပန်းရုပ်ကြွများ ထွင်းထုထားတာဖြစ်သ ည် ။

ဆိုဖာများက နီရဲသော၊ တစ်ခန်းလုံးမှာ ခင်း

ထားသည့် ကော်ဇောကလည်း အနီရဲရဲမို့ တောက်ပ လှပနေ၏။

ကွန်ပျူတာခုံရဲ့ ရှေ့တည့်တည့်နံရံမှာ ဓာတ်ပုံကြီးကို ကပ်ထား၏။ သူမထင်ထားသလို သူဌေး ဆိုသူရဲ့ ဓာတ်ပုံဆိုတာမျိုး အစအနမျှ မတွေ့ရပါ။

ထိုသူဌေးဆိုသူကို မြင်ချင်သောစိတ်က အားလုံးထက် အရေးကြီးနေကာ မေ့မှုး ထိုအခန်းထဲ ကို ငေးကြည့်၍ အခန်းရှေ့မှာ မခွာဖြစ်ဘဲနေလေသည် ။

ဤသူ ဤနေရာမှာ ရှိနေပါမူ သူမ မည်သို့ ဆုံးဖြတ်ရမည်နည်း။

"ဘယ်လိုအကြံအစည်တွေနဲ့ ဒီလောက် ရပ်ကြည့်နေတာလဲ... အမိ"

"ဟင်"

မေ့မှူး နောက်မှ ကပ်ပါလာသောအသံကြောင့် တုန်ခနဲဖြစ်သွားကာ ကိုယ်ကို ကမန်းကတန်း လှည့်ပစ်လိုက်သဖြင့် ဖြန့်ချထားသည့် ဆံနွယ်ရှည်များ ဝေ့ခနဲနွဲ့ခါသွား၏။

"ရှင်...ရှင်"

အပြာရောင်စာတမ်းပါသော စပို့ရှပ်လက်တိုအနက် ဘောင်းဘီရှည်အနက်နှင့် လက်ထဲမှာ သော့တွဲတစ်တွဲ ဖိုင်တစ်အုပ်ကို ကိုင်ထားသော သူ့မျက်နှာက မေ့မှူးကိုတွေ့ပေမယ့် အံ့ဩပုံမရှိ။

မေ့မှူးမျက်နှာ ချက်ချင်း အရောင်ပြောင်းသွားသည် ။

"ရှင်...ကျွန်မတို့ သွားမယ့်နေရာမှာ ဘာဖြစ်လို့ ရှိနေတာလဲ ရှင့်မှာ ရိုးသားမှုမရှိနိုင်ဘူး၊ အဲဒါ ပြော..."

သူက ဖိုင်ကိုလက်နှစ်ဖက်နဲ့ ပွေ့ပိုက်လိုက်ပြီး ခပ်တည်တည် စိုက်ကြည့်သည်။

"နေပါဦး မင်းက တို့ ဆီရောက်လာတာလား၊ ကိုယ်က မင်းဆီလာတာလား၊ အဲဒါကို အရင် စဉ်းစားဦး"

မေ့မှုးမျက်နှာလေးတင်းသွားသည်။

"ရှင်က ဒီက သူဌေးဆိုတာလား"

"ကိုယ်ကတော့ ဒီလိုမသတ်မှတ်ပါဘူး၊ ဒါ ကိုယ့်ရဲ့ ပိုင်နက် တစ်ခုအဖြစ်ပါပဲ၊ ကိုယ့်စီးပွားလေ..."

"ကောင်းပါပြီ ဟိုဓာတ်ပုံကို ဒီလိုကပ်မထားပါနဲ့ ၊ ပိုင်ရှင်အနေနဲ့ ကျွန်မ သဘောမတူဘူး၊ အခု ဖြုတ်ပစ်ပါ"

"ဒါက ရန်ကုန်မှာ မင်းနဲ့ ကိုယ်

"ရှင်… ခုမှ အူကြောင်ကြောင်လုပ်မနေနဲ့နော်၊ ရှင့်လိပ်စာက ရန်ကုန်မှာ ၊ ရှင် ရန်ကုန်မှာ နေ တာ၊ ခုမှ ဒီကိုချက်ချင်းရောက်လာတာ၊ အဲဒါ မရိုးသားတာပဲ"

"ကိုယ့်ကို ရန်ကုန်ကလို့ မင်းကို ဘယ်သူပြောလဲ၊ ကိုယ်ကပြင်ဦးလွင် ဇာတိ၊ ဒါပေမဲ့ မန္တလေးမှာ နေတယ်၊ ကိုယ့်နာမည် ပိုင်ရှင်၊ M.Sc ဘွဲ့ရပြီးပြီ၊ မိဘနှစ်ပါးလုံးရှိတယ်၊ နိုင်ငံခြားမှာ ၊ အဲ ကိုယ်ကလူပျို၊ ရည်းစားတစ်ယောက် ထားဖူးတယ်၊ ကိုယ် ဂျပန်ကို သုံးနှစ်ကျော်ရောက်သွားတော့ ပြတ်သွားတယ်"

"ရှင်…ရှင့်ကို ဘယ်သူက ရိုက်စစ်နေလို့ လဲ"

"ရိုက်စစ်လည်း ၊ ကိုယ်က ဖြေချင်မှ ဖြေမှာ ၊ မင်းကိုတော့ ပြောချင်လို့ လေ၊ မင်းပဲ စွပ်စွဲထား တာမဟုတ်လား၊ ရန်ကုန်ကိုသွားတာက

စီးပွားတစ်ခု အခြေတည်မလားလို့ သွားလေ့လာတာ၊ တစ်ပတ်ပဲ ကိုယ်နေခဲ့တာ၊ မယုံဘူးလား"

"ယုံယုံမယုံယုံ ရှင့်ဘက်က ရိုးသားစမ်းပါ၊ ကျွန်မသားလေးကို တွေ့ရင် ရှင် လုံးဝနှုတ်မဆက် ပါနဲ့ "

ပိုင်ရှင်က ဟက်ခနဲရယ်သည် ။

"ကိုယ်က မြင်မြင်ချင်း ချစ်မိသွားတာ"

"ဘာပြောတယ်"

"ကလေးကိုပြောတာ၊ မင်း မပါဘူး"

"ရှင်နော်"

မေ့မှူးပါးပြင်လေးနှစ်ဖက် နီရဲလာတာကို သူက စိမ်ပြေနပြေ စိုက်ကြည့်နေကာ...

"ကိုယ်က စိတ်မြန်လက်မြန်သမား၊ စိတ်ကူးလိုက်တာနဲ့ အကောင်အထည်ဖော်ပြီးသား

ပဲ၊ ရန်ကုန်ကနေ ပြင်ဦးလွင်ကို ချက်ချင်းရော က်လာတာ မဆန်းပါဘူး”

သူဘာပြောပြော အဓိပ္ပာယ်ပေါင်းများ စွာ ပြည့်နှက်နေသည့် သူ့မျက်ဝန်းစူးစူးများကို မေ့မှူး မယုံကြည်ဘဲဖြစ်နေသည် ။

သို့သော် ကိုယ့်ဘက်က ပြောစရာလည်း ဘာမှ မရှိတော့သဖြင့် သူ့ကို စူးစူးရဲရဲစိုက်ကြ ည့်လိုက်ပြီး နေရာမှ လှည့်ထွက်လာခဲ့မိ၏။

ဒါဟာ မရိုးသားခြင်းဆိုတာကို စိတ်က ခံစားမိနေပေမယ့် ဆုပ်ကိုင်ပြစရာ ဘာမှ မရှိ။

တစ်ခုပဲရှိသည် ။

မေ့မှူး ထိုအရပ်မှ ခွာရပေဦးမည်သာ။

သားလေးကိုခေါ်ပြီး ပြေးပေဦးတော့ မေ့မှူးရယ်...။

*

## အခန်း(၃၁)

"သားသားတို့ ဘယ်သွားဦးမှာ လဲ မေမေ၊ သားသား အိမ်ပြန်ချင်တယ်"

"သားရယ်"

"သားသား ဖေဖေနဲ့ ပဲတွေ့ချင်တယ်၊ အိမ်ပြန်ပို့ပေးပါ မေမေရယ်၊ သားသား အိမ်ပြန်မယ်၊ ဟီး...ဟီး"

မေ့မှူး အဝတ်တွေသိမ်းဆည်းနေတာမြင်တော့ သူ့ကို တခြားတစ်နေရာ ခေါ်သွားဦးမှန်းသိ ကာ သားက ငိုတော့သည်။

မေ့မှူး ပျာပျာသလဲဖြစ်လျက် သားလေးကို ချော့၏။

ဒါပေမဲ့ သားက ဘယ်လိုမှ ချော့မရဘဲ တအားငို၍ ပြန်ဖို့ ပဲဇွတ်ဖြစ်လာသည် ။

ဟိုလူ ဒီရောက်နေပြီဆိုတော့ ရန်ကုန်ပြန်ဖို့ကို မေ့မှူး ဆုံးဖြတ်လိုက်၏။

သားလေး ပင်ပန်းမှာ စိုးသည် မို့ နှစ်ရက်သုံးရက်တော့ ချော့မော့ထားခဲ့ရသည် ။

ထိုရက်များမှာ သားကို အပြင်မထုတ်ဘဲ စားစရာကို သူမ ကိုယ်တိုင်ပင် အခန်းထဲမှာ ပဲ စားသည် ။

ညဘက် အပြင်ဝရန်တာမှာ သားအမိ ခဏ ထွက်၍ ပြီးတော့ အခန်းထဲပြန်ဝင်။

ပိုင်ရှင်နဲ့ မတိုးမိအောင် ဂရုစိုက်ရှောင်ခဲ့၏။

သွားမည့်နေ့ တစ်ရက်ကြို၍ ကားလက်မှတ်သွားဖြတ်တော့...

"သုံးရက်လောက် ဘိုကင်လုပ်ထားရတာ

အစ်မရဲ့ ၊ ခုံကပြည့်သွားပြီ"

လက်မှတ်နှစ်စောင်ကို ဘယ်လိုမှ ဝယ်လို့မရ။

နောက်နေ့အတွက် တစ်ရက်ကြိုတာတောင် ဝယ်မရတော့။

ဘယ်ကားမှာ မှ မရှိတော့၊ မေ့မှူး စိတ်ညစ်ညူးစွာ တွေဝေနေမိဆဲ…။

"အုံနာခုံနှစ်လုံးတော့ရှိတယ်၊ အစ်မ တစ်လုံးပဲရမယ်"

"နှစ်လုံးလုံး မရဘူးလားဟင်၊ ကျသလောက် တို့ ပေးပါမယ်"

"မရဘူးအစ်မ၊ အဲဒါတောင် သူ အရေးပေါ်ထွက်လာရင် ကျွန်တော်တို့ အဆူခံရဦးမှာ ၊ ဒါပေမဲ့ သူမပါနိုင်ပါဘူး၊ အစ်မ ခုံတစ်လုံးကို အလကားသုံးလို့ ရပါတယ်"

ဟိုတယ်မှာ တစ်ရက်မှ မနေချင်တော့တာ မို့ မေ့မှူး ခုံတစ်လုံးစာကိုပဲ ဖြတ်လိုက်သည် ။

ကိုယ့်ကိုယ်ကို ဘာတွေလျှောက်လုပ်နေမိမှ န်းပင် မသိတော့ဘဲ အချိန်ကျတော့ ဘုံပြတ်လေး ငှား၍ ကားဂိတ်သို့ ထွက်လာခဲ့ရပြန်သည် ။

သားလေး မျက်နှာခပ်ချောင်ချောင် ခပ်နွမ်းနွမ်းလေးကို ငုံ့တကြည့်ကြည့်နှင့် ခရီးထွက်ခဲ့မိတာ မှားပြီလား တွေးမိပြန်၏။

တစ်သက်လုံး နောင်တဆိုတာ ဘာမှန်းမသိခဲ့သမျှ သားလေးအတွက် တွေဝေတက်လာခဲ့ သည် ။

"သားသား...သားသားပြန်ချင်တယ်ဆိုလို့ မေမေပြန်ရမှာ နော်၊ လမ်းမှာ မုန့်တွေ အများကြီး စားရမယ်၊ ရယ်စရာတွေ ပျော်စရာတွေဆို ထကြည့်ရမယ်...ကြားလား"

“မေမေက သားသားကို ဖေဖေနဲ့ တွေ့ခိုင်းမှာ လားဟင်”

မေ့မှူး မျက်ခုံးလေးတွန့်သွားမိသည်။

သားလေးက ကျန်းမာရေးမကောင်းသေးသည် မို့ တင်းတင်းမာမာ မပြောရက်နိုင်။

“ဟင်လို့ မေမေ သားသားနဲ့ ဖေဖေ တွေ့ရမှာ လားဟင်”

“အင်း…ဒီတစ်ခါ သူအိမ်ကိုရောက်လာရင် မေမေ မတားတော့ဘူး”

“တကယ်”

“ဟေး…”

ချက်ချင်း ရွှင်မြူးသွားသည့် သားမျက်နှာလေးက အပြောင်းအလဲမြန်ဆန်စွာ။

ရန်ကုန်မှာ အဖေဆိုတာကို တမျှော်မျှော်ဖြစ်နေရှာဦးမည်လား။

မေ့မှူးရင်ထဲမှာ ကျပ်ခဲလျက် လူတွေတက်နေကြပြီဖြစ်သော ရှေ့ဆုံးမောင်းသူဘေးက ဆိုဖာခုံ အကျယ်ကြီးကို ရောက်လာတော့ သက်ပြင်းမောကြီးကို ချလိုက်မိသည်။

လူစုံတော့ အားလုံးစစ်ဆေးပြီး ကားထွက်သည်။

အုံနှာမပါတော့သည့် မို့ သားအမိနှစ်ယောက် ကျယ်ကျယ်ဝန်းဝန်း ထိုင်ကာ စိတ်ချလက်ချဖြစ် သွားတုန်း မြို့ကထွက်ခါနီးမှာ ကားရပ်သွား၏။

ဘာကြောင့်ဆိုတာ ခေါင်းထောင်မကြည့်ဖြစ်သေးမီ ဘေးက အော်တိုတံခါးကြီးက ဂျိုင်းခနဲ ပွင့်သွား၏။

မေ့မှူး အမှတ်တမဲ့ငဲ့အကြည့်...

"ဟင်"

"ဟာ...ဖေဖေကြီး"

စီးကရက်ကို လမ်းပေါ်ပစ်ချ နင်းချေပြီးမှ ပိုင်ရှင်က ကားပေါ်တက်လာသည်။

သူ့ပခုံးတစ်ဖက်မှာ လှပသော သားရေအိတ်ရှိ့ သေးသေးလေးကိုသာ ချိတ်ထားသည်။

"ဖေဖေကြီး"

"သားသား နေကောင်းလား"

အတင်းခုန်ထ၍ လည်ပင်းကို ဖက်ထားလိုက်သည့်သားကို သူက ပြန်၍ ပွေ့ဖက်ကာ ပါးမို့မို့ လေးကို နမ်းလိုက်သည်။

သားလေးက သူ့ရဲ့ ပါးမြိုင်းမွေးထင်နေသော မေးဖျားနဲ့ လည်တိုင်ကို တရှုတ်ရှုတ်နမ်းနေကာ

"ဖေဖေကြီးက သားသားဆီလာတာလား... ဟင်"

"အင်းပေါ့သားရဲ့ "

ပိုင်ရှင်က သားကိုရင်ခွင်ထဲ ပြောင်းပွေ့ကာ ထိုင်ခုံတစ်ဖက်မှာ ထိုင်ချလိုက်စဉ် ကားက စ တင်ထွက်ခွာလေသည် ။

နှစ်ယောက်ခုံမှာ သူ့ကိုယ်ကြီးနဲ့ ထိုင်ချလိုက်တော့ မေ့မှူးနဲ့ ပခုံးချင်းထပ်သွားသည် ။

အံ့သြတာတွေ ဒေါသဖြစ်တာတွေ စုပြုံကျပ်ခဲကာ မေ့မှူး ရုတ်တရက် ဘာစကားမှ ပြောမထွက်။

ဘေးက ခရီးသည် တွေကတော့ မိသားစုလေးတစ်စုလို့ ထင်ကြတော့မည်။ ခုကျမှ သားကို အတင်းဆွဲခေါ်လို့ လည်း မဖြစ်။

ကြည့်နေလိုက်ဖို့ လည်း စိတ်က ဘယ်လိုမှ လက်မခံနိုင်။

မေ့မှူး သူ့လက်မောင်းကို ထု၍ တွန်းပစ်လို

က်သည္ ။

"ပိုင္ရွင္"

"ဘာလဲ"

"ရွင္...ဒီေလာက္ထိ အၾကံႀကီးရသလားဟ
င္"

"ေမေမ ေဖေဖက ဘုန္းလက္ရံုးေလ"

သူက သားကို ခပ္တင္းတင္းဖက္၍ နား
နားကပ္ကာ...

"ေဖေဖက ဒီမွာ နာမည္ေျပာင္းထားတာ
သားရဲ႕ ၊ ပိုင္ရွင္တဲ့ "

ၾကည့္စမ္း သူ႕ကိုယ္သူ ေဖေဖတဲ့ ။

ေမွ့မွ်ဳးႏွုတ္ခမ္းေလး တဆတ္ဆတ္လႈပ္ခ
တ္ေနသမွ် သူက ခပ္တည္တည္ မသိသလိုၾက
ည့္ သည္ ။

"မင္းေလွ်ာက္ေျပးေနသမွ် ကေလးက ဒုကၡ

က်သည္ ။

"ပိုင္ရွင္"

"ဘာလဲ"

"ရွင္...ဒီေလာက္ထိ အႀကဲႀကီးရသလားဟ
င္"

"ေမေမ ေဖေဖက ဘုန္းလက္ရုံးေလ"

သူက သားကို ခပ္တင္းတင္းဖက္၍ နား
နားကပ္ကာ...

"ေဖေဖက ဒီမွာ နာမည္ေျပာင္းထားတာ
သားရဲ႕ ၊ ပိုင္ရွင္တဲ့ "

ၾကည့္စမ္း သူ႕ကိုယ္သူ ေဖေဖတဲ့ ။

ေမ့မွဴးႏႈတ္ခမ္းေလး တဆတ္ဆတ္လႈပ္ခ
တ္ေနေသမွ် သူက ခပ္တည္တည္ မသိသလိုၾက
ည့္ သည္ ။

"မင္းေလွ်ာက္ေျပးေနသမွ် ကေလးက ဒုကၡ

ရောက်တော့မှာ လေ၊ ကလေးအတွက် ကိုယ်ပူတာ ”

“ပူစရာမလိုပါဘူး၊ သားက ရှင်နဲ့ ဘာဆိုင်လို့ လဲ၊ ပိုင်ရှင်...ရှင် ဒီလောက်ထိ မွေ့နှောက်ဖို့တော့ မကောင်းပါဘူး၊ ကျွန်မ သားလေးကို ဒုက္ခမပေးပါနဲ့ ”

သားက သူ့လည်ပင်းကို တင်းကျပ်စွာခိုဖက်ထားကာ...

“မေမေနော်...ဖေဖေ့ကို မပြန်ခိုင်းရဘူး၊ သားသား ဖေဖေနဲ့ နေမှာ ”

မေ့မှူး မျက်လုံးလေးဝိုင်းနေဆဲ...

“သားရဲ့ အနားမှာ ကိုယ်ရှိဖို့ လိုအပ်တယ်လို့ မင်း မတွေးမိဘူးလား”

“မတွေးဘူး...မသိဘူး၊ ရှင့်ကိုပဲ မုန်းတယ်”

“မင်းကိုလည်း မချစ်ခိုင်းပါဘူး၊ ဘုန်းလက်

ရုံးက မင်းဆီက လိုချင်တာတွေ သိပ်များ ခဲ့လို့ သူက ချည်းပဲပေးခဲ့ရတာ၊ ကိုယ်ကတော့ မပေး ဘူး၊ မင်းဆီကလည်း မတောင်းဘူး၊ ဒါပေမဲ့ မ င်းရယ် ကိုယ်ရယ် သားရယ် သုံးယောက်က တော့ အတူရှိမှ ဖြစ်မယ်”

“ရှင်...”

သူကနှုတ်ခမ်းလှုပ်ရုံမျှ ပြုး၍ ...

“ဟုတ်တယ်လေ၊ မပေးချင်တာကို မယူကြေးပေါ့၊ ကိုယ့်ဘက်က ချစ်လှပါချေရဲ့ ဆိုလည်း ၊ မင်းက သံသယမျက်လုံးကြီးနဲ့ ကြ ည့်မှာ ပဲ မဟုတ်လား၊ ဘာဖြစ်ဖြစ် ကိုယ်က တော့ ခပ်ပျော့ပျော့ မတွေးဘူး၊ ကြိတ်မှ တ်ကြေကွဲတာ ဝါသနာ မပါဘူး၊ ရော့ပတ္တမြား ...ရော့နဂါးပဲ”

ပြောပုံက ခပ်ကြောကြော။

မျက်ဝန်းမှာ လှောင်ရိပ်မရှိဘဲ စေ့ထားသ

ည့်နှုတ်ခမ်းအစုံက ပြုံးတော့မလို မဲ့တော့မလို နှင့် မေ့မူးကို စူးစိုက်ငုံ့ကြည့်သည် ။

ပျော့ပျောင်းမှုမရှိသော လူကြီးနှစ်ယောက်ရဲ့ အနေအထားကို ကလေးပေမယ့် သားက အကဲ ခတ်မိသွားကာ ပိုင်ရှင့်မျက်နှာကို သူ့ဘက် ဆတ်ခနဲဆွဲလှည့်၍ ...

"ဖေကြီး"

"ဘာလဲ...သား"

"မေမေနဲ့ ရန်ဖြစ်နေတာလားဟင်"

"မဖြစ်ပါဘူး သားသားရဲ့ "

"သားသားနဲ့ နေမှာ မဟုတ်လားဟင်၊ ပြန်ထွက်မသွားတော့ဘူး မဟုတ်လား"

"မသွားတော့ဘူး၊ တစ်သက်လုံးနေမှာ "

"မေမေက ပြန်လွှတ်ရင်လည်း မပြန်ရဘူးနော်"

"သူပြန်လွှတ်လည်း သားသားကလိုက်ချင်ရင် ဖေဖေက ခေါ်သွားမှာ ပေါ့"

"အို"

မေ့မှူး ဆတ်ခနဲ တုန်သွားသည်။

ဒီလိုကျတော့လည်း သားက ဝမ်းသာအားရ ဖြစ်သွားပုံမရှိရှာဘဲ...

"ဖေဖေက သားသားကို မချစ်ဘူးလား"

"ချစ်တာပေါ့ သားသားရ"

"မေမေ့ကိုရော မချစ်ဘူးလား"

"ချစ်တယ်"

မေ့မှူး မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်သည်။

"ဒါဆို မေမေ့ကိုလည်း မထားခဲ့နဲ့ ပေါ့၊ သားသားက ဖေဖေနဲ့ ရော၊ မေမေနဲ့ ရော အတူတူ နေချင်တာ"

"သားသား...မေမေ့ကို မေးကြည့်ပါဦး၊ ဖေဖေ့ကို လက်ခံမှာ လားလို့ "

မေ့မှူး နှုတ်ခမ်းလေးကိုက်၍ သူ့ကို မော့ကြည့်လိုက်မိသည်။

သူက သားနဲ့ ပါးချင်းကပ်ထားလျက် မေ့မှူးကို မချိုမချဉ်ကြည့်သည်။

မောင့်ပုံစံ မောင့်ရဲ့ မျက်နှာမျိုးကို သူ တမင် ဖန်တီးနေလေသလား။

"မေမေ့"

သားလေးက အလိုက်ကမ်းဆိုးမသိစွာ ခေါ်ပြီး...

"ဖေဖေ့ကို မေမေပဲချစ်တယ်ဆို၊ ဖေဖေ့ကို နှင်မလွှတ်တော့ဘူးဆို၊ ဟင်...မေမေ၊ ဖေဖေ့ကို လက်ခံမှာ မဟုတ်လားဟင်"

သားမျက်နှာလေးကို ကြည့်၍

လွန်ခဲ့ကျွံခဲ့ပြီးသော ကိုယ့်စကားနဲ့ ကိုယ် ဘယ်လိုပြန်ပြောရ မှန်းမသိဘဲ ဆွံ့အသွားခဲ့သည် ။

သူက သားကို တစ်ဖက်က ပွေ့ထားလျက်နှင့် ပေါင်ပေါ်မှာ တင်ထားသည့် မေ့မှူးရဲ့ လက်သီး ဆုပ်လေးကို ဆုပ်ကိုင်လိုက်သည် ။

ဆတ်ခနဲ ပြန်ရုန်းပေမယ့် သူက တင်းကျပ်စွာ ဆုပ်ကိုင်ထားကာ...

"ဖြေလေကွာ၊ သားမေးနေတာ ကြားလား"

"ရှင့်ကိုရှင် မောင်နဲ့ သိပ်တူတယ်ဆိုပြီး အခွင့်အရေးယူဖို့ ကြိုးစားနေတာလား ပိုင်ရှင်"

"နိုး...လုံးဝ မဟုတ်ဘူး ၊ ကိုယ်က ဘုန်းလက်ရုံးနဲ့ လူတူပေမယ့် စိတ်မတူဘူးနော်၊ အဲဒီလို မင်းသဘောထားရင် မှားသွားပြီ"

"ဒါဆို ရှင် ဘာကိုရည်ရွယ်ထားတာလဲ၊ သားလေးနဲ့ ကျွန်မကြားမှာ သောကတွေဖြစ်

လာ အောင် ရှင်ဘာဖြစ်လို့ ဖန်တီးနေတာလဲ"

"မေမေ...မေမေ ဖေဖေ့ကို မဆူပါနဲ့ ၊ ဖေဖေကြီး..."

"ဗျာ"

"မေမေနဲ့ ရန်မဖြစ်ဘူးဆို မေမေကို ချစ်တယ်ဆို"

သားက အကျယ်ကြီးပြောနေတာဖြစ်သည် ။

သူက သဘောကျစွာရယ်လျက် မေ့မျှးကို စိုက်ကြည့်နေတာက အနေခက်ရလေသည် ။

နံဘေးမှာ ကားမောင်းနေသည့် ဒရိုင်ဘာက ပြုံးတုံးတုံးနှင့် မရယ်မိအောင်ထိန်းချုပ်ထားရပုံ။

သားက ကလေးပီပီ သူ့မျက်နှာကို ပွတ်သပ်မော့စေ၍ တရှိုက်ရှိုက်နမ်းရှုပ်ကာ...

"ဟင်...ဖေဖေ မေမေ့ကို ချစ်တယ်ဆို"

"ချစ်တာပေါ့ သားရ၊ သားသားမေမေက သာ ဖေဖေ့ကို ဒေါသတွေကြီးနေတာ"

"ရှင်...ဘယ်လိုဖြစ်နေတာလဲ"

သူက မေ့မှူးလက်ကို ဘယ်လိုပဲကြိတ်ရုန်းရုန်း အတင်းအကျပ် ဆုပ်ကိုင်ထားလျက်နှင့် လှပ သော မျက်တောင်ကော့လေးတွေနားထိ သူ့မျက်နှာကို ငုံ့ချတိုးကပ်၍ ...

"ဒေါက်တာ ချစ်ရိပ်မေ့မှူး..."

မေ့မှူး မျက်နှာလေးတိမ်းဖယ်၍ သူ့ကို မော့ကြည့်မိသည်။

မေ့မှူးအကြောင်း သူအားလုံးသိနေခဲ့သည့် အဖြစ်ဟာ ဒီအခြေအနေအားလုံးကို သူပဲ ဖန်တီးခဲ့ ကြောင်း သက်သေပြနေသည့်နှယ်။

သူ့မျက်နှာသည် နူးညံ့နေသော်လည်း အော

က်မေးဖျားလေးသာ လှုပ်ခတ်ပြုးတတ်သော သွန္နှုတ်ခမ်းများက ဒူးထောက်အောက်ကျလိုခြ င်း ကင်းလျက်။

“ဒေါသတွေ သိပ်ဖြစ်မနေပါနဲ့ ၊ ချစ်ကြည့် လိုက်ရင် အားလုံး အဆင်ပြေသွားမှာ ပါ၊ ဘ ယ်လိုလဲ”

“ရှင်ဟာလေ”

“ဟေး”

သူက ဟင့်ခနဲရယ်၍ မေ့မှူးကို ပခုံးနဲ့ တို က်ပစ်သည် ။

ဘာမှန်းမသိဘဲ သားက ဟက်ဟက်ပက်ပ က်လေး ရယ်ကာ လက်သီးလေးဆုပ်၍ မြှော က် ထားလိုက်သည် ။

မြူးပျော်နေသည့် သားလေးရဲ့ အသံကြော င့် မေ့မှူး မျက်လွှာချ ပင့်သက်လေးရှိုက်သည် ။

အရာရာကို သားလေးအတွက်
ပုံပေးခဲ့ပြီးဖြစ်သည် ဆိုလျှင်...

ပရိသတ်အတွက်

အမြဲတမ်း ဗျူး

*